
www.burmeseclassic.com

# သျှိး

လမ်းပေါ်မှာ



www.burmeseclassic.com

www.burmeseclassic.com

ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ
ဒေါ်မြင့်မြင့်ရီ (မြ-၀၄၅၀၆) (ဖျူးစာပေ)
အမှတ်- ၅၂၀(က)၊ အင်းဝ (၄)လမ်း၊
(၆) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။
အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်
ဦးတျင်ရင် (မြ-၀၅၄၁၇) (ရွှေခြသေ့ပုံနှိပ်တိုက်)
အမှတ် (၁၂)၊ သရဖီလမ်း၊ စော/နောက် ရပ်ကွက်၊
အလုံမြို့နယ်၊ ရန်ကုန်မြို့။
မျက်နှာဖုံးဝန်းအို
သိန်းရွှေကြည်
အတွင်းဖလင်
တိုပေါက် ☎ ၀၉ ၄၂၀၂၄၃၃၂၂
ပုံနှိပ်ခြင်း
ပထမအကြိမ်၊
၂၀၁၄ ခုနှစ်၊ ဩဂုတ်လ
တန်ဖိုး - ၁၀၀၀ ကျပ်၊ အုပ်ရေ - ၅၀၀
ဖြန့်ချိရေး
ဖျူးစာပေ
၀၉ ၅၀၃၀၁၀၆၊ ၀၉ ၅၁၈၅၀၈၄ ၀၁ ၈၅၀၀၆၉၆

| |
|---|
| ၈၉၅- ၈၃ |
| သို့ |
| လမ်းပေါ်မှာ |
| ဖျူးစာပေ ၊ ၂၀၁၄။ |
| ၂၂၄ - စာ ၊ ၁၂ × ၁၈ စင်တီ။ |
| (၁) လမ်းပေါ်မှာ |

## အခန်း (၁)

ကြမ်းပြင်ကိုနားကပ်ကာ လဲလျောင်းနေသော ခါတော်မှီနားစည့်ထဲသို့ လူသုံးလေးငါးဦးခန့်ရှိမည့် ခြေသံများတိုးဝင်လာသည်။

မျက်လုံးတို့ ဖျတ်ခနဲဖွင့်ကာ ခေါင်းထောင်ပြီး အသာနားစွင့်လိုက်သည်။

ဖေဖေများလား။ ထုံးစံအတိုင်း ညအချိန်မတော်မူးပြီး ပြန်လာ၍ အပေါင်းအသင်းများက အိမ်အရောက် ပြန်လိုက်ပို့ခြင်းလား။

ဒါမှမဟုတ် ဖဲဝိုင်းကနေထလာပြီး အိမ်မှာဝိုင်းဖွဲ့သောက်ကြဖို့ သူငယ်ချင်းတွေကို ခေါ်လာတာများလား။ လားပေါင်းများစွာက အတွေးတွေကို ဖောချနိုင်းနေစဉ် တံခါးခေါက်သံသုံးလေးချက်ဆင့်၍ ထွက်ပေါ်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



ဖေဖေများလားဟု အတွေးရောက်နေပေမယ့် စိတ်ထဲမှာ တစ်စုံတစ်ရာတစ်ဆို့နေသလိုရှိပြီး ထိုတစ်စုံတစ်ရာသည်ပင်လျှင် ဘာလဲဟု မဝေခွဲတတ်ခဲ့။

ဘဝမှာဒုက္ခပေါင်းစုံနှင့် သုခမရှိသလောက် ခံစားနေရသော သူသည် ခါတော်မှိုပင်ဖြစ်သည်။

"ဒုန်း ဒုန်း ဒုန်း ဒုန်း"

"ဘယ်သူလဲ"

ကိုယ်ပေါ်မှ စောင်ကိုခပ်ဆတ်ဆတ်ဖယ်ချပြီး အိပ်ရာပေါ်မှ ငေါက်ခနဲထကာ အသံလှမ်းပြုလိုက်သည်။ တံခါးခေါက်သံမှလွဲ၍ ပြန်ဖြေသံမကြားရ။

သေချာပြီ ဒါဟာ အဖေပဲဖြစ်သည်။ တံခါးဆီသို့ လျှောက်လာလိုက်သည်။

ခါတော်မှိုတို့အိမ်လာသော အဖေအပေါင်းအသင်းမိတ်ဆွေမှန်သမျှ ခါတော်မှိုက အထဲမှ ဘယ်သူလဲဟုမေးတိုင်း ဦးဘယ်သူပါ၊ ဒေါ်ဘယ်သူပါဟု အသံပြုဖြေကြားတတ်သည်။

အဖေကတော့ လုံးဝမဖြေ။ တံခါးကိုပဲ တွင်တွင်ခေါက်တတ်သည်။

သုံးလေးရက် ခရီးထွက်ရမည်ဟုပြောပြီး အထုပ်အပိုးတွေနှင့် ထွက်သွားသော အဖေ ဘာကြောင့်များ ပြန်လာပါလိမ့်။ မသွားဖြစ်ဘူး ထင်သည်။





တံခါးချက်ကို ဖွင့်ပြီးအိမ်ပြင်ကို ကဲကြည့်လိုက်သည်။

"ဟင်"

ဖေဖေမဟုတ်ဘဲ မျက်နှာစိမ်းသော လူကြီးတစ်ဦးနှင့်လူလတ်ပိုင်းအရွယ် မိုက်တိမိုက်ကန်း လူလေးယောက်ခန့် အိမ်ရှေ့မှာရပ်နေ၏။

"ကလေးမ ညည်းအဖေရော"

"မ မရှိဘူး"

"မလိမ်နဲ့ သူ့ကိုဒီည မတွေ့တွေ့အောင် ရှာမယ်ဆိုပြီး ညအချိန်မတော် လာစောင့်ဖမ်းတာ"

အထက်စီးနင်းဆန်သောလေသံဖြင့် ခပ်တင်းတင်းပြောလာသော လူကြီးသည် ရဲတော့မဟုတ်နိုင်။ လူဆိုးဂိုဏ်းခေါင်းဆောင်ကြီးလို ရက်စက်ကြမ်းကြုတ်ဟန်ရှိသည်။

ခါတော်မှို မဝံ့မရဲကြည့်လိုက်ပြီး

"ဦး ဦးလေးတို့က ဘယ်သူတွေလဲ ဖေဖေ့ကိုဘာကြောင့် ရှာနေတာလဲ၊ ခါတော် ဦးလေးတို့ကို မသိဘူး"

"ငါတို့ကို နင်သိဖို့မလိုပါဘူး။ ငါတို့သိဖို့လိုတာ နင့်အဖေ ဘယ်မှာရှိတယ်ဆိုတာပဲ"

"ဖေ ဖေဖေ တကယ်မရှိတာ"

"နင်မလိမ်နဲ့ နင်ပါကြိုရာပါဖြစ်သွားမယ်၊ နင့်အဖေ ငါတို့ဆီက ယူထားတဲ့အကြွေးတွေက သိန်းရှစ်ရာကျော်ရှိသွားပြီ၊ ဒီငွေတွေကို အချိန်မီ ပြန်မဆပ်နိုင်လို့ ရှောင်နေတာ"



www.burmeseclassic.com

www.burmeseclassic.com



"ရှင် သိန်း သိန်းရစ်ရာကျော် ဟုတ်လား"

အံ့ဩလွန်း၍ ခြေအစုံပင်အနောက်သို့ ယိုင်နဲ့သွားကာ အသံတွေပင် တုန်ခိုက်သွား၏။ သိန်းရစ်ရာကျော်အထိ အကြွေးတင်ရအောင် အဖေ အဲဒီငွေတွေကို ဘာလုပ်လိုက်သလဲ။ ခါတော့်ကိုလည်း ကိုယ့်သမီးလေးဆိုပြီး ရှာဖွေကျွေးတာလည်း လုံလုံလောက်လောက်မရှိ။ ခါတော်ဖာသာ ရှာဖွေရုန်းကန်ရတာဖြစ်သည်။

"ဟောကောင်တွေ အိမ်ထဲဝင်ရှာကြစမ်း။ လူမတွေ့ရင် တွေ့သမျှပစ္စည်းအကုန်သိမ်း။ အပ်တိုတစ်ချောင်းတောင်မကျန်စေနဲ့ ပြီးရင် အိမ်ကိုချိတ်ပိတ်မယ်"

အဆုံးသတ်စကားကြောင့် ခါတော်မှီ ခေါင်းနပန်းကြီးသွားကာ ဆောက်တည်ရာမရ တုန်လှုပ်သွားသည်။

"ဒါဆို ဒီကောင်မလေးကိုရော"

နှုတ်ခမ်းမွှေးသဲ့သဲ့နှင့်လူက ပြိတ်တီအကြည့်ဖြင့် ကြည့်ကာမေး၏။

"မင်းတို့ထဲက တစ်ယောက်နဲ့ပေးစားမယ်"

ဘောင်လွတ်ပြောနေသော ထိုလူကြီးကိုကြည့်ပြီး ခါတော်မှီတစ္ဆေသရဲတွေကို တွေ့သလို ကြောက်ဒူးတုန်လာသည်။

ဘဝကိုပါ ရက်ရက်ရောရော အသိမ်းခံရမည့် ဘေးဆိုးကြီးကညအချိန်မတော်ကြီး ဘာကြောင့် ဝင်မွှေခံနေရပါသနည်း။ ကြောက်စိတ်တွေ အားငယ်စိတ်တွေက လူကို ကူကယ်ရာမဲ့နေစေ၏။





"ဦး ဦးလေးကြီးရယ် ခါတော့်အဖေ အိမ်မှာတကယ်မရှိပါဘူး။ အိမ်မှာလည်း တန်ဖိုးကြီးပစ္စည်းဘာမှမရှိပါဘူး။ ဦးလေးတို့ဆီမှာ အဖေအကြွေးသိန်းရစ်ရာကျော်တင်နေတယ်ဆိုတာလည်း ခါတော် တကယ်မသိရပါဘူး။ နောက် နောက်ပြီး အဖေက ခါတော်နဲ့နေတာ မဟုတ်ပါဘူး"

ရလိုရငြား တောင်းပန်တိုးလျှိုးကြည့်သည်။

"ဒီမှာကလေးမ ဒီအချိန်မှာ နင့်အဖေဘက်က ကာကွယ်ပြောနေလည်းအပိုပဲ။ ငါတို့က ဒီကောင့်ကို သုံးရက်အချိန်ပေးပြီး သုံးရက်ပြည့်လို့မှ ဒီသိန်းရစ်ရာကိုမဆပ်ရင် အိမ်ကပစ္စည်းတွေသိမ်းပြီး အိမ်ကိုပါချိတ်ပိတ်မယ်လို့ နို့တစ်ပေးခဲ့ပြီးသား။ ခု သုံးရက်ပြည့်လို့ မိနစ်တောင်စွန်းသွားပြီ ငါတို့ဘက်က ဘာမှလိုက်လျောပေးစရာ အကန့်မရှိတော့ဘူး"

"ဆရာကြီး အိမ်ဂရန်နဲ့ ပတ်သက်တဲ့ စာရွက်စာတမ်းတွေတစ်ရွက်မှရှာမတွေ့ဘူး။ ပိုက်ဆံခုနစ်သောင်းကျော်တော့ တွေ့တယ်"

"အေး တွေ့တာသိမ်းခဲ့၊ တီဗွီတွေ အောက်စက်တွေ အိုကွာတန်ဖိုးရှိတဲ့ပစ္စည်းမှန်သမျှ ဘာတစ်ခုမှ မကျန်ခဲ့စေနဲ့ အကုန်လုံး ကားပေါ်ကို တင်ခဲ့ကြ"

"ဟုတ်ကဲ့ပါ ဆရာကြီး"

အိမ်တစ်အိမ်လုံး ပြောင်းဆန်အောင်မွှေနှောက်ရှာဖွေသွားကြပြီး အိမ်ထဲမှ တီဗွီအပေါ်စက် အောက်စက်နှင့် ရေခဲသေတ္တာ ပန်ကာ၊ မီးပူပါမကျန် အကုန်တင်သွားကြသည်။

"ဦးလေးတို့ အဲလိုမလုပ်ပါနဲ့ တောင်းပန်ပါတယ် အကြွေးတွေ

www.burmeseclassic.com



ကို အကုန်ဆပ်ပါ့မယ်၊ ခါတော့်ကို အချိန်ပေးကြပါ''

ဝမ်းနည်းခြင်းတွေ ရင်ထဲမှ လှုံ့ထွက်ကာ ပါးပေါ်သို့ မျက်ရည်တို့ အလုံးလိုက်ဆင်းလာပြီး သွေးရှူးသွေးတန်း တောင်းပန်တိုးလျှိုးပေမယ့် အချည်းအနှီးပင်။

ကိုယ်ချင်းစာတရားကင်းမဲ့သော လူတစ်စု တစ်အိမ်လုံးပြောင် သလင်းခါအောင် သိမ်းဆည်းယူဆောင်သွားကြသည်။

''ကဲ ကလေးမ မင်းအပြင်ထွက်''

''ရှင်''

ထိုလူကြီးကို နားမလည်စွာ ပြူးကြည့်ရင်း ရှင်လိုက်သည်။

''ကျွတ် ဗမာစကားနားမလည်ဘူးလား၊ မင်း အိမ်အပြင်ထွက် ပေး ငါတို့အိမ်တံခါးသော့ခတ်မလို့''

''ဟင့်အင်း မ မလုပ်ပါနဲ့၊ ခါတော်တောင်းပန်ပါတယ်၊ ရှိခိုးပြီး တောင်းပန်ပါတယ် ဦးလေးတို့ရယ်၊ ခါတော်တို့မှာ အဖေတစ်ခု သမီးတစ် ခုဘဝပါ၊ ဒီအိမ်ကို ချိတ်ပိတ်လိုက်ရင် ခါတော် ဘယ်မှာနေရမလဲ၊ ခါတော့်ကိုသနားပါ''

ကြမ်းပြင်မှာဒူးထောက်ထိုင်ချကာ မျက်ရည်လည်၍ ရှိခိုးတောင်း ပန်နေသော ခါတော်မှီ၏ဒုက္ခတွေကို ထိုလူတစ်သိုက် တစ်စက်ကလေးမှ ကရုဏာသက်ပုံမပေါ်။ တဟားဟားဖြင့် အားရပါးရရယ်ကုန်ကြပြီး

''ကဲ ကြားလား ဂျော်နီ ငါတို့အိမ်ကိုချိတ်ပိတ်လိုက်ပြီဆိုတော့ သူ့အားကိုးရာမဲ့သွားပြီ၊ ဒီတော့ မင်းကို ငါသောက်ရွှေးချယ်မယ်၊ မင်း ဒီ





ကောင်မလေးကို လိုရာသုံးပေတော့ ဟား ဟား ဟား ကျော်စိန့်ဘဝမှာ အဲလိုရက်ရက်ရောရော အချိန်တွေရှိပါတယ်ကွ''

ဂျော်နီဆိုသောလူမှာ ခါတော်မှီကို ပိုင်ဆိုင်ရတော့မည့်မို့ ဖွေ့ဖွေ့ ခန်မတတ် ဝမ်းသာသွားသည်။

''ဟာ တ တကယ်လား ဆရာကြီး ကျေးဇူးတင်ပါတယ်''

ဂျော်နီဆိုသော အရုပ်ရှည်ရှည် ပိန်ပိန်ခြောက်ခြောက်လူတစ် ယောက် ပြုံးဖြီးဖြီး မျက်နှာဖြင့် ခါတော်မှီနားကပ်လာပြီး ခါးကိုင့်ကိုင်းကာ မျက်နှာချင်းဆိုင်ကပ်လိုက်ပြီး

''ကဲ ကြားတယ်နော် ဒီညကစပြီး ငါ့ရဲ့မိန်းမလုပ်ရမယ် ဟုတ်ပြီ လား၊ ဟား ဟား ဟား ချောလိုက်တာ မွှတ်မွှန်နေတာပဲကွာ၊ ငါ့ဘဝမှာ ဒီလောက်တန်ဖိုးကြီးတဲ့ဆု ဒီတစ်ကြိမ်ပဲရဖူးသေးတယ်၊ ဟား ဟား မင်းကိုငါ ကောင်းကောင်းထားမှာပါ''

လက်ကြမ်းကြီးဖြင့် ခါတော်မှီကို အတင်းဆွဲခေါ်ထုတ်၏။ အသားတွေ တဆတ်ဆတ်တုန်အောင် ကြောက်နေသော ခါတော်မှီ ရှုန်း ကန်တွန်းထိုးပြီး

''ဟင့်အင်း ဟင့်အင်း မလိုက်ဘူး မလိုက်ဘူး''

ဖွတ်အတင်း ဆွဲခေါ်ရာသို့ ဒရွတ်ဆွဲမတတ်ပါသွားသော ခါတော် မှီ၏ကမ္ဘာပျက်ခန်းကို လောကကြီး ဒီအတိုင်းကြည့်နေရက်သလား။

''ကယ်ကြပါဦး ကယ်ကြပါဦး''

''ဖြန်း''



www.burmeseclassic.com

www.burmeseclassic.com



"အား"

"မအော်နဲ့နော်၊ မင်းဆက်အော်ရင် မင်းကိုယ်က အဝတ်တွေကို အကုန်ဆွဲချွတ်ပြီး ဒီလမ်းမပေါ်မှာပဲ ငါမီးနဲ့အမြင် အပိုင်သိမ်းလိုက်မှာ"

"ဟင်"

တကာယ်လုပ်မည့်ဟန်ဖြင့် ခါတော်မှီ ညဝတ်အင်္ကျီစကိုဆွဲဆောင့်လိုက်သော ဂျော်နီ့ကို ကြောက်အားလန့်အား မော့ကြည့်လိုက်သည်။

ညအလင်းမှိန်မှိန်အောက်တွင် ထိုလူ့မျက်နှာမှာ ရမ္မက်ဒီးတွေဝေနေ၏။ ဒီတော့ ခါတော်မှီ ဘာလုပ်ရမလဲ ခွေးတောင်မှ ချောင်ပိတ်ရိုက်လျှင် ပြန်ကိုက်တတ်သေးတာပဲ ခါတော်မှီကရော ငြိမ်နေရမှာလား။ ဟင့်အင်း ငြိမ်နေလျှင် ခါတော့်ဘဝ လုံးဝကြေမွပျက်စီးသွားလိမ့်မည်။ ထိုလူကို ပြန်တိုက်ခိုက်နိုင်သည့် အရာဝတ္ထုတစ်ခုကို မျက်စည်တွေကြားမှ ဝေ့ရှာလိုက်သည်။

ဒရွတ်ဆွဲခံလာရသော မြေအဝင်အဝ လမ်းမပေါ်အရောက် အုတ်ခဲကျိုးတစ်ခုကို နင့်းမိလိုက်သည်။ ဒီအချိန်မှာ အုတ်ခဲကျိုးလေးတစ်လုံးဟာ ခါတော်မှီ၏မဟာကာယ်တင်ရှင်ကြီးသဖွယ် အားကိုးရာတစ်ပါးဖြစ်ကောင်းဖြစ်နိုင်သည်မို့ မြန်ဆန်သော လှုပ်ရှားမှုကြီးက ထွက်ပေါက်ကို ရှာတွေ့ဖို့ တွန်းအားပေးနေသလို

"ခွပ် ခွပ်"

"အား"

ဂျော်နီ့ခေါင်းနှင့်မျက်နှာကို အားကုန်သုံး၍ ထုချလိုက်သည်။





မြန်ဆန်သော လှုပ်ရှားမှုကြောင့် အားလုံးမှင်တက်ကုန်ကြသည်။

ထိုအခြေအနေကို အခွင့်ကောင်းယူကာ ထိုလူတွေ ဘာမှပြန်ဖြီးမတုန့်ပြန်ခင်မှာပင် ကိုယ်လွတ်ရုန်း၍ ပြေးထွက်ခဲ့သည်။

"ဟာ ဟောကောင်တွေ ဒီကောင်မျက်နှာမှာသွေးတွေ ဒွေးပြီလားမသိဘူး၊ လိုက် လိုက် ကောင်မကို မလွှတ်စေနဲ့"

"မိရင်တော့ တစ်စစီဖြစ်အောင် ဆွဲစားပစ်မယ်"

အမှောင်ကိုအံတုကာ ပြေးရင်း အသံတချို့ အနောက်မှပြတ်ကျန်ခဲ့သည်။ ရွံ့ရှာစက်ဆုပ်ဖွယ်ရာ အချိန်ကာလတစ်ခုထဲမှ လွတ်မြောက်အောင် ခြေကုန်သုတ်ပြေးနေရသည်မို့ ရင်အစုံသည် လှိုက်ဖိုမောကာ အသိစိတ်တွေ လွတ်ထွက်မတတ်။

ထိုညဟာ ခါတော်မှီအတွက်တော့ ကမ္ဘာပြိုတဲ့ညတစ်ည ဖြစ်သည်။

လပြည့်ဝန်းသည် အနားသတ်မပါသော မျဉ်းကြောင်းအစွန်းတွင် ထိုင်လျက် ခါတော်မှီ၏ကမ္ဘာပျက်ခန်းကို ကြည့်ကာ စုတ်တသတ်သတ်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

အေးပစ် ကာရိုလ်ခရုဇ် ဆိုသော လူငယ်လေးသည် လိုအပ်ချက်မရှိ ပြီးပြည့်စုံခြင်းတွေကို ညည်းညူစွာပိုင်ဆိုင်ရင်း အခွေအရံတွေနှင့် ထည့်ထည့်ဝါဝါ နေရသောဘဝကို စက္ကူစုတ်တစ်ရွက်လို ဆွဲဆုတ်ခြေမွပစ်ချင်သည်။

သူတကယ် ရယူပိုင်ဆိုင်ချင်သည့်ဘဝက ငှက်တစ်ကောင်လို အနှောင်အဖွဲ့မရှိ ထိန်းချုပ်ခံရခြင်းမရှိဘဲ ခြေဦးတည့်ရာကို ပျံသန်းချင်တာ ဖြစ်သည်။

မြန်မာပြည်နယ်နိမိတ်ထဲ ခြေချမိသည်နှင့် ကောင်းကင်ပြာပြာကြီးနှင့် တင့်တယ်သော သစ်ပင်စိမ်းစိမ်းတွေ မြန်မာဆန်သော တိုက်တာအဆောက်အဦးတွေကို တမက်တမော ငေးမောလာကာ နွေနေပူခပ်နွေး





နွေးကို အရသာရှိရှိ ခံစားလိုက်သည်။

"ကာရိုလ် မင်းအယ်ဒီဖုန်းဆက်တယ် မြန်မာပြည်မှာ အကြာကြီးမနေရဘူးတဲ့ The summer way ကမ္ဘာ့တီနဲ့စာချုပ်ချုပ်ဖို့ကိစ္စကို ကာရိုလ်ပြန်လာမှစီစဉ်မယ်လို့ပြောတယ်"

ဗိမ်ခံကားပြတင်းမှ မြန်မာပြည်၏လွှမ်းမောဖွယ် ရှုခင်းတွေကိုအရသာရှိရှိ ငေးမောနေတုန်း ဦးမင်းမြတ်တို့၏ သတိပေးစကားကြောင့် စိမ်းဖန့်ဖန့် မျက်ခုံးတန်းနှစ်ခုကို အလိုမကျဟန် စုကျုံ့လိုက်ပြီး

"အန်ကယ်ရယ် ပလိစ် ကျွန်တော့်ကို မြန်မာလိုပဲ ပြောပါ၊ ဒါဟာ မြန်မာပြည်မို့ မြန်မာစကားနဲ့မြန်မာကောင်လေးအဖြစ် သရုပ်ဖော်ခွင့်ပေးပါ၊ ကျွန်တော်ဟာ မြန်မာစစ်စစ်ပါ"

"ဆော်ရီး ကာရိုလ်က မြန်မာစကားနဲ့အရမ်းအကျွမ်းမဝင်တော့ဘူးထင်လို့ အန်ကယ်က ပြင်သစ်လို ပြောတာပါ ကာရိုလ်၊ အိုကေ ဒါဆို မြန်မာလိုပဲပြောပါတော့မယ်"

"ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ်"

ကျေးဇူးတင်စကားကို အားရပါးရပြောပြီး ပြင်ပရှုခင်းကို တမေ့တမော ပြန်၍ငေးမောနေလိုက်သည်။

မောင်းလာသည့်တစ်လျှောက် လမ်းဘေးဝဲယာမှ လူတွေကားတွေ လမ်းဘေးဈေးသည်တွေ ဈေးဆိုင်တန်းတွေ ကုလီသမားတွေ ဆိုက်ကားတွေ ခရီးသည်တင်ကားတွေ အားလုံးအားလုံးဟာ ကာရိုလ်ငယ်ငယ်တုန်းက မြင်တွေ့ခဲ့ရစဉ်အတိုင်း သိပ်တော့မပြောင်းလဲသေး။



www.burmeseclassic.com

www.burmeseclassic.com



ရင်ထဲမှာ ဖေဖေနှင့်မေမေကို သတိရလာ၍ မျက်နှာညှိုးသွားသည်။ ပြင်သစ်မှာ ဘဝကိုအသစ်တဖန် ရှင်သန်ရပေမယ့် ဖေဖေနှင့်မေမေကိုတော့ တစ်နေ့မှမမေ့မရခဲ့။

ခုမြန်မာပြည်ကို ပြန်လာရခြင်းသည်လည်း ဖေဖေနှင့်မေမေ အငွေ့အသက်တွေ ဝိညာဉ်တွေရှင်သန်နေသည့်နေရာသို့ အလွမ်းပြေ လာကြည့်ခြင်းဖြစ်သည်။

မျက်ရည်တို့ ဝေ့လာပြန်သည်။

''ဖေဖေနဲ့မေမေ သား မြန်မာပြည်ကိုပြန်လာနေပြီ သားကို လာကြိုနေကြမယ်မဟုတ်လား၊ သားလေ ဒယ်ဒီနဲ့မာမီ့ကို နေ့စဉ်နဲ့အမျှ သတိရနေဆဲပါ၊ ရှိခိုးဦးချနေဆဲပါ၊ သားကိုခွဲထွက်သွားကြတဲ့ ဖေဖေနဲ့ မေမေကို လွမ်းလို့ မိဘတွေ ခေါင်းချခဲ့တဲ့မြန်မာပြည်ကို အလွမ်းပြေ ပြန်လာခဲ့တာပါ၊ မာမီတို့ဝိညာဉ်တွေရှိနေသေးမယ်ဆိုရင် သားကို ကျေးဇူး ပြုပြီး ကြိုပေးကြပါ''

ရင်ထဲမှာ ကြေကွဲစွာပြောရင်း ဖြူဖွေးနုဖတ်နေသော မျက်နှာ ပြင်သည် အငိုမျက်နှာလို နီရဲတွတ်ကာ မျက်လုံးအိမ်မှာ မျက်ရည်တို့ ဝေ့လာသည်။ ငိုချင်လာသည်မို့ စိမ့်ထွက်လာသော မျက်ရည်စကို တို့ သုတ်လိုက်သည်။

အရိပ်လိုစောင့်ကြည့်နေသော အန့်ကယ်မှာ သက်ပြင်းခပ်ဖျော့ ဖျော့ချပြီး

''ကာရိုလ် မင်းမိဘအရင်းတွေကို သတိရနေပြန်ပြီလား၊ ဒါ





ကြောင့် မင်းဒယ်ဒီက မင်းကိုမြန်မာပြည်ပြန်လာပြီး ခံစားမှုအသစ်တွေ မတိုးစေချင်တာ''

''ကျွန်တော့်ရဲ့ကိုယ်ပိုင်စိတ်ခံစားမှုမို့ ကျေးဇူးပြုပြီး ငြိမ်ငြိမ်လေး နေပေးပါ အန့်ကယ်၊ ကျွန်တော့်ရင်ထဲမှာ ဖေဖေ မေမေတို့နဲ့စကားတွေ ပြောနေတာ အနှောင့်အယှက် မပေးစေချင်ဘူး''

အဖျားခတ် တုန်ယင်သော လေသံဖြင့် ဟန့်တားလိုက်သည်မို့ အန့်ကယ်ဦးမင်းမြတ်တို ဘာမှဆက်မပြောတော့ဘဲ သက်ပြင်းခပ်ဖျော့ဖျော့ ချကာ ငြိမ်သွားသည်။

ကားသည် လှည်းတန်းလမ်းမကြီးပေါ်သို့ တငြိမ့်ငြိမ့် ဖြတ် မောင်းနေ၏။

ဖြတ်သွားဖြတ်လာ လူတွေကြားထဲသို့ အကြည့်ရောက်သွားသည့် အခိုက် ကိုယ်ကိုဆတ်ခနဲ မတ်လိုက်ပြီး

''ဟင် မေ မေမေ''

မြင်ကွင်းထဲသို့ မေမေနှင့်တူသော အမျိုးသမီးကြီးတစ်ယောက် လား၊ ဒါမှမဟုတ် မေမေ့ဝိညာဉ်လား။ ကာရိုလ်ကိုလှမ်းကြည့်ပြီး ပြုံးပြ သွားသည်။

အာရုံတွေ ဝေဝါးပြီး အမှားအမှန်ကို မခွဲခြားနိုင်တော့၍ အပြင် ကို အငမ်းမရကြည့်ကာ

''ရပ် ကားရပ်ပါ''

ကားမောင်းနေသည့် ညီခန့်မှာ လမ်းဘေးတစ်နေရာသို့ ကားကို



www.burmeseclassic.com

www.burmeseclassic.com



ငြိမ့်ခနဲ ရပ်ပေးလိုက်ပြီး

"ကိုကို ဘာဖြစ်လို့လဲ၊ ဘာကိုတွေ့သွားလို့လဲ"

ညီခန့်ဆိုတာ ကာရိုလ်၏ညီနှစ်ဝမ်းကွဲလောက်တော်စပ်သူဖြစ်သည်။ ကာရိုလ်ကို အမြဲတမ်း အားကျအတုယူနေသူဆိုက မမှား။

"မေမေ့ကိုတွေ့လိုက်တယ်၊ မေမေ ငါ့ကိုပြုံးပြသွားတယ်၊ ငါ ငါ မြန်မာပြည်ပြန်ရောက်တာ မေမေ သိတယ်၊ ငါ့ကိုလာကြိုတာဖြစ်မယ်"

လမ်းဘေးဈေးသည်တွေ လမ်းသွားလမ်းလာတွေ ရှုပ်ထွေးနေသော လူအုပ်ကြီးထဲသို့ ယက်ညှိုးထိုးကာ အားရဝမ်းသာ ပြောနေသော ကာရိုလ်ကိုကြည့်ပြီး အန်ကယ် စိတ်မသက်သာစွာ ခေါင်းကိုခါရမ်းလိုက်ပြီး

"ကာရိုလ် စိတ်စွဲနေလို့ဖြစ်မှာပါ၊ လောကကြီးထဲမှာ လုံးဝ မရှိတော့တဲ့ ကာရိုလ်ရဲ့အမေ ဘယ်လိုဖြစ်နိုင်မှာလဲ"

အန်ကယ် ဦးမင်းမြတ်ဘို ပြောတာကို ကာရိုလ် ဂရုမစိုက်။ ကားတံခါးဖွင့်ကာ ဆင်းလိုက်ပြီး လူအုပ်ကြီးထဲသို့ ခြေလှမ်းကျဲကြီးဖြင့် လျှောက်သွားလိုက်သည်။

ကားအကောင်းစားကြီးပေါ်မှ ဆင်းလာသော အချောစား အသန့်စား ကာရိုလ်ကို လူတွေဝိုင်းကြည့်ကြသည်။ ကောင်မလေးတစ်သိုက်ဆိုလျှင် ကာရိုလ်ကိုကြည့်ပြီး ကျနွှေမဆည်နိုင်ကြ။

"ဝါး မိုက်လိုက်တာဟယ်၊ နိုင်ငံခြားမင်းသားများလား"

"ကားအကောင်းစားကြီးပေါ်က ဆင်းလာတာဆိုတော့ စတား





တစ်ယောက်ဖြစ်မှာပေါ့"

"မြန်မာမဟုတ်လောက်ဘူးထင်တယ်၊ အနောက်တိုင်းဝတ်စုံနဲ့ဆိုတော့လေ"

"မြန်မာပြည်ကို လာလည်တာလားမှမသိတာ ဖက်နမ်းချင်လိုက်တာဟယ်"

"ဟွန့် နင့်အရုပ်က သူ့ခါးလောက်ပဲရှိတာကို ဘယ်လိုဖက်နမ်းမလဲ"

"မှီတဲ့နေရာကိုပဲ နမ်းမှာပေါ့လို့ ခစ် ခစ် ခစ်"

"ဟယ် မိန်းမ အရှက်မရှိ ကြားသွားဦးမယ်"

"ကြားတော့ရော ဗမာစကားတောင် နားလည်ပါ့မလား၊ ကြည့်ပါဦး မျက်လုံးက မိုးပြာရောင်သန်းနေတယ်၊ ရွှေရောင်ဆံပင်လေးနဲ့လိုက် အောင် အသားကလည်း ကြည်လင်နေတာပဲ"

မြန်မာမလေးများ၏သည်းသည်းလှုပ် အကဲပိုနေကြကာ တစ်ယောက်တစ်ခွန်းပြောဆိုနေကြသော စကားသံတွေကိုကြားပေမယ့် ကာရိုလ် ဂရုမစိုက်အား။ အပြုံးဖြင့်သာ ခေါင်းဆတ်ပြပြီး

မိခင်ကိုသာ အငမ်းမရ ရှာဖွေနေ၏။

"ကာရိုလ် ကာရိုလ်"

အနောက်မှ အန်ကယ်မင်းမြတ်ဘို ခေါ်သံကိုကြားပေမယ့် ကာရိုလ် လှည့်မကြည့်ဖြစ်။ ဖြစ်နိုင်လျှင် မြန်မာပြည်ပြန်ရောက်တဲ့အခိုက် ဘေးနားက အခြေအရံတွေ စည်းမျဉ်းစည်းကမ်းဘောင်တွေနှင့် သည်



www.burmeseclassic.com

www.burmeseclassic.com



ထည့်ဝါဝါနေနေမည့်အစား တစ်ယောက်ထဲ လွတ်လွတ်လပ်လပ်နှင့် ခြေဦးတည့်ရာကို လျှောက်သွားချင်သည်။

ပြီးပြည့်စုံသော လိုတရဘ၀ထက် လမ်းပေါ်မှာလျှောက်သွားနေရတဲ့ဘ၀ကို မက်မောဖက်တွယ်ချင်သည်။

ဒီတော့ မြန်မာပြည်ရောက်တုန်းရောက်ခိုက် ဒယ်ဒီ့ညွှန်ကြားချက်အတိုင်း ဘေးနားကနေ ထိန်းကျောင်းပြုစုစောင့်ရှောက်ပေးမည့် အန်ကယ် မင်းမြတ်ဘိုအနားမှ ရှောင်ထွက်ချင်သည်။

ထို့ကြောင့် လျှပ်တစ်ပြက်ပေါ်လာသောအကြံကို အကောင်အထည်ဖော်လိုက်သည့်အနေဖြင့် လမ်းဘေး လက်ဖက်ရည်ဆိုင်လေးတစ်ဆိုင်ထဲသို့ လှစ်ခနဲ ဝင်လိုက်သည်။

အနောက်တိုင်းဝတ်စုံ မှိုးပြာရောင်နုနုလေးနှင့် လူတွေကြားထဲထင်းနေအောင် ထည့်ဝါခန့်ညားလွန်းသော ကာရိုလ်ကို လက်ဖက်ရည်ဆိုင်ထဲမှ လူအချို့ တအံ့တဩ လှမ်းကြည့်ကြ၏။

ဆိုင်ထောင့်အကွယ်ရှိ စားပွဲတစ်လုံးမှာထိုင်ဖို့အတွက်

"ပလီစ် ထိုင်ခွင့်ပြုပါ"

ယဉ်ကျေးစွာ ခွင့်တောင်းလိုက်သည်။ မြန်မာစကားကောင်းကောင်းပြောတတ်သော နိုင်ငံခြားသားတစ်ယောက်ကို ဆိုင်ထဲမှလူအချို့ အပြုံးကိုယ်စီဖြင့် ခေါင်းဆတ်ပြကြရင်း

"ထိုင်ပါ ထိုင်ပါ မစ္စတာ"

"အိုကေ ကျေးဇူးတင်ပါတယ်"





ကာရိုလ် ထိုင်ခုံမှာဝင်ထိုင်လိုက်ပြီး ဆိုင်အပြင်လမ်းမကို အသာပြန်ချောင်းလိုက်သည်။

အနောက်တိုင်းဝတ်စုံကြီး တကားကားဖြင့် အန်ကယ်မင်းမြတ်ဘို လက်ဖက်ရည်ဆိုင်လေးရှေ့မှ ခပ်သုတ်သုတ် ဖြတ်သွားသည်။

"အိုကေ လုံးဝမျက်ခြည်ပြတ်သွားပြီ ဟား ဟား ဟား ဟား"

တစ်ယောက်ထဲ ခပ်တိုးတိုးပြောပြီး သဘောတကျ ရယ်လိုက်သည်။ ပြီးမှ ဆိုင်ထဲတွင် သူ့ကိုငေးကြည့်နေကြသော ဗမာအချို့ကို ယဉ်ကျေးသောအပြုံးဖြင့် လက်ပြကာ ခေါင်းဆတ်ပြရင်း

"မင်္ဂလာပါ ခင်ဗျာ"

အမှန်ဆို ကာရိုလ်လည်း ဗမာသွေးပါသည့် ဗမာတစ်ယောက်ပဲ။

ပြင်သစ်မှာအနေကြာလာ၍ နိုင်ငံခြားသားတစ်ယောက်ပုံပေါက်နေပေမယ့် ကာရိုလ်စိတ်တွေ ကာရိုလ်ခံစားမှုတွေကတော့ မြန်မာသွေးတွေဖြင့် တည်ဆောက်နေဆဲပါ။

လွမ်းလိုက်ရတဲ့ မြန်မာပြည်ရယ်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

"ပြောရကြုပ်လိုက်တာ ခါတော်ရယ်၊ ဒီအိမ်မှာ ညည်းကိုထားချင်ပေမယ့် ဆယ်ပေတောင်မပြည့်တဲ့ ရှစ်ပေအိမ်ကျဉ်းကျဉ်းလေးထဲမှာ ငါတို့မိသားစုက ရှစ်ယောက်၊ နောက်ပြီး ငါကလေးတွေရဲ့ပထွေး ငါ့လင်က အရက်သမား၊ ဗိုလ်နီကောင်၊ ညည်းလိုလှတပတချုပ်ကလေးရှိတဲ့ တူမလေးအတွက် အဒေါ်အိမ်က ဘယ်မှာလာလုံခြုံမှုရှိမှာလဲကွယ်၊ ဒီကြားထဲ ငါတို့အိမ်ရဲ့စီးပွားရေးအခြေအနေက တော်တစ်လှည့်ပြတ်တစ်လှည့် အပြင် ဒီရပ်ကွက်က ကျူးကျော်ရပ်ကွက်၊ ဖျက်ရမယ်လို့သတင်းကြားကတည်းက သက်ဆိုင်ရာက ဘယ်တော့များ လာဖျက်နိုင်းမလဲဆိုတဲ့ သောကတွေနဲ့ တစ်နေ့တစ်နေ့ အိပ်ရတာတောင် မဖြောင့်ပါဘူးအေ"

တစ်ရက်နှစ်ရက်လောက်နေပါရစေဟု အကူအညီတောင်းမိ





သည်နှင့်မလိုက်အောင် ညည်းတွားပြနေသည့် အဒေါ်သောကတွေက ခါတော်မှီသောကတွေထက်ပင် ပိုများနေသလားဟုတွေးကာ မျက်ရည်စို့နေသောမျက်ဝန်းမှ မျက်ရည်အချို့စီးမထွက်လာအောင် မျက်တောင်ရှည်တို့ဖြင့် ပုတ်ခတ်သိမ်းလိုက်သည်။

"အင်းလေ ရပါတယ် ဒေါ်လေးစိမ့်ရယ်၊ ခါတော်လည်း ဒုက္ခအကြီးအကျယ် ရောက်နေတဲ့အချိန်မှာ နွယ်တစ်ပင်လို ဆွဲမိဆွဲရာ ဆွဲလိုက်မိသလိုဖြစ်သွားတယ်၊ မိုးမလင်းသေးဘူး၊ နလို ဒုက္ခလာပေးရတာလည်း အားနာပါတယ်"

"ဒါနဲ့ ညည်းအာဖေကရော နုလို သူ့ကြေးရှင်တွေက အိမ်ကိုလာချိတ်ပိတ်ပြီး ကိုယ့်သမီးပျိုလေး လမ်းပေါ်ရောက်နေတာကို နည်းနည်းလေးမှ မသိဘူးလား အံ့ပါရဲ့"

"ညက သူတို့လာသောင်းကျန်းသွားတာ ဖေဖေမှမရှိဘဲ၊ ပထမ ရက်ကတည်းက ခရီးထွက်မယ်ဆိုပြီး အထုပ်အပိုးတွေနဲ့ထွက်သွားတာ"

"တမင်သိလို့ ရှောင်သွားတာနေမှာပေါ့"

"အဲလိုတော့ မဟုတ်လောက်ပါဘူး ဒေါ်လေး"

ကိုယ့်အဖေကို အပြစ်မြင်ချင်သောဒေါ်လေးစကားကို မခံချင်စိတ်ဖြင့် ငြင်းလိုက်သည်။ ဟုတ်သည်ပဲထားဦး ဖေဖေ့ကို ခါတော် အပြစ်တင်ချင်တော့။ အပြစ်တင်နေလို့ရော ဘာထူးလာမှာမို့လဲ။

"အကြွေးသိန်းရှစ်ရာကျော် တင်ရအောင် ဘာတွေများ လောက်လောက်ငှ အဆင့်အတန်းမြင့်မြင့် ထားနေလို့လဲ၊ ငါထင်ပါတယ် ဒါ

ချင်ချိုင်းနဲ့ဆိုင်းမှာတင်လာတဲ့အကြွေးနေမှာပေါ့၊ ဟိုက အိမ်ပဲလာချိတ်ပိတ်သွားပြီး ကိုယ့်သမီးကို သားမယားအဖြစ်ကျင့်မသွားတာကိုပဲ ကျေးဇူးတင်နေရမယ် ဟွန်း''

အကူအညီမရဘဲ အပြစ်တင်စကားတွေကို လာနားထောင်နေရသလို မျှော်လင့်ချက်တွေ မဲ့မှတော့ ခါတော်အဖို့ ဆက်ပြီးပေကပ်နေလို့ ဘာထူးတော့မည်လဲ။

ဒီထက်ကြမ်းတမ်းတဲ့စကားတွေ ထပ်ထွက်မလာခင်မှာပင် ခါတော်မှီ ထိုင်ရာမှ ထလိုက်သည်။

''ခါတော် သွားတော့မယ် ဒေါ်လေး''

''ဒါနဲ့ ညည်း ဘယ်မှာနေမယ်စိတ်ကူးထားလဲ''

သနားသောလေသံမဟုတ်ဘဲ အပြစ်တင်သံနှောသော အမေးကြောင့် ခပ်ဖျော့ဖျော့ ပြုံးလိုက်သည်။

''ဟင့်အင်း ဘာမှမပူပါနဲ့ဒေါ်လေး၊ ခါတော် ဘယ်မှာနေရမယ်ဆိုတာ စိတ်မပူပေးလည်း ရပါတယ်''

''အေးလေ ဒါဆိုလည်း ပြီးရော၊ အဲ မဟုတ်မှလွဲရော ညည်းရည်းစားဆီကိုသွားပြီးနေမှာတော့ မဟုတ်လောက်ပါဘူးနော်''

အထင်သေးစကားကို ခါတော်အဖို့ တုန့်ပြန်ပြောနေဖို့မှ မလိုတော့တာပဲ။

ကံကြမ္မာက ခါတော့်ကို မျက်နှာကျိုးနေမှတော့ သူ စီမံသလို အလိုက်သင့်ကလေးပဲ မျောလိုက်ရုံပေါ့။

■ ■ ■



## အခန်း (၄)

''ဖြန်း ဖြန်း''

''နင် နင် ငါ့ကိုရိုက်တယ် ဟုတ်လား ခါတော်မှီ''

ရိုက်ချက်ပြင်းသောအသံကြောင့် ကာရိုလ် ဘုရားစောင်းတန်းနံဘေးမှာထိုင်ကာ ပေါက်စီနှင့်အချိုရည်ကို အားရပါးရထိုင်စားနေတုန်း စလုပ်ပလောင်း ဝါးရင်း လှည့်ကြည့်လိုက်သည်။

ပထမဆိုင်ဆိုင်အောင်ဓါနတ်နန်းဘေးမှ ပန်းချိုနံဘေးတွင် မကျေမလည်ဖြစ်နေဟန်တူသောစုံတွဲတစ်တွဲ။ ကောင်မလေး၏မျက်နှာဝင်းဝင်းလေးပေါ်မှ မျက်ရည်စက်တချို့။

စိတ်ဝင်စားစရာကောင်းပေမယ့် ကိုယ့်ကိစ္စမဟုတ်၍ အထူးတလည် ဂရုစိုက်မနေတော့ဘဲ တစ်ဝက်ကျန်သေးသည့် ပေါက်စီကို ဆက်ဝါးနေလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ရိုက်တယ် နင် ငါ့ကိုအထင်သေးတာလား လင်းသန့် တရားရုံးမှာ လက်မှတ်မထိုးဘဲ လူကြီးတွေမသိအောင် တိတ်တိတ်လက်ထပ်မယ် ဟုတ်လား၊ အပွန်း နင် တော်တော်လည်မှန်း ငါ ခုမှပဲ သိတော့တယ်၊ ဒါလား ငါ့ကိုသိပ်ချစ်တယ်ဆိုတာ"

"မဟုတ်ဘူးလေ ခါတော်ရာ၊ ငါပြောတာကို နင် နားလည်စမ်းပါ၊ ခုချိန်မှာ ငါ့အနေနဲ့ နင့်ကိုလက်ထပ်ဖို့ဆိုတာ မဖြစ်နိုင်သေးဘူး၊ ငါ့ အမေ နေမကောင်းဘူး၊ ငါ့အစ်ကိုက အမှုဖြစ်နေတယ်၊ ဒီအချိန်မှာ ငါ လက်ထပ်လိုက်ရင် ငါ့မားသားကြီး ပိုပြီးစိတ်သောကရောက်ရလိမ့်မယ်၊ ဒါကြောင့် ခုလောလောဆယ် နင်လည်းနေစရာမပူရအောင် ငါ့ဘော်ဒါ တစ်ယောက်အိမ်မှာ နင့်ကိုခိုးပြေးလာတဲ့အနေနဲ့ တိတ်တိတ်ကလေး သွားနေကြမယ်၊ ငါတို့အိမ်တွင်းရေးပြဿနာတွေအားလုံး ပြေလည်သွားရင် ငါတို့တရားဝင် လက်ထပ်ကြမယ်"

"တော်စမ်းပါ လင်းသန့်ရယ်၊ နင့်အစီအစဉ်က နင့်အတွက်တော့ ဈေးရောင်းကောင်းသလို တွက်ခြေကိုက်ချင်ကိုက်နေလိမ့်မယ်၊ ငါ့အတွက်တော့ မိန်းမတစ်ယောက်ရဲ့တန်ဖိုးကို နင်းခြေပြီး မျက်ကန်းလမ်းပျောက်သလို ပျောက်ရမယ့်အနေအထားမျိုး နေစရာလေးတစ်နေရာရဖို့ ငါ့ရဲ့အပျိုစင်ဘဝကို တိတ်တိတ်ပုန်းလက်ထပ်ပြီး ရက်ရက်ရောရော ပေးဆပ်ရမှာလား၊ အဲဒါဆို ငါ ဘယ်လိုမိန်းကလေးမျိုး ဖြစ်သွားမလဲ နင်စဉ်းစားစမ်း"

"နင်ပဲ ငါ့ကိုချစ်တယ်ဆို၊ ချစ်ရင် ငါတို့ခဏတော့ အနစ်နာခံ





ကြရမှာပေါ့"

"ဘာ အနစ်နာခံမယ် ဟုတ်လား၊ ဘယ်သူအနစ်နာခံရမှာလဲ ငါလား နင်လား"

"ဒါဆို နင်ဘယ်နေရာမှာနေမလဲ၊ ခုချိန်မှာ အားကိုးစရာက ငါပဲရှိတာလေ၊ ဒါနဲ့များ နင် ခေါင်းမာနေရသေးလား၊ သေချာစဉ်းစားပါ ခါတော်ရယ်၊ နင် ဒီည ငါ့ဘော်ဒါအိမ်မှာလိုက်အိပ်လိုက်၊ သူ့ကိုလည်း ရှောင်ပေးဖို့ ကြိုပြောထားပြီးသားမို့ နင်မျက်နှာပူ အရှက်ရစရာမလိုဘူး၊ ငါ ငါလေ နင့်ကိုချစ်တယ်၊ ငါတို့ ဒီညကို ကြည်ကြည်နူးနူးလေး ကျော်လွန်ပြီး မနက်ဖြန်ဆိုရင် နင်က ငါ့မိန်းမဖြစ်သွားပြီ၊ နင့်နေရေးစားရေး ဘာမှမပူရအောင် ငါထောက်ပံ့ပေးမယ်၊ အချိန်ခဏလောက်လေးပဲ သည်းခံပြီးစောင့်ပါ၊ ငါ နင့်ကိုတရားဝင်လက်ထပ်မှာပါ"

"နင် နင် ပါးရိုက်ခံရတာတောင် မမှတ်သေးဘူး၊ ငါ့ကိုမြူဆွယ်နေသေးလား၊ တော်ပြီ လင်းသန့်၊ ငါနဲ့နင်နဲ့ ဒီအချိန်ကစပြီး ဘာမှမပတ်သက်တော့ဘူး"

"ဒါဆို နင် ဘယ်မှာနေမလဲ၊ နင့်ဘဝ လမ်းဆုံးရောက်နေတာတောင် ငါ့ကိုလမ်းခွဲရဲသလား ခါတော် ဟမ်"

"အဲဒီမှာ/လဲသေလိုက်၊ တကယ်တော့ နင်က အခွင့်အရေးသမားပဲ လင်းသန့် မိန်းမတစ်ယောက်ရဲ့အခွေးအသာကို လူမသိသူမသိ တိတ်တိတ်ကလေး စားသုံးပြီး လူပျိုဘဝကို ဟန်မပျက်ထိန်းထားချင်တဲ့ နင့်ရဲ့မရိုးသားတဲ့အကြံကို ငါက လိုက်လျောမယ်ထင်လား၊ ဒါကြောင့်



www.burmeseclassic.com

www.burmeseclassic.com



နှင်နိုင်ငါနဲ့ ဇာတ်လမ်းကို ဒီမှာတင် အဆုံးသတ်လိုက်တော့မယ်''

ရင်ထဲမှ ဝမ်းနည်းနာကျင်စိတ်ကို မာနနှင့်မခံချင်စိတ်တို့ဖြင့် လုံအောင်ဖုံးဖိကာ အံကိုခပ်တင်းတင်း ကြိတ်ပြီး ချာခနဲ လှည့်ထွက်ခဲ့လိုက်သည်။

သူ့ကိုအားကိုးမိသွားသော ကိုယ့်ကိုကိုယ် ဒေါသဖြစ်၍မဆုံးသော ခြေလှမ်းတွေဖြင့် လင်းသန့်ရှေ့မှ ချာခနဲ လှည့်ထွက်ခဲ့လိုက်သည်။

''အွန့်''

''ဟင်''

''ဆောရီး ဆောရီး''

စောင်းတန်းလှေကားပေါ်မှအဆင်း လမ်းဖြတ်တစ်နေရာမှ ထွက်လာသော ကာရိုလ်နှင့်ဝင်တိုက်မိ၍ ကာရိုလ် ပျာပျာသလဲ တောင်းပန်ရှာ၏။

ကိုယ့်ဒေါသနှင့်ကိုယ်မို့ နိုင်ငံခြားသားတစ်ဦးဖြစ်သော ကာရိုလ်ကိုရန်တွေ့မနေတော့ဘဲ တစ်ချက်ပဲကြည့်ကာ လှေကားအတိုင်း ဆက်ဆင်းလာလိုက်သည်။

ကာရိုလ်မှာသာ မှင်တက်အံ့ဩသောအကြည့်ဖြင့် ကြည့်ကာ နေရာမှာတင်ရပ်၍ ကျန်ခဲ့ရင်း

''မြန်မာမလေး တော်တော်လှတယ် ဝါး အဟက်''

ကာရိုလ် မျက်စိထဲမှာ ခါတော်မှီအလှက မှတ်မှတ်ထင်ထင် စွဲကျန်ရစ်ခဲ့၏။

မျှော်တာပေ



ဒီလိုလှပသည့် မျက်နှာလေး အာရုံထဲ ဘယ်လွယ်လွယ်နှင့် ပျောက်ဖျက်ပစ်နိုင်လိမ့်မလဲ။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)

"ဒီနေ့ရော ဘာသတင်းထူးလဲ ညီခန့်"

ကားကိုပေါ်တီကိုအောက်ထိုးရပ်ပြီး စိတ်ပျက်လက်ပျက် ဆင်းလာသော ညီခန့်ကို ဦးမြတ်မင်းဘို အိမ်ပေါက်ဝမှ ဆီးကြို၍မေးလိုက်သည်။

"တစ်မြို့လုံးနှံ့နေပြီ ဒယ်ဒီ၊ ကိုကို့ကို ဗုံး၀အရိပ်အယောင်တောင်မတွေ့ဘူး၊ သားသူငယ်ချင်းတွေကိုလည်း ဓာတ်ပုံပေးပြီး လှုံ့ဆော်ရှာခိုင်းထားတယ်"

"ဒီကောင်လေး တော်တော်တခွတ်ထိုးနိုင်တာပဲကွာ၊ ဒီကိစ္စကို မစွတာသောမတ်စ်သာ သိရင် မလွယ်ဘူး"

"ခုလောလောဆယ်တော့ အသိမပေးပါနဲ့ဦး ဒယ်ဒီ၊ ကိုကို့မှာ





တခြားရည်ရွယ်ချက်တော့ မရှိလောက်ပါဘူး၊ သူ့အမေကိုရှာရင်းနဲ့လမ်းပျောက်သွားတာလည်း ဖြစ်နိုင်တာပဲလေ"

"လမ်းပျောက်တယ်ဆိုရင်လည်း ဖုန်းဆက်လေ"

ညီခန့်က ဖြေသိမ့်ပြောပေးနေသလောက် ဦးမြတ်မင်းဘိုမှာ စိုးရိမ်သောကတွေ ငယ်ထိပ်ရောက်နေသည်။

"ဖုန်းဆက်ဖို့ ချာကျင်ကုန်တာလည်းဖြစ်နိုင်တာပဲ မဟုတ်လား"

"ဒါဆို လမ်းဘေးကဖုန်းကနေ ဆက်ပေါ့"

"ကိုကို့မှာ ငွေပါသွားလို့လား ဒယ်ဒီရာ၊ ခုချိန်မှာ အပြစ်တွေတင်နေမယ့်အစား သူ့ဟာသူ လွတ်လွတ်လပ်လပ်လျှောက်သွားချင်တဲ့နေရာတွေကိုလျှောက်သွားပါစေ အချိန်တန်ရင် သားတို့ကို တစ်နည်းနည်းနဲ့ ဆက်သွယ်လာမှာပါ"

"မင်းပြောသလိုဆက်သွယ်လာရင်တော့ ကောင်းတာပေါ့ကွာ၊ ဆက်သွယ်လာတဲ့ အန္တရာယ်တစ်ခုခုတစ်ခုဖြစ်လာခဲ့ရင် အရင်ဆုံး ခေါင်းတို့ခံရမှာက ငါကွ"

"ဒါဆိုလည်း လွယ်ပါတယ် ဒယ်ဒီရာ၊ ကိုကို့ပုံကို ဘေလ်ဘုတ်တင်ပြီး လူပျောက်ကြော်ငြာလိုက်ရုံပေါ့ ဟုတ်ဘူးလား၊ ကဲ ဒီနေ့ တော်ဆော့ပြီမှ်းလာလို့ ရေချိုးပြီးအနားယူလိုက်ဦးမယ် ဒယ်ဒီ၊ သားသူငယ်ချင်းတွေအကြောင်းထူးရင် ဖုန်းဆက်မှာပါ၊ ကိုကို့ပုံကိုအင်တာနက်မှာလည်း တင်ပြီးရှာခိုင်းထားတာပဲ"

ပေါ့ပေါ့ပါးပါးလေး ချွေးသိပ်ရင်း အိမ်အပေါ်ထပ်ကိုတက်သွား



www.burmeseclassic.com

www.burmeseclassic.com



သော ညီခန့်ကိုကြည့်ပြီး ဦးမြတ်မင်းဆို ရတာက်မအေးစွာဖြင့် သက်ပြင်းမောကို ဖာင်းခနဲ ချလိုက်သည်။

ကာရိုလ်သာ တစ်စုံတစ်ခုဖြစ်ခဲ့ရင် ကာရိုလ်၏ဖခင် မစ္စတာ ဒေါက်တာ သောမတ်နှင့် မြန်မာပြည်မှာ အကျိုးတူရင်းနှီးမြှုပ်နှံမှုလုပ်ဖို့ကိစ္စ တစ်မျိုးတစ်ဖုံ ပြောင်းလဲသွားနိုင်သည့်မို့ မဖြစ်ဖြစ်တဲ့နည်းနှင့် တွေ့အောင်ရှာပြီး ပြန်ခေါ်လာရမည်။

■ ■ ■

အခန်း (၆)

ကာရိုလ် ဗိုက်ထဲမှတဂွီဂွီနှင့် ဆာလောင်နေပြီဆိုတာကို အချက်ပြနေပေသည်။

ဘောင်းဘီအိတ်ထဲမှ ခရက်ဒစ်ကတ်ကို နှိုက်စမ်းကြည့်လိုက်ပြီး လမ်းဘေးထမင်းဆိုင်လေးထဲသို့ ဝင်ခဲ့လိုက်သည်။

အနောက်တိုင်းဝတ်စုံနှင့်နိုင်ငံခြားသားတစ်ဦး ဆိုင်ထဲဝင်လာပြီး ထိုင်ခုံပုလေးမှာ ကလန်ကလား ဝင်ထိုင်လိုက်သဖြင့် ဆိုင်ရှင် အံ့ဩနေသည်။

နိုင်ငံခြားသားဆိုလျှင် အင်္ဂလိပ်လိုပြောရမည်ဆိုသောကြောင့် ဆိုင်ရှင်မိန်းမကြီး ဘာစားမလဲ ထိုင်ပါဟူသောစကားကို အင်္ဂလိပ်လို ပြောတတ်၍ ခါတော်မှီကို လှမ်းခေါ်၏။

"ခါတော်မှီ"

ဈေးတာပေ

www.burmeseclassic.com

www.burmeseclassic.com



"ရှင်"

ပန်းကန်ဆေးနေရင်းမှ ခါတော်မှီ နောက်ကိုလှည့်ကြည့်ပြီး ရှာလိုက်သည်။

"အဲဒီနိုင်ငံခြားသားကို အင်္ဂလိပ်လို မေးတတ်ရင် ဘာစားမလဲလို့ မေးလိုက်ပါလား၊ ငါ မမေးတတ်ဘူးဟဲ့"

ဆယ်တန်းလေးအောင်ထားသော ခါတော်မှီအဖို့ အဒေါ်ကြီး ထက်ပိုပေမယ့် မေးရမှာ နှုတ်မရဲဖြစ်နေသည်။

"ကျွန်တော့်ကို ထမင်းနဲ့ဟင်း ပေးပါ"

"ဟော့တော် သူက ဗမာစကားတတ်တယ် အဒေါ်ရဲ့"

"အေးဟဲ့ ငါက သူဗမာစကားမတတ်ဘူးထင်လို့ ဟီး ဟီး တော်ပါသေးရဲ့ ဒါဆိုရင်တော့ ရောင်းလို့အဆင်ပြေပြီ"

အဒေါ်ကြီး ကာရိုလ်ကိုကြည့်ပြီး သဘောကျနေ၏။ ဒီလိုခပ်ချောချော ဖော်ရိန်နာတစ်ယောက် သူ့ဆိုင်မှာ ထမင်းဝင်စားပြီဆိုမှတော့ ဒေါ်တုတ်ကြီးထမင်းဆိုင် နာမည်ကြီးပြီပေါ့။

"အစ်ကို ဘာနဲ့သုံးဆောင်မလဲရှင်"

နိုင်ငံခြားသားဖြစ်နေသည့်ကတစ်ကြောင်းမို့ လိုတာထက်ပို၍ နှုတ်ချိုသာစွာ မေးလိုက်သည်။

"အစ်ကို ဟုတ်လား၊ အိုးမိုင်ဂေါ့ နားထောင်လို့ကောင်းလိုက်တာ၊ ကောင်းတယ် အဲဒီနာမည်ကို အရမ်းကြိုက်တယ်"

လက်မတစ်ထောင်ထောင်နှင့် သဘောအကျကြီးကျသွားသော





ကာရိုလ်ကို ခါတော်မှီ မှတ်မိသွားသည်။ မနေ့ညနေက ဘုရားစောင်းတန်းမှာဝင်တိုက်မိသည့်လူ။

"ဘာဟင်းနဲ့စားမလဲရှင့်"

"ကြက်ဆင်သားနဲ့ ထမင်းပေးပါ"

"ရှင်"

"အယ် ဗုဒ္ဓေါ ကြက်ဆင်သားဆိုပါလား ခါတော်ရေ"

ဆိုင်ရှင်အဒေါ်ကြီး မျက်လုံးပြူးသွားသည်။ လမ်းဘေးထမင်းဆိုင်လေးမှာ လာစားပြီး ကြက်ဆင်သားနှင့်မှသည်မို့ အခက်တွေ့သွားပုံလည်းရသည်။

သူက ရောင်းချင်တာလေ အဓိကက ဒီနိုင်ငံခြားသား သူ့ဆိုင်မှာရှိသောဟင်းတွေနှင့် မြိန်ရေယှက်ရေစားသွားဖို့ပဲ၊ ဒါမှ သူ့ဆိုင် နာမည်ကြီးမှာမဟုတ်လား။

"ခါတော် လုပ်ဦး၊ ကြက်ဆင်သား ငါ ကြားတောင်မကြားဖူးဘူး၊ မရှိဘူးလို့ပြောပြီး ထပြန်မသွားအောင် ဟင်းတွေရွတ်ပြလိုက်"

"ဟုတ် ဟုတ်ကဲ့"

"ဒီဆိုင်မှာ ကြက်ဆင်သားမရှိပါဘူး"

"ဒါဆိုရင် သိုးသားရော"

"တင့်အင်း သိုးသားလည်းမရှိဘူး၊ ကြက်သား ဝက်သား ငါးဖယ် ဘဲဥ ပဲကုလားဟင်း ငါးကြော်နှပ် အမဲနှပ် ကထာန်းရှိုင်ချက်ငါးတွေပဲရှိတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ရှူသွတ် ရှုတ်ပြုတ်ပဲဟင်းတွေက စားချင်စရာပဲ၊ ဟိုလေ ကထန်း ဒင်းရဲ့အခဲနှပ်ဟင်းပေါ့"

"ဟုတ်ကဲ့ ခဏစောင့်ပါနော်"

နှုတ်သုတ်သည့်အဝတ်စဖြင့် ကာရိုလ်ထိုင်သည့်စားပွဲကို ခါတော်မှီ ပိုရှုံသန့်သွားအောင် သုတ်ပေးလိုက်သည်။

ခါတော်မှီ၏လှုပ်ရှားမှုဟန်တွေကို ကာရိုလ် သတိလက်လွတ် ငေးမောနေမိသည်။

တော်တော်လှသည့်မိန်းကလေး။ မျက်နှာလေးက ကြည်လင် ဝင်းပပြီး အပြစ်ကင်းစင်လိုက်တာ။ ဒီလောက်လှသည့်မိန်းကလေးက အချစ်ရေးမှာ ဘာကြောင့် ကံမကောင်းရသနည်း။

"အစ်ကို ထမင်းဟင်းတွေရပါပြီ၊ သုံးဆောင်လို့ရပါပြီ"

ကာရိုလ်မကြား။ ခါတော်မှီကို ငေးမြဲတမ်း ငေးနေ၏။

ခါတော်မှီ ရှက်ရဲရဲမျက်နှာဖြင့် နောက်တစ်ကြိမ် ထပ်ပြော၏။

"အစ်ကို ဟင်းနဲ့ထမင်း ရပါပြီ"

"ဪ အိုကေ အိုကေ ကျေးဇူးတင်ပါတယ်"

ဒီတော့မှ ကာရိုလ် သူ့နိုးလူမိဆိုသလို အရှက်ပြေကျေးဇူးတင် စကားဆိုရင်း ဖွန်းနှင့်ခက်ရင်းကို စတိုင်ကျကျ ကိုင်လိုက်သည်။

ထမင်းကိုအားရပါးရ စားနေပုံကြောင့် ဆိုင်ရှင်အဒေါ်ကြီး တော်လေးသဘောခွေ့သွားကာ သူ့သားတစ်ယောက်ကို လက်တို့လှမ်း ခေါ်ရင်း ဖုန်းနှင့်အမှတ်တရ ဓာတ်ပုံတွေရိုက်ခိုင်းတော့၏။





ပြီးလျှင် ထိုဓာတ်ပုံကို ဆိုင်မှာချိတ်ထားရမည်။

"အား ရှူး ရှူး ရှေ ရှေ"

ရခိုင်ကထန်းချက်ဟင်းကြောင့် ကာရိုလ် မျက်နှာတစ်ပြင်လုံး နီရဲတွတ်ကာ ချွေးသီးချွေးပေါက်တွေ လိမ့်ကျလာ၏။

အစပ်ကြောက်ပေမယ့် အရသာရှိနေသဖြင့် တမင်စပ်မှန်းသိ သိကြီးနှင့် ဖွတ်စားမိလိုက်သဖြင့် နေမထိထိုင်မသာ စပ်ပူစပ်လောင် ဖြစ်နေရသည်။

ကာရိုလ်ကိုကြည့်ပြီး ခါတော်မှီ သနားသွားသည်။

"အစ်ကို တော်တော်စပ်နေသလား"

"ရက်စ် ဟုတ် ဟုတ်တယ် တအားစပ်တယ်၊ အရမ်းကိုစပ် တယ်"

"ရော့ ဒီအချိုရည်လေး သောက်လိုက်ပါ"

စေတနာတွေပိုမိကာ ရေခဲဘူးထဲမှ အချိုရည်တစ်ပုလင်းယူကာ အဖုံးဖွင့်ပြီး ပိုက်တပ်ပေးလိုက်သည်။

စပ်လွန်းအားကြီး၍ အချိုရည်ကို ပိုက်ဖြင့်အလောတကြီး စုပ် သောက်လိုက်သည်။ သောက်နေရင်းမှ ခါတော်မှီကို ကျေးဇူးတင်သော အကြည့်ဖြင့် လှမ်းကြည့်လိုက်သေးသည်။

တော်တော်လေး နေသာထိုင်သာရှိသွားတော့မှ ဖင်ကပ်သာ ရှိတော့သော အချိုရည်ပုလင်းကို စားပွဲပုလေးပေါ် တင်လိုက်ပြီး

"ကျေးဇူးတင်ပါတယ် ထမင်းနဲ့ဟင်း အရမ်းစားလို့ကောင်း



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို နောက်လည်း ဒီဆိုင်မှာ အမြဲလာစားပါနော်၊ ကိုယ့် …ကိုပြန်သွားရင်လည်း ဒီဆိုင်က ထမင်းဟင်းကောင်းကြောင်း တခြားသူတွေကို ညွှန်ပေး။ ဒါမှ နိုင်ငံခြားသားတွေ အဒေါ်ဆိုင်ကို များများလာအားပေးကြမှာ"

"ဟုတ်ကဲ့ နောက်လည်း လာစားပါမယ်၊ အိုကေ အိုကေ ကျေးဇူးတင်ပါတယ်၊ ထမင်းခ ဘယ်လောက်ပေးရမလဲ"

"ထောင့်သုံးရာ ကျပါတယ်"

"အိုကေ"

ဘောင်းဘီအိတ်ထဲမှ ခရက်ဒစ်ကတ်ကိုထုတ်ပြီး ဆိုင်ရှင် အဒေါ်ကြီးကို လှမ်းပေးလိုက်သည်။

ဆိုင်ရှင်အဒေါ်ကြီး မျက်လုံးပြူးသွားသည်။

"အဲ အဲဒါ ဘာလဲ လိပ်စာကတ်လား"

"အိုး နိုး နိုး မဟုတ်ဘူး၊ ဒါ ခရက်ဒစ်ကတ်"

ခါတော်မှီ သဘောပေါက်သွားသည်။ လမ်းဘေးဆိုင်တွေမှာ ခရက်ဒစ်ကတ် သုံး၍မရဘူးဆိုတာ ဒီလူနည်းနည်းမှသိပုံမပေါ်။

"ကဲ့ အဒေါ်ကြီးရေ ဒီခရက်ဒစ်ကတ်က ကုန်တိုက်တွေ ဟိုတယ်တွေမှာပဲ သုံးလို့ရတာ၊ ဩော် အစ်ကို့မှာ ပိုက်ဆံမပါဘူးလား ဒါက ဒီမှာ သုံးလို့မရဘူး"

လက်မနှင့်လက်ညှိုးလေးဝိုင်းပြပြီး ရှင်းပြနေသောကြောင့်





ကာရိုလ် သဘောပေါက်လွယ်ကာ သူ့နဖူးသူရိုက်လိုက်ပြီး

"မရဘူးတဲ့လား။ ဒါဆို ငွေ ငွေမပါဘူး၊ ဒီကဒ်နဲ့ပဲ သုံးတာ"

"ဟော့တော်"

အဒေါ်ကြီး မျက်လုံးပြူးကာ ခေါင်းကုတ်သွားသည်။

"အဒေါ် သူစားတဲ့ငွေကို ခါတော်ကိုပေးမယ့် ပန်းကန်ဆေးခထဲက ဖြတ်လိုက်ပါတော့နော်"

"အေး အေး ဒီလိုပဲ လုပ်ရတော့မှာပေါ့အေ၊ ညည်းက နောက်မှ သူ့ဆီက ပြန်တောင်းပေါ့"

အခြေအနေတွေအားလုံးကို သဘောပေါက်သွားကာ ကာရိုလ်မှာ ခါတော်မှီ၏သဘောကောင်းပုံကြောင့် တော်တော်လေး အားနာသွားရသည်။

စိတ်ထဲမှ တော်တော်လေးလည်း လေးစားမိသလို ကျေးဇူးတွေ အထပ်ထပ်တင်နေမိတော့၏။

"နောက်နေ့ ဒီဆိုင်ကိုလာပြီး ပေးပါ့မယ်"

"ရပါတယ် ခါတော် ဒါနပြုတယ်လို့ပဲ သဘောထားပေးပါ"

သဘောကောင်းလွန်းသော ကောင်မလေးကြောင့် ကာရိုလ် ထမင်းဆိုင်မှပြန်ထွက်လာသည့်တိုင် စိတ်ထဲမှာတော်တော်လေး လှုပ်ရှားခံနေမိသည်။

ဘဝမှာ ဒီတစ်ကြိမ်သာ ပထမဦးဆုံးရင်ခုန်ခြင်းပင်ဖြစ်သည်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၇)

မိုက်ပြည့်ဖို့အတွက် ဒေါ်တုတ်ကြီးဆိုင်မှာ ဝိုင်းကူလုပ်ပြီး ဖြေရှင်းခဲ့ပေမယ့် ညနေမှောင်ရီပျိုးလာသည်နှင့် ဘယ်နေရာမှာတစ်ညတာ နိုလှုံရမှန်းမသိအောင် ခါတော်မှီသောကတွေက ရင်မောစရာပါ။

ယောက်ျားလေးဆိုလျှင်တော့ ကြုံသည့်နေရာမှာအိပ်၍ရသည်မို့ သိပ်ပြဿနာမရှိ။ ခါတော့လို အရွယ်ကောင်း မိန်းကလေးတစ်ယောက် အဖို့မှာတော့ ပြဿနာတွေအကြီးကြီး ဖြစ်သွားနိုင်သည်။

ညနေစောင်း မှောင်ရိပ်သန်းလာလေ အန္တရာယ်တွေက ခါတော် မှီနားကို တစစ တိုးကပ်လာသလိုပင် စိတ်ထဲမှာ မလုံမခြုံ ဖြစ်မိသည် ဘဝမှာ ထိုသို့ လမ်းပေါ်ရောက်ရလိမ့်မည်ဟု ဘယ်တုန်းကမှ မတွေးခဲ့ဘူးပါ။





လူ့ဘဝဆိုတာ မျှော်လင့်သလိုတွေဖြစ်မလာတတ်သလို မမျှော်လင့်ထားတာတွေပါလည်း ဘဝတစ်ခုကို ပိုင်ဆိုင်သည့်လူတိုင်း ကြုံရစမြဲမို့ ငယ်ငယ်ရွယ်ရွယ်နှင့် တရားသဘောဆန်ဆန် လိုရာဆွဲတွေးမိပါသည်။

အဖေတစ်ခုသမီးတစ်ခုဘဝကနေ ယခုလမ်းပေါ်မှ တေလေကျိုးဖြစ်ခဲ့သည့်အခြေအနေကို ရင်ဆိုင်နေရပြီမို့ ဘယ်သူ့ကို ဟစ်အော်အကူအညီတောင်းရမလဲ။

ဒုက္ခတွေ ထမ်းပိုးထားသည့် အနာဂတ်သည် မကြုံဆိုပေမယ့် ရောက်ရှိလာမည်ဖြစ်သည်။ ကြုံဆိုရန်လည်း လုံလောက်သော အင်အားမရှိတာအမှန်ပင်။

ဒီအချိန်မှာ တစ်ယောက်ယောက်ကို တိုင်တည်ပြီး ခါတော်ငိုပစ်ချင်ပါသည်။ သို့သော် ဒီအချိန်မျိုးမှာ ငိုနေလို့ ကိုယ်ရင်ဆိုင်ကြုံတွေ့နေရသည့်ဒုက္ခတွေက လျော့သွားမှာမို့လား။ ဒီတော့ ငိုမနေဘဲ စွန့်စားခန်းတွေနှင့်ရှေ့ဆက်ရတော့မည်။

ထိုစွန့်စားမှုသာအောင်မြင်လျှင် ခါတော့အတွက် အလုံခြုံဆုံးသောနေရာတွင် ညတွေကိုကုန်ဆုံးနိုင်လိမ့်မည်။

ယုံကြည်ချက်တွေဖြင့် အားတင်းထားပေမယ့် ခံနိုင်ရည်ရှိမှု အင်အားကတော့ ခပ်ယှဲ့ယှဲ့။

ခုချိန်မှာ ဖေဖေ ဘယ်ရောက်နေလိမ့်မလဲ။ သမီးဖြစ်သူ ဘယ်လောက်ဒုက္ခတွေရင်မှာပိုက်ပြီး လမ်းပေါ်မှာရောက်နေသလဲဆိုတာ ဖေဖေ

www.burmeseclassic.com



နည်းနည်းလေးတောင် ရိပ်မိပါရဲ့လားဟု စိတ်ထဲကနေ တိုင်တည်ပြီး လှမ်းမေးလိုက်သည်။

ဖုန်းဆက်ကြည့်ပြန်တော့လည်း ဖုန်းမကိုင်။ စက်ပိတ်ထားသည် ဆိုသည့် မြေကြားချက်တွေကိုသာ အဖန်ဖန်ရကြားနေရတော့ ဖုန်းလည်းထပ်မဆက်ချင်တော့။

ကိုယ့်ဒုက္ခထက် ဖေဖေ့ဒုက္ခကိုလှမ်း၍ပူပန်မိသေး၏။

တွေးရင်းဖြင့် သက်မဟောတစ်ချက်ကို ခပ်မှုန်းမှုန်းမှုတ်ထုတ်လိုက်ပြီး ဟိုးခပ်ဝေးဝေးမှာမြင်နေရသော ဆိပ်ကမ်းဘက်သို့ မရည်ရွယ်ဘဲလျှောက်သွားလိုက်သည်။

ရေပြင်ကျယ်ကြီးပေါ်မှ ရှပ်ပြေးသွားသော လှိုင်းသေးသေးလေးတွေကို အဓိပ္ပာယ်မဲ့ငေးကြည့်ချင်သည်။ တစ်ဖက်ကမ်းမှ မီးအလင်းရောင်တွေက ရေပြင်မှာ အရိပ်ထင်လျက် ညအချိန်ကို ကူးပြောင်းပြီဆိုတာကို သတိပေးနေသလိုပင်။

ညလေပြည် ခပ်သုတ်သုတ်ကြားမှ လင်းထိန်ဝင်းပနေသော ကမ်းနားတစ်လျှောက် လေညင်းခံသူများ စည်ကားလျက်ရှိသည်။

ခါတော်မှီမှလွဲ၍ အားလုံး၏စိတ်ခံစားမှုတွေသည် ကြည်လင်လန်းဆန်းနေကြမည်မှာမလွဲ။

ခုံတန်းတွေမှာထိုင်နေကြသော ချစ်သူစုံတွဲတွေဘက်သို့ အကြည့်အချို့ငေးခနဲ ကျရောက်သွားပြန်သည်။ အာရုံထဲမှာ ချစ်သူအဖြစ် လတ်လတ်ဆတ်ဆတ် ပြတ်စဲထားသော လင်းသန့်၏ပုံရိပ်ဖျတ်ခနဲ ပေါ်လာ





သည်မို့ ရင်ထဲမှာကျဉ်ခနဲ ခံစားလိုက်ရပြီး ကျွတ်ခနဲ စုတ်သတ်ကာ အောက်နှုတ်ခမ်းကို ခပ်တင်းတင်းဖိကိုက်မိလျက်သား ဖြစ်သွားသည်။

မသိစိတ်ကတောင် ဒီလောက်နာကျင်နေမိသည်ဆိုမှတော့ လမ်းခွဲခဲ့မိတာ ဘယ်လိုမှ မမှားနိုင်။

အလကားကောင် အချောင်သမားဟု စိတ်ထဲမှာ ခပ်ပျစ်ပျစ် ကျိန်ဆဲပစ်လိုက်သည်။ ဒီကောင့်မျက်နှာကို အာရုံထဲ ထပ်မပေါ်လာအောင် တခြားအကြောင်းကိုပဲ တွေးနေတော့မည်ဟု ကိုယ့်ကိုယ်ကိုယ် သတိပေးလိုက်၏။

အတွေးတို့ကို ထိန်းပိုးရင်း ခြေဦးတည့်ရာသို့ လျှောက်လာလိုက်သည်မှာ လူရှင်းသောဆိပ်ခံဘောတံတားထိပ်သို့ပင် ရောက်နေလေ၏။

စင်ရော်ငှက်တို့ပျံသန်းနေရာဘက်မှ ဝေ့ခနဲ ဖြတ်တိုက်လာသော လေကြမ်းကြမ်းက သောကတွေနှင့်နေသည့် ခါတော်မှီ့ဆံစတွေကို ဖယိမ်းထိုးလွှပ်ခါသွားအောင် ဆော့ကစားသွားသည်။

မျက်နှာပေါ် ဖရိုဖရဲပြိုကျလာသော ဆံစအချို့ကိုသပ်ကာ သိမ်းလိုက်ပြီး ဟိုးအဝေးကြီး မီးအလင်းရောင်တွေဆီသို့ ငေးကြည့်လိုက်သည်။

"ဟေး ဟေး"

ကိုယ့်ထက်အရင် ဦးအောင်ရောက်နှင့်နေသည့် လူတစ်ယောက်ဆီမှ အာခေါင်ခြစ်၍ အော်လိုက်သည့်အသံကြောင့် ခါတော်မှီ ဖျတ်ခနဲ လှည့်ကြည့်လိုက်သည်။

တောင်တောင်မောင်းမောင်းနှင့် စတိုင်ကျသော ယောကျ်ား



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်မှာ အဝေးကမြင်ရုံနှင့် သိနိုင်သည့်လူတစ်ယောက်။

တစ်ခုခုကိုပျော်ရွှင်နေတာလား။ ခံစားနေရတာလား။ မခွဲခြားတတ်သော အမူအရာဖြင့် လောကကြီးကြားအောင် အော်နေပုံရသည်။

ကျောက်ခဲတွေကို ဟိုးခပ်ဝေးဝေးကို အရှိန်ဖြင့်ပစ်ပေါက်ရင်း ကလေးတစ်ယောက်လို ခုန်ပေါက်နေပြန်က တော်တော်လေးကို အပူအပင်မရှိလွတ်လပ်နေပုံရသည်။

ခါတော်အတွေးတွေ ငုပ်လျှိုးသွားရလောက်အောင် ထိုလူ့ကို အာရုံဝင်စားသွားမိသည်။

ခြေလှမ်းတွေက ထိုလူနှင့်အနီးဆုံးနေရာသို့ ရောက်အောင် သူ့အလိုလို လှမ်းသွားမိသည်။

ကိုယ့်ကိုတစ်ပတ်လှည့်ပြီး ခုန်လိုက်သော ထိုလူ့အကြည့်တွေက သူ့အနားထိလျှောက်သွားသော ခါတော်ထံသို့ ဖျတ်ခနဲ ရောက်လာသည်။

"ဟာင်"

"အိုး ထပ်ဆုံပြန်ပြီနော် မင်္ဂလာပါ"

နှစ်ဦးသား အံ့သြခြင်းတွေဖြင့် နှုတ်ဆက်လိုက်ကြသည်။

"ရှင် ညနေက ထမင်းလာစားတဲ့လူပဲ"

"ဟုတ်ပါတယ်"

"ဒီမှာ ဘာလာလုပ်တာလဲ"

"ရေပြင်ကြီးကိုအဖော်လုပ်ပြီး လောကကြီးနဲ့စကားတွေလာပြောတာ၊ မင်းကရော လေကောင်းလေသန့် လာရှူတာလား"





"ခါတော်လည်း ရှင့်လိုပဲ လောကကြီးနဲ့စကားပြောချင်လို့"

"အိုးမိုင်ဂေါ့ စိတ်ခံစားချက်ချင်း တူလိုက်တာ၊ အရမ်းအံ့သြဖို့ကောင်းတယ်"

"ရှင်က မြန်မာလား"

"ရက်စ် ဟုတ်မယ်ထင်တယ်၊ ဒါကြောင့် ကိုယ် မြန်မာလိုပြောတာပေါ့"

"ကိုယ်ဘယ်သူလဲဆိုတာတောင် ကွဲကွဲပြားပြား မသိဘူးလား၊ ရှင် ကိုမာဝင်နေတာလား"

"ဟုတ်မယ်ထင်တယ်၊ ကိုယ် ဘယ်သူဆိုတာသိဖို့ ကြိုးစားတာထက် ခုလိုလယ်ပေါ်မှာ လွတ်လွတ်လပ်လပ် နေရတာကို ပိုသဘောကျတယ်"

"ဩော်"

"နာမည်က ဘယ်လို ခါတော် ဟုတ်လား"

"ခါတော်မိုပါ"

"ဝါး တကယ့်ကို နန်းစံတဲ့နာမည်လေးပဲ၊ အရမ်းလှတယ်၊ လှလည်း လှတယ် သဘောကျတယ်"

"ရှင်"

"ကိုယ်တို့မိတ်ဆွေဖြစ်ကြရအောင်၊ ကိုယ့်နာမည် ဒေးဗစ်ဘာရိုလ်ခရုစ်"

"ဟင့်အင်း ခါတော်တို့ မြန်မာမိန်းကလေးတွေက တွေ့တဲ့လူ



www.burmeseclassic.com

www.burmeseclassic.com



တိုင်းနဲ့မိတ်ဆွေဖွဲ့တတ်တဲ့အကျင့်မရှိဘူး''

ပြုတ်သားစွာ ငြင်းဆန်ပစ်လိုက်သည်။

''ဒါပေမဲ့ ခါတော်နဲ့ကိုယ်နဲ့က နှစ်ခါဆုံပြီးပြီ၊ ခုအကြိမ်နဲ့ဆိုရင် သုံးကြိမ်မြောက်''

သူ့စကားကြောင့် ခါတော့မျက်ဝန်းလေး ပိုင်းစက်သွားရလောက်အောင် အံ့ဩသွားရသည်။

''သုံးကြိမ်ဆုံပြီးပြီ ဟုတ်လား၊ မဖြစ်နိုင်ဘူး''

''ကိုယ့်ဘက်က ဖြစ်နိုင်တယ်၊ ဘုရားပေါ်မှာ မင်းအဖော်ကိုပါ ရိုက်ပြီး လှေကားပေါ်ကဆင်းလာတော့ ဝင်တိုက်မိတယ်၊ အဲဒီတုန်းက တစ်ကြိမ်ထမင်းဆိုင်မှာ တစ်ကြိမ် ခုတစ်ကြိမ်''

ဘုရားရေ့ လင်းသန့်နှင့် စကားအခြေအတင်ဖြစ်ပြီး ပါးရိုက်လိုက်တာကို သူမြင်တယ်ဆိုပါလား။

ခါတော်မျက်နှာလေးမှာ ရှက်သွေးဟန်လေးဖြစ်ပြီး ခေါင်းငုံ့လိုက်သည်။

''မင်းတော်တော်ခံစားရမှာပဲနော်''

အရာရာကို သဘောပေါက်နားလည်ဟန်ဖြင့် မေးလာသည့် အမေးကြောင့် မထူးတော့ပြီမို့ ငပ်လေးလေး ခေါင်းခါပြလိုက်ပြီး

''ဟင့်အင်း ခါတော့ဘဝ ရေတိမ်နစ်သွားတာကိုပဲ ကံကြမ္မာကို ကျေးဇူးတင်ရမှာပါ၊ ဒီလိုတစ်ကိုယ်ကောင်းဆန်တဲ့ယောက်ျားမျိုး ခါတော့အနားက စောစောထွက်သွားတာကောင်းတယ်၊ ဝမ်းနည်းတာထက်ပိုပြီး





နာကျင်ရလို့ သူ့အကြောင်းကို မတွေးမိအောင်နေတယ်''

ဒီထက်ဆက်ပြီး ဘာမှထပ်ပြောစရာမရှိတော့၍ မီးရောင်လက်လက်တွေ တလှုပ်လှုပ်ထင်နေသော ကန်ရေပြင်ကို အဓိပ္ပာယ်မဲ့ငြိမ်သက်စွာ ငေးမောနေလိုက်သည်။

''ခါတော်မို လောကကြီးနဲ့စကားပြောချင်လို့ဆို ပြောလေ''

အလိုက်တသိ သတိပေးလာပေမယ့် ရှုပ်ထွေးနောက်ကျိုနေသော ခံစားမှုအရင်းအမြစ်ကို သူစိမ်းယောက်ျားတစ်ယောက်ရှေ့မှာ လှတ်လှတ်လပ်လပ် ရင်ဖွင့်ဖို့ ကိုယ်မှမရဲတာ။

''ဟင့်အင်း လောကကြီးနဲ့စကားပြောဖို့ဆိုတာ ကိုယ့်အနားမှာ ဘယ်သူမှမရှိမှ ဗီလင်အပြည့်နဲ့ပြောရတာ ဒါမှလောကကြီးက ကြားမှာ''

''ဪ ဟုတ်လား အိုကေ ကိုယ်ရှောင်ပေးပါ့မယ် ဘိုင့် ဘိုင်''

ဘောင်းဘီအိတ်နှစ်ဖက်ထဲ လက်နှိုက်ကာ စတိုင်ကျကျဖြင့် နှုတ်ဆက်၍ ထွက်သွားသော ကာရိုလ်ကို အပြုံးမဲ့မဲ့ဖြင့် ပြန်၍နှုတ်ဆက်လိုက်သည်။

ကာရိုလ် အနားမှထွက်သွားပြီး တော်တော်လှမ်းလှမ်းရောက်မှ ရင်ထဲမှာ ဟာဆင်းသွားကာ ဝမ်းနည်းစိတ်တို့ တိုးဝင်လာ၏။

မြစ်ရေပြင်ကို အဓိပ္ပာယ်မဲ့ ငေးနေရင်းမှ ကြယ်ရောင်တွေ စောက်ပနေသော ငွေမင်ရောင်ကောင်းကင်ကြီးကို အားကိုးတကြီး မျှော်မော့လိုက်ပြီး မျက်ဝန်းအိမ်မှ မျက်ရည်တို့ လွတ်လပ်စွာကျဆင်းခွင့်ပြုလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ပြီးနောက် ကိုယ်ကိုရှေ့သို့အားယူကိုင်းညွတ်ပြီး အာခေါင်ခြစ်၌ အားရပါးရ အော်လိုက်သည်။

လောကကြီး ကြားပါရဲ့လား။ ကျွန်မရဲ့နာကျင်ကြေကွဲဆုံးရှုံးမှုတွေကို တဆိတ်လောက် လှည့်ကြည့်ပေးပါ။

■ ■ ■

## အခန်း (၁)

"ဟော့ ဟော့ နေဦး အဲဒီမှာရပ်စမ်း"

တလိမ့်လိမ့် မောင်းလာသော ကားပေါ်မှ လူတစ်ယောက်၏ အားမြစ်သံကြောင့် ခါတော်မှီ ဖျတ်ခနဲ လှည့်ကြည့်လိုက်သည်။

"ဟင်"

ရင်ထဲ ဒိန်းခနဲဆောင့်သွားပြီး ခြေလှမ်းတွေ ဖရိုဖရဲဖြစ်ကာ ချက်နှာမှာ ဖြုံးဆုပ်သွားသည်။

ကားပေါ်မှ လူနှစ်ယောက်ဆင်းလာပြီး ခါတော်ရှိရာသို့ အပြေးတစ်ပိုင်း လျှောက်လာကြသည်။ လှည့်ပြေးမည်ဟု ဟန်ပြင်ပေမယ့် အချိန်မမီတော့။

"ဟော့ ပြေးဖို့ မကြိုးစားနဲ့ မင်းကို လိုက်ရှာနေတာ ဒီနေ့တစ်နေ့ကုန်းပဲ၊ တွေ့မယ်တွေ့တော့လည်း အချိန်ကောင်းပါလား ဟား ဟား ဟား"



www.burmeseclassic.com

www.burmeseclassic.com



"ရှင် ရှင်တို့ ဘာလုပ်မလို့လဲ၊ ရှင်တို့လုပ်ချင်တဲ့အကြွေး မဆပ်နိုင်လို့ အိမ်ကိုချိတ်ပိတ်ပြီးပြီလေ၊ ကျွန်မကိုလိုက်ရှာတော့ရော ဘာထူးမှာလဲ"

ကြောက်စိတ်နှင့်ဒေါသရောကာ အရဲစွန့်ပြီး ပြန်အော်ပစ်လိုက်သည်။

"မင်းကြောင့် ဂျော်နီ ဆေးရုံမှာ အတွင်းလူနာအဖြစ် နေနေရတာ မင်းသိလား ဟမ်၊ ဒါကြောင့် ဆရာကြီးက မင်းကိုတွေ့တဲ့နေရာမှာ ဆွဲခေါ်ခဲ့ခိုင်းတယ်၊ စခန်းမှာလည်း အမှုဖွင့်ထားတယ်"

"ဘာ အဲ အဲဒီလူ ဆေးရုံမှာ ဟုတ်လား"

"ဟုတ်တယ် သူ့ အခြေအနေမကောင်းဘူး၊ အာရုံကြောကို ထိသွားတဲ့အတွက် အသက်မျှော့မျှော့ပဲ ကျန်တော့တယ်"

"ဟင် တ တကယ်"

"ဟုတ်တယ် ဒါကြောင့် မင်း ငါတို့နဲ့ လိုက်ခဲ့ရမယ်"

အကြောင်းပြချက်နိုင်လုံအောင်ပေးပြီး ခါတော်မှီလက်ကို ဖျတ်ခနဲ လှမ်းဆွဲ၏။ ခါတော်မှီ ထိတ်လန့်စိုးရွံ့ခြင်းတွေကြားမှ ရုန်းသည်။

"ဟင့်အင်း မလိုက်ဘူး မလိုက်ဘူး"

"မလိုက်လို့မရဘူး၊ မင်းကြောင့် ဂျော်နီ သေရတော့မယ်"

"အို အဲဒါ မ မဖြစ်နိုင်ဘူး"

"အေး မဖြစ်နိုင်ဘူးဆိုမှတော့ နင့်ကိုဂျော်နီဆီခေါ်သွားမယ်၊ သူ နင့်ကြောင့် အသက်ထွက်သွားရတဲ့မြင်ကွင်းကို နင် တစိမ့်စိမ့်ထိုင်





ကြည့်ရအောင် ဆရာကြီးက ခေါ်ခိုင်းလိုက်တာ"

"အို မကြည့်ဘူး မလိုက်ဘူး၊ အကယ်၍ ကျွန်မကြောင့် သေသွားခဲ့မယ်ဆိုရင်တောင် ရှင်တို့နောက်မလိုက်ဘူး၊ ကျွန်မဖာသာ စခန်းမှာသွားပြီး အဖမ်းခံမယ်"

"စိတ်ချ မြကန်သာ ဆေးရုံမှာ ဂျော်နီ အသက်ထွက်ပြီးတာနဲ့ မင်းကိုလည်း ရဲကဖမ်းသွားမှာ"

"လွှတ် လူယုတ်မာတွေ မလိုက်ဘူး"

"အောင်မာ ကောင်မ နင်ကများ ငါတို့ကို အာခံရတယ်ဟုတ်လား ဟမ်"

"ဟေ့ကောင် ရှည်ရှည်ဝေးဝေး ပြောမနေနဲ့ လာ အတင်းသာ ဆွဲခေါ်ကွာ"

ယောကျ်ားအားနှင့် အတင်းဆွဲခေါ်ကြသည်မို့ ခါတော်မှီ ရုန်းကန်၍မရ

"ရှင်တို့လွှတ်နော်"

ယက်ကန်ယက်ကန်နှင့် ကားဆီသို့ ပါလာသည်။

"ကျွန်း"

"ဝုန်း"

ကားထဲကို အတင်းဆွဲထည့်ကာ ကားတံခါးကို ခပ်ဆောင့်ဆောင့်ပိတ်သံက ညအမှောင်မှာ ဟိန်းနေသည်။

ခါတော်မှီ ကြံရာမရတော့ သူတို့လက်ထဲမှာ ငြိမ်ပြီးတော့ ပါ



www.burmeseclassic.com

www.burmeseclassic.com



မျှော်နိုး ချိန်မှာ ရှုန်းမထွက်နိုင်လျှင် ခါတော့်ဘဝ တစ်စစီ စုတ်ပြတ်သတ်သွားပေတော့မည်။

စိုးရိမ်ကြောက်ရွံ့မှုတွေကြောင့် အသားတွေ တဆတ်ဆတ်တုန်ကာ ဆောက်တည်ရာမဲ့သော စိတ်တွေကို ရဲဆေးတင်လိုက်ပြီး အာရုံတွေကို စုစည်းလိုက်သည်။

ထိုသို့ စုစည်းနေစဉ်မှာပင်

"ဟာ ကားစက်က အရေးထဲမှာ နှိုးမရဘူးကွာ"

ကားမောင်းသူနေရာမှာ ဝင်ထိုင်ပြီး ပြောလိုက်သောလူ၏ စကားကြောင့် ခါတော့်အတွက် ထွက်ပေါက်တစ်ခုရသွားသည်။

လူရမ်းကားနှစ်ယောက် ကားစက်နှိုးမရခြင်းအပေါ် အာရုံစိုက်နေတုန်း ကားတံခါးကို ဖျတ်ခနဲ တွန်းဖွင့်ကာ ကားပေါ်မှဆင်းကာ ထွက်ပြေးလာလိုက်သည်။

"ဟာ ဟေ့ကောင် ဟိုမှာ ပြေးပြီ ပြေးပြီ"

နောက်မှခပ်သဲ့သဲ့အသံနှင့် ဝရုန်းသုန်းကား ပြေးလိုက်လာသော ခြေသံတွေကြောင့် သွေးမပျက်အောင် စိတ်ကိုငြိမ်အောင်ထိန်းရင်း ခြေလှမ်းကြဲကြဲတွေကို မြန်နှုန်းမြှင့်လိုက်သည်။

ညသန်းခေါင်ယံမှာ မိန်းကလေးတစ်ယောက် ကူကယ်ရာမဲ့ ခြေဦးတည့်ရာပြေးနေရတဲ့အဖြစ်က ဘယ်လောက်ဆိုးဝါးလိုက်တဲ့ ကံကြမ္မာလဲလို့။



## အခန်း (၉)

လူကပြေးရလွန်း၍ မောဟိုက်၍လာကာ ဆက်မပြေးနိုင်တော့။ နောက်မှလိုက်လာသော လူနှစ်ယောက်၏ခြေသံကိုလည်း မကြားရတော့။ မောရခြင်းတွေက ရင်ဝမှာတစ်ဆို့ကြီးဖြစ်ကာ အသက်ကို ခက်ခက်ခဲခဲ ရှူသွင်းနေရသည်။ ရှေ့ကိုမျှော်ကြည့်လိုက်သောအခါ လူအရိပ်တစ်စတောင် မရှိသော မှောင်မိုက်သောလမ်း။

ရင်တွေတဒိန်းဒိန်းခုန်လာကာ အားငယ်စိုးရွံ့လျက် ငိုချင်စိတ်တွေ ဖြစ်လာကာ အီးခနဲ ငိုချလိုက်သည်။ ခေတ်တိုင်မီးရောင်မှိန်မှိန်သာ လင်းသော ညအမှောင်လမ်းမပေါ်မှာ ခါတော်မှိုင်ငိုသံက သနားစရာကောင်းလောက်အောင် ခပ်သဲ့သဲ့ ထွက်ပေါ်လာသည်။

ဒီအတိုင်း ဆက်လုပ်နေလျှင် အန္တရာယ်က မဖိတ်ခေါ်ဘဲ ထပ်



www.burmeseclassic.com

www.burmeseclassic.com



ရောက်လာနိုင်သည်မို့ ဒီတစ်ညအဖို့ လုံခြုံသောနေရာတစ်နေရာမှာ ဝင်အိပ်ရတော့မည်။

ဘေးဘီဝဲယာကို ဝေ့ကြည့်လိုက်သည်။ ဘုန်းကြီးကျောင်းတစ်ကျောင်းကို လှမ်းတွေ့လိုက်သည်။

ကျောင်းဝင်းထဲ မဝင်လျှင်တောင် ဘုန်းကြီးကျောင်းဝင်းရှေ့တွင်ရှိနေသော ဈေးဆိုင်လေးတစ်ဆိုင်ကို အားကိုးစိတ်ဖြစ်သွားသည်။ ညဥ့်အချိန်မို့ ဆိုင်ပိတ်နေပြီဖြစ်ပေမယ့် အမိုးအကာရှိနေသော ထိုဆိုင်လေးထဲမှာ မိုးလင်းပေါက် ငုတ်တုတ်ထိုင်ရစေဦးတော့ လုံခြုံနိုင်သည်မို့ ထိုဆိုင်ခန်းလေးရှိရာသို့ ခပ်သွက်သွက် လျှောက်သွားလိုက်သည်။

မုန့်ဟင်းခါးဆိုင်ဖြစ်ဟန်တူသော ဆိုင်လေးထဲသို့ စမ်းတဝါးဝါး ဝင်ခဲ့လိုက်သည်။

"တော်ပါသေးရဲ့ ဒီတစ်ညတော့ ဒီမှာပဲ ငုတ်တုတ်မိုးလင်းရတော့မှာပဲ"

ဆိုင်ထောင့်ဘက်ရှိ မှောင်ရိပ်သမ်းသော နေရာသို့ ခြေသံခပ်ဖွဖွနင်းကာ ဝင်ထိုင်လိုက်သည်။ ကြောက်စိတ်တွေရှိနေသေးပေမယ့် စောစောကလောက်တော့ မပြင်းပြတော့။

"ခူး ခလူး ခလော"

"ဟင်"

ဆိုင်ထဲမှ ထွက်ပေါ်လာသောအသံကြောင့် ကျုံ့ကျုံ့လေး ထိုင်နေသော ခန္ဓာကိုယ်မှာ ဆတ်ခနဲ တုန်တက်သွားသည်။ ကြက်သီးတို့





ဖျန်းခနဲထသွားပြီး အသံလာရာအမှောင်ထဲသို့ သေချာကြည့်လိုက်သည်။

မျက်လုံးကျင့်သားရသွားသဖြင့် အမှောင်ထဲမှ ရိပ်ခနဲ လှုပ်ရှားသွားသောအရိပ်တစ်ခုကြောင့်

"အမလေး သ သရဲလား သရဲလားဟင်"

သွေးရူးသွေးတန်းမို့ ဘာတွေမေးလို့မေးမိမှန်းပင်မသိတော့။

သရဲလားဟု မေးလိုက်တော့ရော သရဲအစစ်ဖြစ်နေလျှင် ငါသရဲပါဟု ဖြေမှာမို့လား။ ခါတော့အသံကြောင့် ထိုလူလန့်နိုးသွားပုံရသည်။

"မ မဟုတ်ဘူး"

အမှောင်ထဲမှ ဖြေလိုက်သောအသံကြောင့် သရဲမဟုတ်ဘူးဆိုသည့်အသိအချို့အား အားဖျော့သွားပေမယ့် လူဆိုလျှင်ရော လူက သရဲထက်ပို၍ပင် ကြောက်ဖို့ကောင်းသည်မို့

ဆိုင်ဘေးထရံကာဘက်သို့ ကျောကပ်လိုက်ပြီး နုတ်ဝင်သည့်သို့ တုန်ယင်နေသော ခန္ဓာကိုယ်ကို မတ်မတ်ရပ်လိုက်သည်။

ဘယ်လိုအန္တရာယ်နှင့်ရင်ဆိုင်ရဦးမည်မှန်းမသိသေးတော့ ထွက်ပြေးဖို့ အရှိန်ယူလိုက်ခြင်းလည်းဖြစ်သည်။

"ဆောရီးပါ ခင်ဗျာ ကျွန်တော် လမ်းလျှောက်သွားရင်း ဘယ်ကိုဆက်သွားရမှန်းမသိတာနဲ့ ဒီနေရာမှာ ခဏဝင်နေတာပါ"

ယဉ်ကျေးသောအသံဖြင့် ယောကျ်ားတစ်ယောက်။

ထိုအသံကို ခါတော် ကြားဖူးနေသည်။

"ရှင် ရှင်က လူဆိုးလား၊ လူကောင်းလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ကျွန်တော် လူကောင်းပါခင်ဗျာ၊ ဒီဆိုင်ကပစ္စည်း ဘာမှ ခိုးဖို့ စိတ်ကူးမရှိပါဘူး။ ကျွန်တော့်ကို ဒီတစ်ညတော့ ဒီမှာနေခွင့်ပြုပါ"

တောင်းပန်တိုးလျှိုးသော လေယူလေသိမ်းတွေက ဧအောက်ခြေ တွတန်းစားတစ်ယောက်ဟု သိသာနေသည့် ယဉ်ကျေးမှုရှိသည်။

"ဂူး ကျွဲ"

"ဟင်"

မလှမ်းမကမ်းမှ ကားတစ်စီး ဘရိတ်အုပ်ပြီး ရပ်လိုက်သံနှင့် အတူ ထိုးကျဖြာဆင်းလာသော မီးရောင်က အမှောင်ထဲမှ လူကို ဘယ်သူ ဘယ်ဝါဆိုတာ ထင်ထင်ရှားရှား မြင်လိုက်ရသည်။

"ဟင် ရှင် ရှင်ပဲ"

"ဟာ မင်း မင်းပါလား"

"ဖိုကောင်မ ဒီနားတစ်ဝိုက်က အိမ်တစ်အိမ်အိမ်ကို ဝင်သွားတာများလား"

"မင်း ဘိုးအေ ဘုန်းကြီးကျောင်းပဲရှိတာကို ဘယ်လိုအိမ်ကို သွားရှာရမလဲ အဲဒါမင်းကြောင့် ကားမောင်းပြီး ကိုယ့်ကားကို ကိုယ် ပြန်စစ်ခဲ့ပါလား"

"ဟ ဓါလည်း ဘယ်သိမလဲကွ၊ နှစ်ယောက်စလုံး ဒီကောင်မကို မတွေ့ရင် ဆရာကြီးအထောင်းခံရမယ့်ဟာကို"

နှစ်ယောက်စလုံး၏အခြေအတင်စကားတွေကို ကြားလိုက်သည် နှင့် ခါတော်မှီ ပိုးတုန်လှုပ်ပြီး ကာရိုလ့်နားသို့ ချွေ့ခနဲ ရောက်သွား





သည်။

"ရှူး တိုးတိုး"

"ဟင်"

လေသံမျှသော သတိပေးသံဖြင့် အသံမထွက်အောင် ငြိမ်နေ လိုက်သည်။ အခြေအနေကို သဘောပေါက်သွားသော ကာရိုလ်မှာ ခါ တော်နှင့်အတူ အသံမထွက်အောင်ငြိမ်လျက် ဆိုင်အပြင်သို့ စားပွဲခုံကြား မှသာ ချောင်းကြည့်လိုက်သည်။

ပုံစံတွေက လူမိုက်ရုပ်တွေ၊ ဒီမိန်းကလေးသာ သူတို့နှစ်ယောက် လက်ထဲ ဖမ်းမိသွားလို့ကတော့ ရင်နင့်ဖွယ်ရာ။

"ကဲ လာပါကွာ ဒီနားမှာတော့ မရှိလောက်ပါဘူး"

တစ်ယောက်က လက်လျှော့စကားဆိုကာ ကားဆီသို့ ခြေဦး ပြန်လှည့်လိုက်သည်။ ကျန်တစ်ယောက်က လက်လျှော့ချင်ပုံမပေါ်သေး သဖြင့်

"နေပါဦး ဒီအနီးအနားမှာ ပုန်းချင်ပုန်းနေလောက်တယ်ကွ၊ ဟိုဆိုင်လေးဘက် ခဏသွားကြည့်လိုက်ဦးမယ်၊ မင်း ခဏစောင့်"

ပြောပြောဆိုဆိုဖြင့် ခါတော်နှင့်ကာရိုလ်ရှိရာ ဆိုင်ခန်းဘက်သို့ လျှောက်လာ၏။

ဆိုင်ခန်း၏အမှောင်ထဲမှ ချောင်းကြည့်နေသော ခါတော်မှာ ရင်တွေ တဒိန်းဒိန်းခုန်ကာ ခပ်မျှင်းမျှင်းလေသံဖြင့်

"ဘုရား ဘုရား လာနေပြီ လာနေပြီ"



www.burmeseclassic.com

www.burmeseclassic.com



ထိုလူ့ခြေလှမ်းတွေသည် ဆိုင်ခန်းနှင့်သုံးလေးလှမ်းခန့်သာ ကွာတော့သည်။

ခါတော်မှီ အသားတွေတဆတ်ဆတ်တုန်လာကာ ချွေးစီးတွေ ပြန်လာပြီး လူကဆောက်တည်ရာမရတော့။

ကာရိုလ် လက်အစုံက ထင်းမီးဖိုဘေးမှ ထင်းချောင်းတစ်ချောင်းစီသို့ အရန်သင့်ရောက်ကာ ထင်းချောင်းကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားသည်။

ထိုလူဝင်လာပြီး ခါတော်မှီကို တွေ့သွားလျှင်တော့ အမိခံ၍မဖြစ်။ ခါတော်မှီကိုကာကွယ်ရမည်။ ခါတော်မှီဟာ ကာရိုလ့်ထမင်းရှင်ဆိုက မမှား။

"ဟော့ကောင် ဆရာကြီး မှန်းဆက်နေတယ်"

ထိုလူ့ခြေလှမ်းတွေ ဆိုင်ထဲဝင်မည့်ဆဲဆဲ တုန့်သွားကာ

"ဘာတဲ့လဲ"

"ပြန်လာတော့တဲ့၊ ငါတို့ကို နိုင်းစရာရှိလို့ဆိုလားပဲ"

ဒီတော့မှ ထိုလူ ဆိုင်အပြင်သို့ ခြေလှမ်းကျဲကြီးနှင့် ပြန်ထွက်သွားသည်။

ကားပေါ်ကိုတက်သွားသော ထိုလူ့ကိုကြည့်ပြီး ခါတော်မှီ ခုမှပင် အသက်ဝဝ ရှူနိုင်တော့သည်။

ကာရိုလ်လည်း လက်ထဲမှ ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားသော ထင်းချောင်းကို စိတ်ချလက်ချ လွှတ်ချပြီး သက်မမောတစ်ချက်ကို





ဟင်းခနဲ ချလိုက်သည်။

နှစ်ဦးစလုံး ဆိုင်ခန်းလေး၏အမှောင်ထဲမှာ ဘာစကားမှမဆိုဖြစ်ကြသေး။

ညသည် တိတ်ဆိတ်မြဲ တိတ်ဆိတ်နေဆဲ။

ညဉ့်လေသည်လည်း တသုန်သုန်နှင့်တိုက်ခတ်မြဲ။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၀)

"မင်းတို့တော်တော် အသုံးမကျတဲ့ကောင်တွေပဲကွ၊ ဒီလော
အားနွဲ့တဲ့မိန်းကလေးကို အပါမခေါ်လာနိုင်ဘူးကွာ၊ တောက် ဟင်း
ဟင်း ဟင်း ဟင်း"

ဆရာကြီး၏ဒေါသတကြီး ဆူသံကြောင့် ထိုလူနှစ်ယော
မျက်လုံးလေး ပေကလပ် ပေကလပ်နှင့် ဘာမှပြန်၍ စောဒက မတက်
ကြ။ တစ်ယောက်ကိုတစ်ယောက် အပြစ်တင်သောအကြည့်ဖြင့် ကြည့်
ရင်း

"ကျွန်တော်တို့ နောက်တစ်ခါဆိုရင်တော့ အပါခေါ်လာနိုင်
ပြီ ဆရာကြီး"

"တော် နောက်တစ်ခါဆိုတာ ခုတစ်ကြိမ်လောက် ကျိန်း





တွေ့နိုင်ပါတော့မလား။ ငါတို့ ဒီကောင်မလေးကိုတွေ့မှဖြစ်မှာ၊ ဒါမှ သူ့အမေကိုမျှားခေါ်နိုင်မှာ၊ သူ့အမေ ငါတို့ဆီက ဘတ်သွားတဲ့ပစ္စည်းကို ဒီရက်ပိုင်းအတွင်းပြန်ရမှဖြစ်မှာ"

"ဘာပစ္စည်းမို့လို့လဲ ဆရာကြီး၊ အိမ်လည်းချိတ်ပိတ်သိမ်းပြီး ပြီပဲ၊ ခုဆို ကောင်မလေးတောင် လမ်းပေါ်မှာ ဂျစ်ပစီဖြစ်နေပြီ"

"တော်စမ်း စကားကိုလွယ်လွယ်မပြောနဲ့ ကောင်မလေး ဂျစ်ပစီဖြစ်တာနဲ့ ငါရစရာရှိတဲ့ပစ္စည်းကို စွန့်လွှတ်ရမှာလားကွ ဟမ်"

"သူ့ဆီပါသွားတဲ့ပစ္စည်းရဲ့တန်ဖိုးက သူ့အိမ်တန်ဖိုးထက် အဆပေါင်းများစွာ တန်ဖိုးရှိတယ်ဆိုတာ မင်းတို့မသိဘူးလား"

"ဆ ဆရာကြီးပြောတဲ့ပစ္စည်းက ဟသ်ာရုပ်လေးလား"

"ဟ ဟသ်ာရုပ်ထုသက်သက်ဆိုရင်တော့ မက်လောက်စရာလား ကွ ခုဟာက နှစ်တစ်ထောင် ဟသ်ာရုပ်လေ၊ ရှေးဟောင်းပစ္စည်းထဲမှာ ပါသယ်၊ ပုဂ္ဂခေတ်တို့ ကုန်းဘောင်ခေတ်တို့ကတည်းက အရုပ်ဖြစ်တဲ့အပြင် မှော်အစွမ်းရှိတဲ့အတွက် ဈေးကွက်ထဲရောက်သွားရင် ဒီဘဝအတွက်တင် မဟုတ်ဘူး နောင်ဘဝအတွက်ပါ ကြိုတင်စုဆောင်းထားလို့ရတဲ့ငွေတွင်း ကြီးကွ ဟား ဟား ဟား ဟား"

တပည့်နှစ်ယောက်၏မျက်နှာမှာ လောဘအရောင်တွေ ထိန် လောက်သွား၏။

"ဒါ ဒါဆို ကျွန်တော်တို့ မိန်းမသုံးလေးယောက်လောက်တော့ ဆေးတာလေးယူလို့ရတာပေါ့နော် ဆရာကြီး"

“သောက်ချေးကောင် အရုပ်ကိုကျတော့ အောင်အောင်မြင်မြင် မလုပ်ဘဲနဲ့ ဖွန့်ကြောင်ဖို့ကျတော့ လာဘ်မြင်တယ်ဟုတ်လား၊ ဒီကောင် မလေးကို ဖမ်းမမိလို့ကတော့ မင်းတို့နှစ်ယောက်လုံးကို ရပ်ကွက်ထဲက ခွေးမတွေနဲ့ပဲ မိတ်လိုက်ခိုင်းမယ်”

“ဗျာ”

“မဗျာနဲ့ သွား နှ မင်းတို့ကိုခေါ်တာ တခြားကြောင့်မဟုတ်ဘူး ကျားကြီးတို့အဖွဲ့တွေလက်ထဲကို ရွှေမောင်းရုပ်ထုတစ်ခု အချိုးအချောင် ရောက်နေတယ်လို့ကြားတယ်၊ အဲဒီအရုပ်က ငါတို့လိုချင်နေတဲ့ ဟင်္သာ ရုပ်လားဆိုတာကို စုံစမ်းခဲ့”

“ဟုတ် ဟုတ်နေရင်ရော ဆရာကြီး”

“ဟုတ်နေရင် မရရတဲ့နည်းနဲ့ ယူရမှာပေါ့ကွ”

ကျားကြီးတို့အဖွဲ့၏လက်စလက်နကို သိထား၍ ဆရာကြီးကို မလွန်ဆန်နိုင်ကြပေမယ့် သွားရမှာတော့ တွန့်နေသည်။

ကောင်မလေးနောက်ကို လိုက်ဖမ်းတာလောက် ရင်ခုန်စရာ မကောင်း၍ အင်တင်တင်ဖြစ်နေကြခြင်းလည်း ပါသည်။

“ကျား ကျားကြီးတို့အဖွဲ့လက်ထဲ ရောက်နေတဲ့ရုပ်တုက ဆရာ ကြီးလိုချင်နေတဲ့ရုပ်တုမဟုတ်ဘူးဆိုရင်ရော ဘယ်လိုလုပ်ခဲ့ရမလဲ ဆရာ ကြီး”

“ငါတို့လိုချင်တဲ့ရုပ်တုမဟုတ်ဘဲ တခြားရုပ်တုဖြစ်နေရင်လည်း အဲဒီရုပ်တုအကြောင်းကို အသေးစိတ်စုံစမ်းခဲ့”





ဘယ်အရာမှ အလွတ်မပေးချင်လောက်အောင် လောဘတက် နေသော ဆရာကြီးကို မဝံ့မရဲကြည့်လိုက်ကြပြီး သက်မများကို နှဲ့ကြောင် နှိုက်ချလိုက်ကြသည်။

“ဒါဆို ကောင်မလေးကို ဆွဲဖို့ကိစ္စကရော ဘယ်သူတာဝန်ယူ မှာလဲ ဆရာကြီး”

“သွားရင်းလာရင်းနဲ့ မျက်ခြည်မပြတ် စောင့်ကြည့်ပေါ့ကွာ၊ ပါလန့်မှုပဲ၊ ဒီလောက်ထိ အသေးစိတ်လိုက်ညွှန်ကြားနေရမှာလားကွ၊ နို့စားကြီးတဲ့ကောင်တွေရ”

ဘယ်အရာမှ အပြစ်မလွတ်သဖြင့် ဇီးကင်းခန့်မျက်နှာကိုယ်စီဖြင့် ငြိမ်ကုတ်သွားကြတော့သည်။

“ဟုတ် ဟုတ်ကဲ့ပါဆရာကြီး ခိုင်းတဲ့အတိုင်း စိတ်တိုင်းကျရစေ့ မယ်”

“ပါးစပ်နဲ့လေမဖောနဲ့၊ လက်တွေ့လုပ်ပြ သွားတော့ ရပြီ အလကား အထူအပါးနားမလည်တဲ့ကောင်တွေ”

“ဟုတ်ကဲ့ပါ ဆရာကြီး၊ အထူအပါးနားလည်အောင် ကြိုးစား မယ်၊ ကျွန်တော်တို့ကို ခွင့်ပြုပါ”

“ကြွ”

ကြွဆိုသည်နှင့်တစ်ပြိုင်နက်တည်း ဆရာကြီးရှေ့မှ သုတ်ခြေ တင်ကာ ထွက်ခဲ့ကြ၏။

■ ■ ■

www.burmeseclassic.com

## အခန်း (၁၁)

"ဟော့တော် ကျူပ်ဆိုင်မှာ စောစောစီးစီး ဘယ်သူတွေများ ငုတ်တုတ်လာအိပ်နေကြသတုံး"

မနက်ခင်းစောစော မုန့်ဟင်းခါးရောင်းဖို့ ဆိုင်လာခင်းသော အဘွားချိုမှာ ကာရိုလ်နှင့်ခါတော်မှီ ငုတ်တုတ်ငိုက်မြည်းနေကြပုံကို တအံ့တဩကြည့်ပြီး ခပ်ကျယ်ကျယ် ပြောလိုက်သည်။

ကာရိုလ်ရော ခါတော်မှီရော ထိုင်ခုံခြေထောက်ကိုမှီကာ အိပ်ပျော်နေကြဆဲ။

"ဟော့သူငယ်လေး ဟော့သူငယ်မ ဘယ်သူတွေလဲ ဘာကြောင့် ကျူပ်ဆိုင်မှာလာပြီး အိပ်နေကြတာတုန်း၊ ထ ထကြစမ်းပါ အောင်မလေး ဒုက္ခပါပဲလား"





အရှယ်တက် အုံးမောင်းခေါက်သံနှင့်အတူ ဘွားချို၏အသံစာစာကြောင့် ခါတော်မှီ မျက်ဝန်းတို့ ဖျတ်ခနဲ ပွင့်လာပြီး ဒူးနှစ်ဖက်ပေါ်လက်ယှက်ပြီး မျက်နှာအပ်အိပ်ပျော်နေရာမှ ဖျတ်ခနဲ ခေါင်းထောင်ကြည့်၏။

ဖွားချိုကိုမြင်တော့ အိပ်မှုံစုံမွှားမျက်နှာလေးဖြင့် နဖူးပေါ်ဝဲကျနေသော ဆံစတို့ကို ကပျာကယာ သပ်တင်လိုက်ပြီး

"ရှင် အ အဘွား"

"ညည်းလေးက ဘယ်ကတုန်း၊ ဟိုသူငယ်ကရော နိုးပါဦး၊ အရွယ်ကောင်းလေးတွေက ဘယ့်နှယ် လမ်းဘေးဆိုင်တဲလေးမှာ ခုလိုနေနေကြတာလဲ၊ မင်းတို့လူကောင်းတွေမှ ဟုတ်ပါလေစ"

သံသယ သိပ်မကင်းသော အမေးကြောင့် ခါတော်မှီ မျက်ဝန်းဝိုင်းလေးဖြင့် အဘွားချိုကို ကြည့်ကာ

"အို အဲ အဲလိုမဟုတ်ပါဘူး ဘွားရယ်၊ ခါတော်တို့က လူကောင်းတွေပါ။ ညက လူရမ်းကားတွေ လိုက်နှောင့်ယှက်လို့ ပြေးကြလွှားကြရင်းနဲ့ အိမ်ပြန်ဖို့ လမ်းပျောက်တာနဲ့ ဒီဆိုင်လေးမှာ မိုးအလင်းထိုင်စောင့်ရင်းမှေးခနဲ အိပ်ပျော်သွားကြတာပါ၊ တခြား ဘယ်လိုအပြစ်မှ မကျူးလွန်ထားပါဘူး ယုံပါ"

အသနားခံ အနူးအညွတ်တောင်းပန်တိုးလျှိုးနေသော ခါတော့်ကို ယုံကြည်သွားပုံရသည်။

"အေး အေး ဒါဆိုရင်လည်းပြီးရော ကဲ ဟိုသူငယ်ကို နှိုးပါ



www.burmeseclassic.com

www.burmeseclassic.com



ဦး အဲဒီနံ့ပေါ်မှာ ဟင်းချည်အိုးတင်ရမှာ၊ တော်ကြာ အပူတွေလောင်ကုန်မယ်''

''အမေ ဘယ်သူနဲ့စကားတွေပြောနေတာလဲ''

ဆိုင်အပြင် လှည်းပေါ်မှ မုန့်ဟင်းချည်ပုံးကြီး သယ်လာသော အသက်လေးဆယ်ခန့် လူကြီးတစ်ယောက်။

''ဒီမှာကွယ် သူငယ်လေးနဲ့သူငယ်မလေးတစ်ယောက် လမ်းမှားပြီး ဒီဆိုင်ထဲလာအိပ်နေကြလေရဲ့''

''ဟမ် ဟာ ဟော့ ဟော့ မင်းတို့ ငါတို့ဆိုင်ကိုများ တည်းခိုခန်းများမှတ်နေလား ဟမ်''

ထိုလူကြီးအသံက ဒေါသသံပါနေသည်။ မနက်စောစောစီးစီး သူ့ဆိုင်မှာ အတွဲတွေ့လိုက်ရ၍ ဒီနေ့တစ်နေ့တာ ဈေးရောင်းမှကောင်းပါတော့မလားဟူသော အယူသီးမှုကြောင့်လည်းပါသည်။

''ဟို အဲ အဲလိုမဟုတ်ပါဘူး ဦးလေးရယ်၊ ခါတော်တို့က ဦးလေးထင်သလို စုံတွဲတွေမဟုတ်ပါဘူး''

''ကဲ သား ဒီသူငယ်မပြောတာ ဟုတ်မှာပါ၊ ပြဿနာရှာမနေစမ်းပါနဲ့ကွယ်၊ မနက်စောစောစီးစီး ဈေးဦးတောင်မပေါက်သေးတာကွယ်''

အမေ့စကား နားထောင်သော သားတစ်ယောက်အဖြစ် ခါတော်တို့ကို ဘာမှဆက်မပြောတော့ဘဲ အိပ်ပျော်နေသော ကာရိုလ်ထံ အကြည့်ရောက်သွားသည်။

''ဟိုကောင် အောင်မလေးဗျာ သူများဆိုင်မှာများ ငုတ်တုတ်





အိပ်နေရတယ်လို့ ဟော့ ထ ထ''

လက်မောင်းကိုပုတ်နှိုးလိုက်သော အထိအတွေ့ကြောင့် ထင်သည် ကာရိုလ် ခေါင်းမှာ ဆတ်ခနဲ မော့ကြည့်လာသည်။

သူ့ကိုငုံ့မိုးကြည့်နေသော မျက်နှာစိမ်းတွေကြောင့် ဆတ်ခနဲ မော့ကြည့်သည်။

''ဟင် ဆော ဆောရီးပါခင်ဗျာ၊ ကျွန်တော် ဒီမှာ ခဏထိုင်နေရင်းနဲ့ အိပ်ပျော်သွားတာပါ''

မနက်ဝေလီဝေလင်းအချိန်မို့ မျက်နှာတွေ သဲကွဲစွာ မမြင်ရသေးသယ့် ပြောပုံဆိုပုံတွေက ယဉ်ကျေးမှုတော့ရှိပုံရသည်။

လမ်းဘေးအိပ်လမ်းဘေးစား မကောင်းတာလုပ်မည့်ရုပ်တွေ မဟုတ်၍ ဒေါသတွေလည်း သိပ်သုံးမနေတော့။

''အခု တို့တွေ မုန့်ဟင်းခါးဆိုင်ဖွင့်တော့မှာ ဒီတော့ ဒီနေရာ အခန ဖယ်ပေးပါ''

''မုန့်ဟင်းခါး ဟုတ်လား ကျွန်တော် မကြားဖူးဘူး၊ စားလို့ ကောင်းလား အား မွှေးလိုက်တာ''

ငါးနံ့တွေသင်းနေသော မုန့်ဟင်းခါးရနံ့ကို နံနက်ခင်းအရုဏ် ထက်မှာ မက်မောစွာ ရှူရှိုက်လိုက်သည်။

ကာရိုလ်၏ထူးဆန်းသော အပြုအမူကိုကြည့်ပြီး အဘွားအိုသားအမိ အံ့ဩနေကြသည်။

''ဟင် ဘယ်လို မင်း မင်းက မုန့်ဟင်းခါးကို မကြားဖူးဘူး



www.burmeseclassic.com

www.burmeseclassic.com



ဟုတ်လား"

"ဟုတ်ပါတယ် ဒါပေမဲ့ စားလို့ရတဲ့အရာဆိုတာကိုတော့ သိနေတယ်"

"မင်း ဘယ်သူလဲ ဘယ်ကလဲ"

ထိုလူကြီးအမေးကို ဖဝေဖဝါ ပြန်တွေးဟန်ဖြင့် တူထဲသော စိမ်းဖန့်ဖန့်မျက်ခုံးနှစ်ဖက်ကို စုကျုံ့လိုက်ပြီး

"အင်း သေချာတယ် ကျွန်တော့်ကိုယ်ကျွန်တော် ဘယ်ကလာမှန်းတောင် သေချာမသိဘူး"

"နေတော့ရော ဘယ်မှာနေလဲ"

"နေစရာမရှိဘူး။ ဒီလိုပဲ လမ်းပေါ်မှာကြုံတဲ့နေရာဝင်အိပ်လိုက်တာပဲ"

နံနက်ခင်းအလင်းရောင် လင်းစပြုနေပြီမို့ ကာရိုလ်ကို သေချာကြည့်ပြီး

"မင်းရဲ့လေယူလေသိမ်း အပြောအဆိုက မြန်မာစကားကောင်းကောင်းပြောနိုင်တဲ့ နိုင်ငံခြားသားပဲ"

"ဟုတ်ပါတယ် ဦးလေး။ သူက နိုင်ငံခြားသားပါ"

"ညည်းနဲ့ဘယ်လိုပတ်သက်လဲ တူမ"

ထိုလူကြီး စိတ်ဝင်စားသွားဟန်ဖြင့် ထပ်ပြီးမေးသည်။ ဘွားချို ကတော့ ဘာမှမမေး။ မုန့်ဖတ်တောင်းထဲမှ မုန့်ဖတ်ကို အချပ်လိုက်ချ ယူကာ ပြောင်လက်နေသော စတီးဇလုံထဲသို့ ထည့်လိုက်ပြီး လက်ဝင်





ရှေ့တိုက်ရှပ်နေသည်။

"ခါတော်နဲ့လည်း လမ်းမပေါ်မှာပဲ တွေ့တာပါ ဦးလေး"

"ဟေ့ ဒါဆို ညည်းလေးလည်း အိမ်ခြေယာခြေမဲ့ပေါ့ ဟုတ်လား"

"ဟုတ်ပါတယ် ခါတော့်အိမ်ကို အကြွေးရှင်တွေက သိမ်းပိတ်သွားလို့ နေစရာမရှိဖြစ်နေတာပါ၊ ညကလည်း အဲဒီအကြွေးရှင်တွေ နောက်ကလိုက်လာလို့ ပြေးမိပြေးရာ ပြေးရင်းနဲ့ ဒီမှာဝင်ပုန်းနေရင်း ကာရိုလ်နဲ့တွေ့တာ"

"ဘယ်လို ကာရိုလ် ဟုတ်လား"

"ဟုတ်ကဲ့ အရင်တစ်ခါတွေ့တုန်းက သူ့ကိုယ်သူ ဒေးဗစ်ကာရိုလ်ခရုစ်လို့ ပြောတယ်"

"ဟား ဒီနာမည်က အင်္ဂလိပ်နာမည်ပဲ၊ ဒါဆို သူ မြန်မာပြည်သားမဟုတ်ဘူး။ ဟား ဟား ဟား အံ့ဩစရာပဲ၊ ငါတို့လူမျိုးအချင်းချင်း ရှုအရွယ်တွေတောင် စကားပြောဒီလောက် မယဉ်ကျေးဘူး။ ဒီသူငယ်က မြန်မာစကားလည်း ကျွမ်းကျွမ်းကျင်ကျင် ပြောတတ်တယ်။ ဘိုလိုတောင် ညှပ်မသုံးသွားဘူး။ မြန်မာလိုပဲ ကွက်တိပြောသွားတယ်"

"ကေန္တ မြန်မာပြည်လာရင် ရုပ်ရှင်တွေထဲကလို ယဉ်တိုက်မှုခံပြီး ကိုရီးယားတွေလို ကိုမာဝင်သွားလားမှမသိတာ သားရယ်"

ဘွားချို နံနံပင်တွေကို ကပ်ကြေးနှင့်ညှပ်နေရာမှ သိသလောက်လေး ဝင်ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



ရှိုးသားပွင့်လင်းကြသော သားအမိနှစ်ယောက်ကို ကြည့်ပြီး ကာရိုလ် စိတ်ထဲ ရယ်ချင်ပေမယ့် ခုချိန်မှာ လွှတ်လပ်ခြင်း ဂုဏ်ပစီတာဝကို ခဏတော့ ဖက်တွယ်ထားဦးမှာမို့ ဟန်ဆောင်လက်စနှင့် ဆက်၍ ဟန်ဆောင်ရပေတော့မည်။

ခါတော်မှီ အနားမှာ ယောင်လည်လည်နှင့်နေရမည့်တာဝန်က သူကိုယ်တိုင် မအပ်နှင်းပါဘဲ ကိုယ့်အလိုလို မက်မောမိတာမို့ ဒီအတိုင်းလေး ရင်ခုန်ချင်သည်။

ဒါ့အပြင် ဒီမိန်းကလေးဘဝနှင့်ဖြတ်သန်းနေရသော အခက်အခဲတွေကို ကူညီချင်သည်။ ဖေးမချင်သည်။ ကြင်နာစွာ နှစ်သိမ့်မှုတွေ ပေးချင်သည်။

ခုချိန်မှာ အလိုချင်ဆုံးဆန္ဒတစ်ခုက ကောင်မလေး အနားမှာ ရှိနေဖို့ပါပဲ။

နေခွင့်ပြုပါ ကောင်မလေးရေ။

■ ■ ■

## အခန်း (၁၂)

"ဝါး ဗိုက်ကိုကားသွားတာပဲ၊ စားလို့အရမ်းကောင်းတယ် စပ်တယ်"

ဘွားချိုအဲစေတနာနှင့်ရက်ရောမှုကြောင့် ကာရိုလ်နှင့်ခါတော်မှီ ဗိုက်ဆံတစ်ပြားမှပေးစရာမလိုဘဲနှင့် မုန့်ဟင်းခါး အလကားစားခွင့်ရခဲ့သည်မို့ ချွေးတရွှဲရွှဲနှင့် ကျေးဇူးတွေအထပ်ထပ် တင်နေမိသည်။

"ခုလို မုန့်ဟင်းခါး အလကားကျွေးတဲ့အတွက် ကျေးဇူးတင်ပါတယ် အဘွားရယ်"

"ရပါတယ် မလိုပါဘူးကွယ်၊ မင်းတို့သာ ရှေ့ဆက်လျှောက်ရမယ့်ခရီးတွေ ကြမ်းတမ်းမှုတွေနဲ့ မကြုံကြရပါစေနဲ့၊ အမြန်ဆုံး ဗီဒိုက္ကေသွက လွှတ်မြောက်ပါစေလို့ပဲ ဆုတောင်းပေးပါတယ်ကွယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ ပေးတဲ့ဆုနဲ့ပြည့်ပါစေ အဘွားရယ်"

ခါတော့အသံက တိုးတိတ်သိမ်ဝင်နေသည်။ အဘွားအိုက မေတ္တာတွေဖြင့် ဆုတွေပေးပေမယ့် ကံကြမ္မာနံ့နည်းလွန်းတဲ့ ခါတော်က ဒီဒုက္ခတွေက လွတ်မြောက်ဖို့ လမ်းစမှမရှိနိုင်တာ။ ရှေ့ဆက်ပြီး ဘယ်လို ဒုက္ခတွေနဲ့ရင်ဆိုင်ရဦးမလဲဆိုတာ မသိနိုင်သလို ခုရင်ဆိုင်နေရသော ဒုက္ခတွေကြောင့် စိတ်ဓာတ်တွေ ယိုင်နဲ့မသွားအောင် ကိုယ့်ကိုယ်ကိုယ် ပြန်၍ခွန်အားတွေပြန်ပေးနေမိသည်။

"အေးပါကွယ် အေးပါ"

"အခု မင်းတို့နှစ်ယောက်က ခရီးသွားဖော်တွေဖြစ်သွားကြပြီမို့ ဒီက ညည်းလေးက အစစအရာရာ ဂရုစိုက်ပြီး နေထိုင်သွားလာပါ။ မိန်းကလေးမို့အထူးမှာချင်တာပါ"

"ဟုတ်ကဲ့ပါ ဦးလေး။ ကျွန်တော် သူ့ကို ဘာထိခိုက်နစ်နာမှုမှ မရှိအောင် စောင့်ရှောက်ပါ့မယ်"

ကတိတွေမတောင်းပါဘဲနှင့် အထပ်ထပ်ပေးနေသော ကာရိုလ် စကားကြောင့် ခါတော် စိတ်ထဲ လုံခြုံမှုရှိသလိုလို ခံစားသွားရသည်။

သူ ဘာကြောင့် ခါတော့်နားရောက်လာရသလဲဆိုတာ ခါတော် စဉ်းစား၍မရ။ စဉ်းလည်းမစဉ်းစားချင်။

မစဉ်းစားချင်လောက်အောင်ကို ခါတော့်အနားမှ ထွက်သွားမှာကို ခါတော် ကြောက်နေသလိုလိုဖြစ်နေမိခြင်းကြောင့် ကိုယ့်စိတ်ကိုယ် ပြန်ပြီး အံ့သြမိနေတာပါပဲ။





ဘာပဲဖြစ်ဖြစ် ရင်ထဲကသောကတို့ လျော့သွားတာတော့ အမှန်ပါ။

■ ■ ■

ငြိမ်သက်နေသော ကန်ရေပြင်ကို ငေးမောရင်း နှစ်ဦးသားငြိမ်သက်နေကြသည်။ ခါတော်မို၏အတွေးတွေကို ခမ်းခမ်းနားနား ထိုင်ကြည့်နေသော ကာရိုလ် ဒီနေ့လယ်ခင်းကို ကျေနပ်ပါ၏။

နေ့ဦးအစမို့ သစ်ရွက်ခြောက်ကြွေသံ တဖျောက်ဖျောက်နှင့် ဖြတ်တိုက်လာသော ကန်ရေပြင်က လေအေးအေးလေးကြောင့် လူက လန်းဆန်းအေးမြသွားသည်။

လူလန်းဆန်းပေမယ့် စိတ်ကတော့ မလန်းဆန်းနိုင်။

ရှေ့ဆက် ဘယ်လို အချိုးအကွေ့တွေနှင့် ရင်ဆိုင်ကျော်ဖြတ်ရဦးမည်လဲဟူသော အတွေးက မနက်ဖြန်ရောက်မှာကို ကြောက်နေပေသည်။

ဖြစ်နိုင်လျှင် ခါတော်မိုဟာ အမေ့ဗိုက်ထဲပြန်ဝင်ပြီး ခပ်ကွေးကွေးလေးအိပ်နေလိုက်ချင်သည်။ သို့ဆိုလျှင် ယခုဖြတ်သန်းနေရသည့် အခက်အခဲမပြေမှုတွေအားလုံးနှင့် ကမ္ဘာခြားသွားနိုင်သည်။

နောက်ထပ် ဖြစ်နိုင်ဦးမည်ဆိုလျှင် အခက်အခဲတွေကို ဆောက်ဆင်သမားတစ်ယောက်လို လက်သီးချက်ပြင်းပြင်းတွေနှင့် ထိုးလွှတ်ပြီး အဖေ့ဆီအရောက်သွားချင်သည်။ ပြီးလျှင် အဖေ့အား နောက်ထပ် ဘယ်လိုအမှားမျိုးမှ ထပ်မမှားအောင်နေဖို့ ပြင်းပြင်းထန်ထန်ကြီးကို



www.burmeseclassic.com

www.burmeseclassic.com



အတိုပေးသည်။

ဒီအခြင် နောက်လောဘတစ်ခုက ရှိသေးသည်။ ထိုအရာသည် လင်းသန့်နှင့်ချစ်သူဖြစ်ခဲ့သော အချိန်တွေကို ခဲဖျက်နိုင်ဖျက်လို့ရလျှင် ဖျက်ပစ်လိုက်ချင်သည်။

ဒါဆိုလျှင် နောက်ထပ် ရင်ခွင်သစ်ကို မျှော်လင့်ဖို့ ကိုယ့်နှလုံးသားက အပြစ်အနာအဆာ ကင်းပြီပေါ့။

"မင်းတစ်ယောက်ယောက်ကို လွမ်းနေသလား ခါတော်မှီ"

အနားမှာ တိတ်ဆိတ်စွာ စောင့်ကြည့်နေသော ကာရိုလ့်အမေးကို ခါတော်မှီ မဖြေချင်၍ သက်မခပ်မှုင်းမှုင်းကို တစ်ချက်ချကာ ဗိုး အဝေးမှာမြင်နေရသော သစ်ပင်စိမ်းစိမ်းညိုညိုတွေကို ငေးကြည့်လိုက်သည်။

"မင်းကောင်လေးကို မပြတ်တဲ့ ဘာကြောင့် ပါးကိုခပ်ပြင်းပြင်းရိုက်ခဲ့ရသလဲကွာ"

ခါတော်စိတ်ကို သိနေသည့်အလား ထင်ကြေးဖြင့် ပြောနေသော ကာရိုလ်စကားကြောင့် ခါတော် ခပ်ယဲ့ယဲ့ပြုံးသည်။ နိုင်ငံခြားသားပုံပေါက်နေပေမယ့် ဗမာတစ်ယောက်လို စကားပြောဖော်အဖြစ် အနားမှာရှိနေပေးသည်ကိုပင် ကျေးဇူးတင်နေသလိုလို၊ ကြည်နူးရင်ခုန်နေသလိုလိုနှင့် ကိုယ့်ရင်ထဲက ခံစားမှုတွေကို ပြန်ဖတ်ဖို့ပင် စိတ်ထဲမှ ရှိုးတို့ရှန့်တန့်။

တကယ်တမ်း ခံစားမှုတွေ ဖရိုးသားတော့တာ ခါတော်မှီက အရင်ဆုံးဖြစ်နေမလားပဲ။





"အို မဆိုင်ပါဘူး။ လမ်းပေါ်ရောက်နေတဲ့ မိန်းကလေးတစ်ယောက်ဆီမှာ လွမ်းချိန်ရော ရှိပါဦးမလား၊ ကာရိုလ်ရယ်၊ တကယ်လို့ ရှိမယ်ဆိုရင်တောင် အလွမ်းမဟုတ်ဘူး။ အမုန်းတွေပဲဖြစ်လိမ့်မယ်"

ရုက်ရိုင်းမသန်းသော မျက်နှာဖြင့် ခပ်တည်တည်ပင် ဖြေလိုက်သည်။

ကာရိုလ် ဟက်ခနဲ ရယ်လိုက်ပြီး

"ဒါဆို မင်းရင်ထဲကအချစ် တကယ်မစစ်သေးလို့ ဖြစ်မှာပေါ့။ တကယ်ချစ်လာရင် တစ်ဖက်က မင်းရဲ့ချစ်သူက မုန်းအောင်ဘယ်လောက်လုပ်လုပ် အမုန်းဆိုတာ ရှိမလာဘူး။ ကြေကွဲခြင်းတွေပဲဖြစ်လာမှာ"

"အရေးထဲ ရှင်က အချစ်ဒဿနဆရာလား။ အချစ်ကို စာလာဖွဲ့ပြနေတယ်၊ ဒီကဖြင့် ခြေသလုံးအိမ်တိုင်ဘဝ ရောက်လို့ သောကတွေ မှန်တိုင်းထန်နေရတဲ့ကြားထဲ"

"သောကဆိုတာ ဒုက္ခနဲ့အတူတူပဲမဟုတ်လား"

"အဲဒီတော့ ဘာဖြစ်လဲ"

"ဒုက္ခဆိုတဲ့ အဲဒီအရာတွေကပဲ ဘဝတွေကို လိုသလိုခြယ်လှယ်ချယ်ကိုင်နေကြတာပဲ၊ သူတို့ကပဲ ဘဝတွေကိုပန်းဆင်းနေတာ၊ သူတို့တွေက လူတွေနဲ့အမြဲ တစ်သားထဲနေထိုင်ကြပြီး လူတွေရဲ့စိတ်ကို အမြဲလွှမ်းမိုးချင်နေကြတဲ့ နတ်ဆိုးတွေပဲ၊ တကယ်တော့ ဘဝဆိုတာ ဘာမှမဟုတ်ပါဘူး ခါတော်မှီ"

"ဘာလို့ မဟုတ်ရမှာလဲ၊ ဘဝဆိုတာ လူတွေရှိနေရင် သူတို့



www.burmeseclassic.com

www.burmeseclassic.com



လည်းလိုက်ရှိမှာပဲ၊ ဘဝဆိုတာ လူတွေကိုဘောင်ခတ်ထိန်းချုပ်ထားတဲ့ စည်းမိုးတစ်ခုပဲ"

"အင်း ခါတော်မှီ အမြင်ကလည်းမဆိုးပါဘူး၊ ဘဝနဲ့ပတ်သက်ပြီး လူတွေ အဲ ပညာရှင်တွေ အမျိုးမျိုး ညွှန်းဆိုကြတဲ့စကား ဒဿနတွေကလည်း မဆုံးနိုင်တဲ့လမ်းတစ်ခုကို လျှောက်နေရသလိုပါပဲ၊ ဒါနဲ့ မင်းကရော ခုလို ကိုယ်နဲ့ဘာလို့ ဘဝချင်းလာတူနေရတာလဲ"

"ဟင့်အင်း ခါတော်က ရှင့်လို ကိုမာဝင်နေတဲ့သူမဟုတ်ဘူး၊ ကိုယ့်အတိတ်ကို ကိုယ်ပြန်မှတ်မိတယ်၊ ဒါပေမဲ့ ခါတော်ဟာ ရိုးသားဖြူစင်တယ်လို့ ကိုယ့်ကိုယ်ကိုယ် သိထားတာကလွဲပြီး ကိုယ့်ဘဝအကြောင်းကို ပြောပြဖို့ ငြီးငွေ့လွန်းလို့ ပြောကိုမပြောချင်ဘူး"

လမ်းမပေါ်မှာ ခဏတွေ့ခဲ့ကြတဲ့ သူစိမ်းတွေပဲ၊ တစ်ယောက်အကြောင်း တစ်ယောက်သိဖို့မလိုအပ်တာ၊ ဒီတော့ တစ်ခါတည်း ယတိပြတ် ကြိုငြင်းထားလိုက်ခြင်းဖြစ်သည်။

အကာင်းပါးသော ကာရိုလ် ခေါင်းတဆတ်ဆတ်ညိတ်ပြီး

"အိုကေ စိတ်ချပါ ကိုယ်က မင်းဘဝအကြောင်းကို သိချင်ပေမယ့် မမေးပါဘူး၊ အပက် ဒါပေမဲ့ ခုလောလောဆယ်တော့ ကိုယ့်ဗိုက်အရမ်းဆာနေတယ်၊ ခရက်ဒစ်ကဒ်နဲ့ဝယ်စားလို့ရတဲ့ဆိုင်တစ်ဆိုင်ဆိုင်ကို သွားကြမလား"

"စင်တာတွေမှာတော့ သုံးလို့ရပါတယ်"

"ဒါဆို သွားကြမယ်လေ ထ"





ကာရိုလ်မှာ ဗိုက်ဆာနေ၍ အရင်ဆုံး သွက်လက်စွာ ထရပ်လိုက်သည်။

ခါတော်မှီ လေးပင်စွာ ထရပ်လိုက်ပြီး မြေပေါ်ကြွေကျနေသော ရော်ရွက်ဝါအချို့ကိုဖြတ်ရင်းလျှောက်ပြီး ကာရိုလ်နောက်မှ လိုက်လာခဲ့လိုက်သည်။

ကန်တော်ကြီးထဲက စုံတွဲတွေက ကာရိုလ်နှင့်ခါတော်မှီကို လိုက်ဖက်သော အတွဲဟု တီးတိုးဝေဖန်ချီးမွမ်းနေကြသည်။

ကာရိုလ်ပုံစံက လွတ်လပ်ပျော်ရွှင်နေသော ကလေးငယ်တစ်ယောက်လို သောကတို့ မြူတစ်မှုန်စာတောင်မရှိနေတာ ခါတော်မှီ သတိပြုမိသလို အားလည်းကျမိပါ၏။

■ ■ ■

www.burmeseclassic.com

## အခန်း (၁၃)

ဗိုက်ဆာဆာနှင့်စင်တာထဲသို့ ခပ်မြန်မြန် ခြေလှမ်းတွေဖြင့် လှမ်းဝင်ခဲ့သည်။ ကာရိုလ်နောက်မှ ခါတော်မှီ လိုက်ဝင်လာခဲ့၏။

အရပ်ရှည်ရှည် စမတ်ကျကျနှင့်ချောမောခန့်ညားသော ယောကျ်ားတစ်ယောက်နှင့်အတူ ယှဉ်တွဲရှိနေသော ခါတော်ကို စင်တာထဲမှ ထွက်လာသော အမျိုးသမီးအချို့ အားကျစိတ်နှင့်ငိုင်းကြည့်နေကြသလို အချို့ကလည်း နိုင်ငံခြားသားတစ်ယောက်နှင့်အရှက်မရှိ တွဲရလားဆိုသော အထင်သေးသည့်အကြည့်ဖြင့် ကြည့်ကြ၏။

စင်တာထဲသို့ ဝင်ပြန်တော့လည်း အရောင်းဝန်ထမ်းမလေးတွေက ကွက်ကြည့်ကွက်ကြည့်၊ အားကျကြည့်လား ရွတ်ချကြည့်လားဟူသည်ကိုတော့ ခါတော်မှီ မဝေခွဲတတ်။





"မြန်မာမဖြစ်ပြီး ကိုယ့်အမျိုးကိုယ်ဖျက်တာ၊ အလကား မျိုးဖျက်သစ္စာဖောက်မတွေ"

မြန်မာဆန်ဆန် အမျိုးသမီးကြီးနှစ်ယောက် ဈေးဝယ်နေရင်းမှ ခါတော်မှီနှင့်ကာရိုလ်ကို မကြားတကြား ဝေဖန်သည်။

ရိုးသားကြသော အခြေအနေတစ်ခုကို စိတ်ထင်တိုင်း ဝေဖန်နေကြသဖြင့် ရင်ထဲမှာ မခံချင်စိတ်ဖြစ်မိပေမယ့် ကိုယ့်အပူနှင့်ကိုယ်မို့ ရန်ပြန်မတွေ့အား။

ကိုယ့်ရဲ့မလုံလဲသောစိတ်ကြောင့် ဝေဖန်သူတို့ရှေ့မှာ ခြေလှမ်းမမှားအောင် သတိထားလျှောက်နေရသည်။

ခါတော်မှီနားသို့ ကာရိုလ် ဘာကြောင့်ရောက်နေသလဲ။

ခါတော်ကရော ကာရိုလ် ခေါ်ရာနောက်သို့ ဘာကြောင့် တကောက်ကောက် လိုက်နေရသလဲ။

ဒါဟာ အမှားတစ်ခုဖြစ်ဖို့ နိဒါန်းပျိုးနေတာဆိုလျှင်တော့ ခါတော်မှီဟာ ကာရိုလ်အနားမှာ ဆက်ရှိနေဖို့မသင့်တော့။

လမ်းလျှောက်ရင်း အတွေးတို့ပုံကြီးချဲ့နေသလောက် ကာရိုလ်ကတော့ ဘာတစ်ခုမှသတိထားမိဟန်မပေါ်။ သူစားချင်သည်များကို ဈေးဝယ်ခြင်းထဲ တစ်ခုပြီးတစ်ခု ကောက်ထည့်နေသည်။

"ဟော့ ဒီမှာ ပန်းသီးတွေ စားမလား"

နီရဲစိုရွှမ်းသော ပန်းသီးတစ်လုံးကို မြှောက်ပြကာ လှမ်းမေး၏။ ခါတော် ခေါင်းခါပြလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဘာမှစားချင်စိတ်မရှိတာတော့ သေချာသည်။

ဒါ့အပြင် ကာရိုလ်နှင့်ခါတော် ဘာမှမပတ်သက်ပါလားဟူသော အသိစိတ်က တင်းထားသော စိတ်တွေကို လျှော့ချပစ်ချင်သည်။

သို့သော် ခါတော် စိတ်လျှော့၍မဖြစ်။

"လမ်းလျှောက်ရင်း ဘာတွေတွေးနေတာလဲ၊ လာလေ ဒီမှာ အသားပြားတွေရော သစ်သီးနဲ့ကိုလာဘူးတွေရော ဝယ်ပြီးပြီ လာ ငွေသွားရှင်းမယ်"

ဈေးဝယ်ခြင်းတောင်းတစ်ဖက် ခါတော့်လက်ကိုတစ်ဖက် ဆွဲကာ ငွေရှင်းကောင်တာဘက်သို့ တက်ကြွစွာ လှမ်းနေသော ကာရိုလ်ကို ကြည့်ပြီး ခါတော့်စိတ်ထဲ မတင်မကျ ခံစားမှုတွေ မွှေနှောက်နေသည်။

ထိုခံစားမှုတွေဟာ ဘာလဲလို့ အမည်မဖော်နိုင်။

အရောင်းစာရေးမလေးတွေ ဈေးဝယ်ခြင်းထဲမှ ကာရိုလ်စိတ်ကြိုက် ရွေးထားသော စားသောက်စရာအချို့ကို တစ်ခုချင်းထုတ်ယူပြီး ငွေတွက်စက်ဖြင့် ဈေးနှုန်းတွေကို တွက်ချက်နေ၏။

"တစ်သောင်းရှစ်ရာကျပါတယ် မစ္စတာ"

"အိုကေ ရမယ်"

ကာရိုလ် ကုတ်အင်္ကျီအိတ်ကပ်ထဲမှ ခရက်ဒစ်ကတ်ကို လှမ်းနှိုက်လိုက်သည်။

"ဟင် မရှိတော့ဘူး"

မရှိတော့ဘူးဆို၍ အားမှာရပ်နေသော ခါတော်မှာ ကာရိုလ်ကိုမော့ကြည့်လိုက်ပြီး





"ဘာမရှိတာလဲ ကာရိုလ်"

"ခရက်ဒစ်ကတ်"

"ဟင်"

ခရက်ဒစ်ကတ်မရှိတော့၍ ဖြူဖွတ်နေသော ကာရိုလ်မျက်နှာမှာ မြိန်းနေသည်။ မျက်စိပျက်မျက်နှာပျက်ဖြင့် စိတ်လှုပ်ရှားနေဟန်ဖြင့်

"သွားရင်းလာရင်း ဘယ်မှာကျကျန်ခဲ့လဲမသိဘူးကွာ ကျွတ်"

စိတ်ပျက်လက်ပျက် ညည်းတွားရင်း ခေါင်းမှဆံပင်ကို လက်ချောင်းများဖြင့် ဖိုးဖွလိုက်သည်။

"သေချာရှာကြည့်ပါဦး မစ္စတာ"

ငွေတွက်နေသော အရောင်ဝန်ထမ်းမလေးတွေပါ စိတ်မသက်သာ ဝင်ပြောရှာ၏။

ကာရိုလ် နောက်တစ်ကြိမ် ပြန်စမ်းပြီး ရှာကြည့်သည်။ မရှိတော့တာ လုံးဝ သေချာသည်။

"သေချာပါတယ် ဘယ်အိတ်ထဲမှာမှ မရှိတော့ဘူး"

ပစ္စည်းတွေ စိတ်ကြိုက်ဝယ်ပြီးမှ ခရက်ဒစ်ကတ်ပျောက်နေသဖြင့် ငွေတွက်ပြီးသားပစ္စည်းတွေကို ဘယ်ကငွေနှင့် ရှင်းရတော့မလဲ။ ခါတော်မှာ ကြံရာမရဖြစ်သွားသည်။

ပိုက်အရမ်းဆာနေသော ကာရိုလ်မှာ အသားဘူးတွေ ပေါင်မုန့်တွေ အချိုရည်ဘူးတွေကို နှမြောတသလှမ်းကြည့်လိုက်သည်။ ရှောင်



www.burmeseclassic.com

www.burmeseclassic.com



မရှိမှတော့ ဘာများစောင့်နိုင်ဦးမှာလဲ။

"ကဲ ကဲ မျောက်သွားမှတော့ ဘယ်လိုဝယ်လို့ရတော့မှာလဲ လာပါ ဩော် ဒီကညီမတို့ရယ် စိတ်မရှိပါနဲ့ အစ်မတို့ နောက်တစ်ခေါက် ဒီပစ္စည်းတွေကို လာဝယ်ပါ့မယ်"

အားနာဟန်ဖြင့် ငွေရှင်းကောင်တာမှ စာရေးမလေးတွေကို ခပ်တိုးတိုးတောင်းပန်တိုးလျှိုးလိုက်သည်။

"ရပါတယ် အစ်မ စိတ်အေးအေးထားပြီး ပြန်ရှာကြည့်ကြပ ဦး၊ ညီမတို့ဒီပစ္စည်းတွေကို သပ်သပ်ဖယ်ပေးထားပါ့မယ်"

လူအချို့ပိုင်းကြည့်နေကြသည့်မှ ခါတော့်မှီနှင့် ကာရိုလ ရှက်ရှ နှင့် ထွက်လာခဲ့လိုက်သည်။

စင်တာလှေကားထစ်တွေပေါ်မှ နှစ်ယောက်သား စိတ်ပျက်လက် ပျက်ဖြင့် ဆင်းလာကြသည်။

"ကျွဲ"

"ဟှာင် အိုး မိုင်ဂေါ့"

ကားအနက်ကြီးတစ်စီး ကျွဲခနဲ ထိုးရပ်လာပြီး ညီခန့်နှင့်အတူ လူနှစ်ယောက် ကာရိုလ့်ထံသို့ လျှောက်လာကြသည်။

ကာရိုလ်တွေ့သွားပြီး ခြေလှမ်းတို့ တုန့်ဆိုင်းကာ စင်တာကြ ထဲသို့ ပြန်လှည့်၍ ပြေးလေသည်။

"အို ဒါ ဘယ်လဲ"

"ဒီမှာ စောင့်နေနော် ကိုယ်ပြန်မလာမချင်း ဘယ်မှမသွားနဲ့





"ဟေ့ မပြေးနဲ့ မပြေးနဲ့"

ညီခန့် တားပေမယ့် ကာရိုလ် ဂရုမစိုက်။ ခါတော်မှီကို ထားခဲ့ကာ စောင်လှေကားအတိုင်း ပြန်တက်၍ ပြေးလေသည်။

ရုတ်တရက် ပြောင်းလဲသွားသော အခြေအနေတစ်ခုကြောင့် ခါတော်မှီပင် ကြောင်အမ်းအမ်း ဖြစ်သွားသည်။

ယောကျ်ားသုံးယောက် ကာရိုလ်ကို ဘာကြောင့် လိုက်ဖမ်းနေရတာလဲ။ ကာရိုလ်ကရော ဘာကြောင့် ထွက်ပြေးရတာလဲ။

လဲပေါင်းများစွာဖြင့်ပင် ခါတော်မှီ နေရာမှာရပ်၍ ကျန်ရစ်ခဲ့သည်။

စိတ်ထဲမှာ ပဟေဠိတွေဖြင့် ရှုပ်ထွေးကာ ကိုယ့်သောကအချို့ပင် မေ့လျော့သွားရသည်။

ကာရိုလ်က ဘယ်သူလဲ။

ဝရမ်းပြေးလား။

ထိုလူတွေ သူ့ကိုလိုက်ဖမ်းရလောက်အောင် ဘယ်လိုပြစ်မှုမျိုးကို ကျူးလွန်ခဲ့လို့ပါလိမ့်။

စိတ်တွေရှုပ်ထွေးလွန်း၍ စင်တာလှေကားထစ်ပေါ်မှာ အရုပ်ကြိုးပြတ် ထိုင်ချလိုက်တော့သည်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၄)

ညီခန့်တို့က နောက်တလိုက် ကာရိုလ်ကာ ရှေ့ကပြေးနှင့် စင်တာထဲမှာ စိန်ပြေးတမ်းကစားနေသလိုဖြစ်နေ၏။

ကြာတော့ လူက ရွှေးဒီးအီးကျကာ မောဟိုက်လာပြီး အလုကျ် ကောင်တာနှင့်ကွယ်ရပ်ကာ အသက်ကို ပုံမှန်ရှူသွင်းရှူထုတ်လုပ်ပြီး ခေတ္တအမောဖြေလိုက်သည်။

ညီခန့်တို့လည်း နောက်ကပြေးလိုက်ရ၍ အတော်လေး မောနေပုံရသည်။ ဆက်မလိုက်တော့ဘဲ အသံဖြင့် လှမ်း၍ မက်ဆေ့ပို့၏။

"ကိုကို ကျွန်တော်တို့ကို ရှောင်ပြေးမနေပါနဲ့တော့၊ ခုလို အဓိပ္ပာယ်မရှိ လျှောက်လုပ်နေတာ ကျွန်တော် ဘယ်လိုမှ နားမလည်နိုင်တော့ဘူး၊ ဖေဖေလည်း ကိုကို့ကြောင့် ခေါင်းမီးတောက်နေပြီ"





အသံအကျယ်ကြီးအော်ပြောနေသော ညီခန့်နားသို့ စင်တာလုံခြုံရေးသုံးဦး ရောက်လာပြီး

"မိတ်ဆွေ ဈေးဝယ် ကာစတန်မာတွေ ဈေးဝယ်ရင်း စိတ်အနှောင့်အယှက်ဖြစ်မှာစိုးလို့ တိုးတိုးနဲ့ငြိမ်ငြိမ်သက်သက် နေပေးပါ"

"ဗျာ"

"တိုးတိုးနဲ့ငြိမ်ငြိမ်သက်သက် နေလို့မရဘူး။ ဒီစင်တာထဲကို ကျွန်တော်တို့ရှာနေတဲ့ နိုင်ငံခြားသားတစ်ယောက် ပြေးဝင်သွားလို့"

"ဪ ဒါဆိုရင်တော့ ဟိုဘက် ထွက်ပေါက်ကနေ ပြန်ထွက်သွားပါပြီ၊ ကျွန်တော်တို့ ခုပဲတွေ့လိုက်တယ်"

"ဗျာ ထွက်သွားပြီ ဟုတ်လား"

"ဟုတ်တယ် ကောင်မလေးတစ်ယောက်နဲ့"

"ဟင်"

လုံခြုံရေးဝန်ထမ်းစကားကြောင့် ညီခန့် အံ့သြသွားသည်။

"ဟော့ကောင်တွေ လိုက်ကြည့်ကြစမ်း"

"ဟုတ်ကဲ့ သူဌေး"

နောက်လိုက်နှစ်ယောက်အမိန့်နာခံဟန်ဖြင့် ပေါက်ခနဲ လှည့်ထွက်သွားကြသည်။ လုံခြုံရေးဝန်ထမ်းတွေလည်း ညီခန့်အနားမှ ထွက်သွားကြသည်။

ညီခန့်စိတ်ထဲ သိပ်ဘဝင်မကျသေး။ ကောင်တာအနီးတစ်ဝိုက်သည့်ပတ်ရှာကြည့်ချင်သေးသည်မို့ တခြားကောင်တာတွေဘက်သို့



www.burmeseclassic.com

www.burmeseclassic.com



မသေချာမလည်နှင့် လျှောက်သွားကာ ဝေ့ဝဲရှာလိုက်သည်။

ကာရိုလ် သက်မကို ဟူးခနဲ ချကာ လမ်းကြောင်းလွှဲသွားသည်မို့ စိတ်အေးလက်အေးနှင့် စင်္ကြံဝင်ပေါက်ရှိရာဘက်သို့ ဖုန်းလျှိုကွယ်လျှိုး လျှောက်လာခဲ့လိုက်သည်။

ရုတ်တရက် ညီခန့်က မျက်နှာချင်းဆိုင်မှ လျှောက်လာသဖြင့် ပြေးပေါက်ပိတ်ကာ ထုပ္ပသွားသည်။ မပြေး၍လည်းမရတော့သည့် နောက်ကြောင်းကို ဒုန်းဆိုင်းပြီး ပြန်လှည့်ပြေးပြန်သည်။

ညီခန့် ပြေးသွားသော ကာရိုလ်နောက်ကျောကို ဖဝေဝေ မျှော်ကြည့်ရင်း ခြေလှမ်းကျဲကြီးဖြင့် နောက်ကလိုက်လာ၏။ ကာရိုလ် ပြေးရင်းနှင့် အခန်းတစ်ခုရှေ့သို့ ရောက်လာသည်။

ဆက်ပြေးလျှင် ညီခန့်နှင့် တိုးနိုင်သေးသည်မို့ ထိုအခန်းထဲ ဝင်ပုန်းရန် စိတ်ကူးရသွားသဖြင့် အခန်းတံခါးလက်ကိုင်ဘုကို ဖျတ်ခနဲ ဆွဲလှည့်လိုက်သည်။

"အိုး တော်ပါသေးရဲ့၊ လော့ခ်မချထားဘူး"

တံခါးလော့ခ် မချထားသဖြင့် ထိုအခန်းထဲသို့ လူတွေမမြင်ခင် ဖျတ်ခနဲ ဝင်လိုက်သည်။

"ဟင်"

"အို ရှင် ရှင် ဘယ်သူလဲ၊ များအခန်းထဲကို ဘာဝင်လုပ်တာလဲ လို့၊ ဒါ များရဲ့သီးသန့်နားနေခန်း"

ခြေဖြုပ်ဆိုဖာခုံရှည်ကြီးပေါ်မှာ သက်သက်သာသာလေး အနားယူနေသော အခြောက်မတစ်ကောင်မှာ ကာရိုလ်ကို မြင်၍ ဆိုဖာခုံပေါ်မှ အမူးရှူးထိုး ထပြီး ကာရိုလ်နားပြေးလာသည်။





"ဆောရီး ဆောရီးပါ ကျွန်တော် အိမ်သာခန်းထင်ပြီး မှားဝင်မိတာပါ"

ကျဉ်းထဲကျပ်ထဲ အခြေအနေမို့ ပါးစပ်ထဲတွေ့ရာကို လျှောက်ပြောလိုက်ခြင်းဖြစ်သည်။

"အမလေး တော်တကား မော်တကားလိုက်တာကွယ်၊ ဒီအခန်းဟာ ဒါလီမော်ဆိုတဲ့ အိုင်ရဲ့ vacations room ဆိုတာ ရှင်မသိဘူးလား၊ အမလေး dismal ဖြစ်လိုက်တာနော်"

"ဟုတ်ကဲ့ မသိလို့ပါ ခင်ဗျာ၊ တောင်းပန်ပါတယ်"

အခြောက်မက မြန်မာလိုနှင့်ဘိုလို တွဲမှတ်နေပေမယ့် ကာရိုလ် မြန်မာလိုပင် ယဉ်ကျေးစွာ ပြန်တောင်းပန်လိုက်သည်။

ဒေါသတွေဖြင့် စွာကျယ်စွာကျယ် ရန်တွေ့နေသော ကာရိုလ်ကို အခြောက်မ ဒါလီမော် သတိထားကြည့်မိသွားပြီး

"နေပါဦး ရှင့်ရုပ်က မြန်မာရုပ်မဟုတ်ပါဘူး။ ဝတ်စားထားတာလည်း အနောက်တိုင်းဝတ်စုံနဲ့ဆိုတော့ ရှင်က မြန်မာလူမျိုးတော့ မဟုတ်လောက်ဘူး"

အရပ်မြင့်မြင့် ထောင်ထောင်မောင်းမောင်း ရင်အုပ်ကျယ်ကျယ်နှင့် ကာရိုလ်၏စွဲမက်စရာကောင်းသော ချောမောခန့်ညားမှုကြောင့် အခြောက်မမျက်နှာ တင်းနေရာမှ ရှုံ့အိသွားသည်။



www.burmeseclassic.com

"ဟုတ်ပါတယ် အဲ မ မဟုတ်ပါဘူး ကျွန်တော် မြန်မာလူမျိုး နိုင်ငံခြားမှာကြီးပြင်းတာပါ၊ ကျွန်တော့်နာမည် ဒေးဗစ်ကာရိုလ်ခရူးဖ်ပါ

မထူးတော့ပြီမို့ ကာရိုလ် သူ့ကိုယ်သူ မိတ်ဆက်လိုက်သည်။

"အိုး တွေ့ရတာအရမ်းဝမ်းသာပါတယ် ခရူရယ်"

"မှာ ခ ခရူမဟုတ်ပါဘူး ခရူဖ်ပါ"

"သြော် ဝမ်းသာလွန်းအားကြီးသွားလို့ တံတွေးသီးပြီး ခရူလို့ ပြောမိတာပါ ခရူဖ်ရယ်၊ အဟင်း ဟင်း လာ ဒီမှာအနားယူပါဦး"

ကာရိုလ်လက်ကို အတင်းဆွဲပြီး ဆိုဖာခုံမှာ ထိုင်ခိုင်းနေသဖြင့် လတ်တလော ပုန်းခိုစရာနေရာတစ်နေရာရပြီမို့ အလိုက်အထိုက် ဝင်ထိုင် လိုက်သည်။

အခြောက်မ ဒါလီမော်မှာ ကာရိုလ်နားမှာ အတင်းကပ်ပြီး ဝင်ထိုင်လိုက်သည်။

"ခဏနော် ရှင့်ကိုလေ ဒါလီက တစ်ခုခုနဲ့ ဧည့်ခံမယ်၊ ဘာ စားမလဲ၊ ရှင်စားချင်တာမှန်သမျှ ဒါလီက ကျွေးမှာ၊ ဒါလီက အကျွေ မှာသန်သလားမမေးနဲ့၊ အရမ်းကို ရက်ရောတာ အဟိ ခစ် ခစ် ခစ်

ကာရိုလ် ရင်အုပ်ကျယ်ကျယ်တွေကို မထိတထိ ပွတ်သပ်ရင်း ပြောနေသဖြင့် ကာရိုလ်တော်တော်လေး အနေခက်နေရ၏။

"ဂွီ ဂွီ ဂွီ"

အရေးထဲ ဟိုက ကျွေးမည်ဆိုတာနှင့်ပဲ ဗိုက်ထဲက အစာအိမ်က အသံလှမ်းပေးနေရတယ်လို့။





"ဟယ် ကြည့်စမ်း ကြည့်စမ်း ရှင် တကယ်ဗိုက်ဆာနေတာပဲ အဟင်း ခိ ခိ ခိ ပွင့်လင်းလိုက်တာကွာ၊ များက အဲလို ပွင့်လင်းမှုကြိုက် တာ"

ပြောပြောဆိုဆို လူခေါ်ဘဲလ်တစ်ခုကို နှိပ်လိုက်ပြီး

"ဟေ့ ဝန်ထမ်းတစ်ယောက်ယောက်ကို စားစရာတွေ ယူပြီး အခန်းထဲ လာပို့ခိုင်း၊ ဝိုင်နဲ့ချိစ် ယူလာဖို့ပါ မမေ့နဲ့ အိုကေ"

ဝိုင်နှင့်ချိစ်ဆို၍ ကာရိုလ် စိတ်ကြိုက် သဘောကျသွားသည်။

"ကဲ မှာလိုက်ပြီနော်၊ ခဏလေးပဲစောင့် အဟင်း ဟင်း ဟင်း ယူက အရမ်းမိုက်တာပဲ၊ ဘော်ဒီကလည်း တောင့်တင်းနေတာပဲ၊ ဒါလီက ဒီလိုဘော်ဒီမျိုးမှ ကြိုက်တာ"

"ဟို ဟိုလေ ကျွန်တော် သန့်စင်ခန်းဝင်ချင်လို့ပါ"

ကုတ်အင်္ကျီထဲ လက်နှိုက်ကာ ရင်ဘတ်နှင့်ဗိုက်သားပြင်ကို မထိ တထိနှင့်ပွတ်သပ်နေသော အခြောက်မ၏အပြုအမူကို မနှစ်မြို့ပေမယ့် အခြေအနေအရ အလိုက်အထိုက် နေနေရသဖြင့် သိပ်တော့ စိတ်မသက်သာလှ။ ထို့ကြောင့် ထိုအခြေအနေထဲမှ ရုန်းထွက်၍ရလိုရငြား သန့်စင်ခန်းဝင်ဖို့ အကြောင်းရှာလိုက်သည်။

"အို ရတာပေါ့ လာ သူများလိုက်ပို့မယ်"

ကာရိုလ် လက်ကိုဆွဲကာ သန့်စင်ခန်းရှိရာသို့ ဦးဆောင်ခေါ်သွား သဖြင့် ကာရိုလ် ဘုမသိဘမသိဟန်ဖြင့် လိုက်ခဲ့လိုက်သည်။

အိမ်သာတံခါးလော့ခ်ကိုဖွင့်ကာ တံခါးချပ်ကို တွန်းဖွင့်ပြီး

www.burmeseclassic.com



အခြောက်မကာ အရင်ဆုံးဝင်လိုက်သဖြင့် ကာရိုလ် မျက်လုံးပြူးသွားသည်။

"လာလေလို့ ဘာရပ်နေတာလဲ"

သန့်စင်ခန်းအဝတွင်ရပ်ကာ အခြောက်မကို မျက်လုံးအပြူးသားနှင့် ကာရိုလ်ရပ်ကြည့်နေသည်မို့ အခြောက်မ ခပ်ညညုဟန်ဖြင့် လှမ်းခေါ်သည်။

ဒီအခြောက်မ တကယ်မလွယ်တဲ့အခြောက်မ နာဘူးအခြောက်မဟု စိတ်ထဲမှ ခပ်ကျိတ်ကျိတ် ဆဲလိုက်သည်။

"လာပါ သူမျှား ခါးပတ်ချွတ်ပေးမယ်လေ"

ကာရိုလ် ခါးကိုသိုင်းဖက်လိုက်သော အခြောက်မ၏ အာသာငမ်းငမ်းပုံစံကြောင့် တော်တော်လေး အော်ကလီဆန်မိကာ

"ပလိစ် ပလိစ် ဒီမှာထွက်တော့မယ်"

"ထွက်လေ ထွက်လိုက်ပါ"

"ခင်ဗျား အပြင်ထွက်ပေးမှဖြစ်မယ်"

"ဩော် သူက ရှက်နေပြန်ပြီ၊ ကဲပါ အပြင်ကစောင့်နေမယ် အိုကေ ဘိုင့်ဘိုင်"

လက်ခလယ်နှင့်လက်သူကြွယ်လေးသာ လှုပ်ပြသွားပြီး ခပ်ညညုဟန်ဖြင့် ထွက်သွားတော့မှ ကာရိုလ် သက်ပြင်းမောကို ဖူးခနဲ မှုတ်ထုတ်လိုက်သည်။

တကယ်မလွယ်တဲ့ အခြောက်မ ဘာပဲဖြစ်ဖြစ် ဗိုက်ကဆာနေ





တာဆိုတော့ ဒီအခြောက်မ ကျွေးတာကို ညစာအတွက်ပါ အဝတီးသွားပြီး ခါတော်မှီအတွက် အပြန်မှာပါဆယ်ထုပ်လေး ထုပ်သွားမှ။

ကိုယ့်အတွေးနှင့်ကိုယ် သန့်စင်ခန်းထဲမှာ သဘောကျစွာ ခပ်တိုးတိုးရယ်လိုက်သည်။

သန့်စင်ခန်းထဲမှာ ဆယ့်ငါးမိနစ်ခန့် အနားယူပြီးမှ . . . ။

စားစရာတွေ ရောက်လာတော့မည့်အချိန်မှ သန့်စင်ခန်းထဲမှ ခုန်းပြီး ထွက်လိုက်တော့မည်။

နို့မို့ဆို အခြောက်မနှင့် မလိုအပ်ဘဲ အချိန်တွေဖြုန်းရဦးမည်။

ခါတော်ရော စင်တာရှေ့မှာ သူ့ကို စောင့်မှစောင့်ပါ့မလား။

ကိုယ့်ဒုက္ခတွေကြားထဲမှ ခါတော်မှီအတွက် ပြေးပြီး ပူပန်မိသေးသည်။

■ ■ ■

www.burmeseclassic.com

## အခန်း (၁၅)

အခန်းထဲဝင်လာပြီး စားစရာတွေ လာပို့သော ဝန်ထမ်းကောင်မလေးအကြည့်တွေက ကာရိုလ့်ဆီသို့ ရောက်လာပြီး အံ့သြသွားသည်။

ကာရိုလ်လည်း မှတ်မိသွားသည်မို့ မနိုသွားဖြုလေးရယ်ပြလိုက်သည်။

"မစ္စတာ ခရက်ဒစ်ကာဒ်ရှာတွေ့ပြီလား။ ဒါကြောင့် သူဌေးအခန်းထဲရောက်နေတာထင်တယ်"

ဝန်ထမ်းကောင်မလေး အမေးကြောင့် အခြောက်မ နားမလည်သောအကြည့်ဖြင့် ကာရိုလ်ကိုကြည့်ပြီး

"ရှင် ခရက်ဒစ်ကာဒ်ပျောက်နေတယ် ဟုတ်လား"

"ဟုတ်တယ် သူဌေး ဒီကမစ္စတာကလေ ဈေးဝယ်ပြီးငွေရှေ





ခါနီးမှ ခရက်ဒစ်ကာဒ်ပျောက်လို့ ရွေးထားတဲ့ပစ္စည်းတွေ ဒီအတိုင်း ထားခဲ့ရတယ်"

ဝန်ထမ်းမလေး စကားအဆုံး အခြောက်မ ဒါလီမောင် ရသည့်အခွင့်အရေးကို လက်လွှတ်မခံ။

"အို ဒါများဟာယ် စောစောကပြောရောပေါ့၊ ဒီမှာ ဒီမောင်ဝယ်ထားတဲ့ပစ္စည်းတွေအတုန်လုံး ဒီအခန်းထဲယူလာခဲ့၊ ဒါ ငါတို့စင်တာရဲ့ အထူးကာစတန်မာမို့ လက်ဆောင်ပေးရမယ် သွား သွား"

"ဟုတ်ကဲ့ပါ သူဌေး"

ဝန်ထမ်းမလေး အခန်းဝရောက်ခါနီးမှ

"ဪ လက်ဆောင်ပစ္စည်းတွေကို ငါခေါ်မှလာပေး၊ ခုချိန်ကစပြီး ငါ့အခန်းထဲကိုဘယ်သူမှ မဝင်လာစေနဲ့ ဒါပဲ"

"ဟုတ်ကဲ့ပါ သူဌေး"

အခြောက်မစကားက ကာရိုလ်အဖို့ ကျောချမ်းစရာ။

ဝန်ထမ်းမလေး အထာနပ်သူပီပီ ပြုံးစိစိဖြင့် ခေါင်းလေးညိတ်ကာ အခန်းထဲမှထွက်သွားသည်။

အခန်းထဲတွင် နှစ်ယောက်တည်းကျန်နေခဲ့သည်မို့ ကာရိုလ်ချောင်ပိတ်မိသလို ကျကယ်ရာမဲ့နေ၏။ ဗိုက်ကလည်း ဆာနေပြီမို့

"ပလိစ် စားလို့ရပြီလား"

အမျိုးစုံလင်လှသော အနောက်တိုင်းအစားအစာနှင့် ခပ်သင်းဆင်တူသော အသားကင်နှင့်ဟမ်ဘာဂါ ဆန်းဒဝစ်တို့ကြောင့် အစာအိမ်

www.burmeseclassic.com



အုန်းရုံမှာ ဖိုင်းရုပ်စ်လေးတွေ ဖရုန်းသုန်းကားဖြင့် တဒုန်းဒုန်းထုရိုက်နေကြ၏။

"အို ရပါပြီ စားပါကွယ် စားပါ အားရဖါးရစား မိုးမိုးပက်စက် ကိုစား မဝသေးရင် ထပ်ကျွေးဦးမှာ အဲ ဗိုင်လေးလည်း ထည့်ပေးမယ် နော်၊ ဒီဗိုင်တ ပြင်သစ်က မှာထားတာ အနမ်းမီးလို့ခေါ်တယ်"

ဖန်ခွက်ဝိုင်းဝိုင်းထဲသို့ အနီရောင်ဗိုင် အနည်းငယ်ငှဲထည့်ပေးပြီး ကာရိုလ်ကို လှမ်းပေးသည်။

အသားကင်လေးစားလိုက် ဗိုင်လေးသောက်လိုက်နှင့် ကာရိုလ် တော်တော်လေး အရသာတွေ့နေ၏။ စားပြီးလျှင်သာ ဒီအခြောက်မနှင့် ဘယ်လိုနှုတ်ပါးသွားပေးရမလဲမသိဆိုသည့်အတွေးဝင်လာတိုင်း အားရပါးရ ဝါးနေသော အသားကင်တွေက လည်ချောင်းဝမှာ တစ်ဆို့ကြီးဖြစ်လာပြီး လူက သီးမတတ်။

အခြောက်မဆီမှာ ပေးဆပ်မှုတွေ အရမ်းများနေတော့ သူ့ စိတ်ကြိုက် အလိုက်အထိုက်အော့ နေပေးရတော့မှာပေါ့။ ယောက်ျားအ ချင်းချင်း အော်ဂလီဆန်စရာကောင်းပေမယ့် ပွတ်သီးပွတ်သပ်နေရုံ လောက်နှင့်တော့ ကိုယ့်အသားပုံသွားတာမှ မဟုတ်တာ။

အဓိကက ခုလောလောဆယ် ဗိုက်ပြည့်သွားဖို့ပဲ။

"ကျွန်တော်ပြန်ရင် ဒီကပိုတာလေး ထည့်သွားဦးမယ်နော် အိမ်ကကြောင်မလေးက ဘာဂါနဲ့ဆင်းဒဝစ်ဆို သိပ်ကြိုက်တာ၊ အသား ကင်များစားလို့ကတော့ ခေါင်းတောင်မဖော်ဘူး ဟဲ ဟဲ ဟဲ"





"အို ဟုတ်လား ထည့်ပေးဦးမှာ စိတ်ချ ဒါပဲနော် ဒါလို့ဆိုကို နေ့တိုင်းလာရမယ်နော်၊ ဒါလီမျှော်နေမှာ ဒီကလေ ဒီက သူ့လိုရှင်အုပ် ကားကား အရပ်ရှည်ရှည် ယောက်ျားမျိုးကိုမှ ချစ်ချင်တာ၊ နော် နော်လို့ ချစ်ကြမယ် မဟုတ်လား၊ ဒီကဖြတ်ဖောက်ချုပ်မလေး ဒါလီကလေ အကြင်နာနတ်သားလေးကို မျှော်လင့်နေတာ"

"ဘာ ဖြတ် ဖြတ်ဖောက်ချုပ် ဟုတ်လား"

"အင်းဟင် ဟုတ်တယ် ဘာလဲ ပိုမကောင်းဘူးလားလို့ အပျိုရင်ခုန်လိုက်တာ"

"ဒါ ဒါဆို ကျွန် ကျွန်တော် အတွေ့အကြုံသိပ်မရှိသေးဘူး ဟို ဟိုလေ ဒါမျိုးတ ဖီလင်လိုတယ်၊ ဒီ ဒီတော့ ည ညကျရင် တွေ့ တွေ့ကြမယ်လေ၊ ဘယ်ဟိုတယ်ကို လာရမလဲ ဟဲ ဟဲ မြန်မာပြည်ရောက် တည်းက တစ်ယောက်ထဲ အထီးကျန်နေတာ၊ ခုတော့ အထီးကျန်စရာ မလိုတော့ဘူး"

အခြောက်မ ဒါလီမောင် သိန်းထီပေါက်သူတစ်ယောက်လို ခွေ့ ခနဲ ထခုန်ကာ

"ဟယ် တ တကယ်လာမှာလားဟင်၊ မျှား မျှားကို နောက်နေ တာလား"

"မနောက်ဘူး ကျွန်တော်က ဒါမျိုးဝါသနာပါပြီးသား၊ မြန်မာ မလေးတွေဆိုရင် ပိုတောင်သဘောကျတာ"

လျော်ကောင်းကောင်းနှင့် လျော်လိုက်သည်မို့ တကျော့ငါးစီးနေ

www.burmeseclassic.com



သော ဒေါလီမောင်ဧ၏ဆေးသားဖောင် နူတ်ခမ်းရဲရဲထော်ထော်တစ်စုံမှာ တဆတ်ဆတ်နှင့် တုန်ခါနေကာ ညဆိုသော အချိန်ကို မြန်မြန်ရောက်ချင်စမ်းလှပါဘိ။

တွေးကြည့်လိုက်တာနဲ့တင် ခံစားမှုတွေက တိမ်တိုက်တွေထဲ မျောလွင့်နေသလိုလို။

■ ■ ■

အခန်း (၁၆)

လောကားထစ်တွေမှာ ငုတ်တုတ်ထိုင်စောင့်နေရတာ အချိန်တွေ အတော်လေး ကြာနေပြီမို့ ခါတော်မှီလည်ပင်း ညောင်ရေအိုးဖြစ်တော့ ည်။

ကာရိုလ်က စောင့်နေဟုပြောပေမယ့် အမှန်ဆိုလျှင် သူနှင့် ကိုယ်က ဘာမှပတ်သက်တာမဟုတ်သည့်အတွက် သူ့ကိုစောင့်မနေတော့ဘဲ ကိုယ့်လမ်းကိုယ် ဆက်သွားရတော့မှာ။

သံယောဇဉ် အမျှင်တန်းတွေ ဒီထက်ခိုင်မာမလာခင်မှာ ရှေ့ဆက်မတိုးတာ အကောင်းဆုံးဟု တွေးမိပေမယ့် အတွေးသက်သက်သာ ရှိသည်။ ခြေလှမ်းတွေက ထိုနေရာမှ တစ်စက်ကလေးမှ မရွေ့ချင်။

စောင့်လက်စနှင့် ဆက်စောင့်ချင်သည်။ လမ်းပေါ်မှာ အစိ



www.burmeseclassic.com

www.burmeseclassic.com



ယောက်ထဲ လျှောက်သွားနေမယ့်အတူတူ ကာရိုလ်ကို ခရီးသွားဖော် အဖြစ် အနားမှာခေါ်ထားလိုက်လျှင် အနည်းဆုံး ခါတော့်အတွက် အခက် အခဲကို အတူတူရင်ဆိုင်ဖြေရှင်းနိုင်မည်။

ကိုယ်သတိမထားလိုက်မိသည့်အချိန်ကာလတစ်ခုမှာ ထူးဆန်း သောခံစားမှုတွေ သူ့အလိုလိုဝင်လာတာကိုတော့ ခါတော်လည်း ဘာမှ မတတ်နိုင်။ ခံစားမှုဆိုတာ လုပ်ယူ၍ရသောအရာမှ မဟုတ်တာ။

ဘဝမှာယောကျာ်းတစ်ယောက်နှင့်အတူတူ လမ်းပေါ်မှာ အလေ အလွင့်တစ်ယောက်လို လျှောက်သွားရလိမ့်မည်ဟု ဘယ်တုန်းကမှ တွေး မထားမိခဲ့တာပဲမို့။

ခုလိုအကူညီးတန်သောကာလတွေမှာ ခါတော့်ဘေးမှာ ကာရိုလ် ကို အဖော်အဖြစ်ထားပေးတာကိုပဲ ကံကြမ္မာကိုကျေးဇူးတင်ရတော့မှာပင်။

ဒါ့အပြင် ခါတော်ဘေးမှာ ရိုးသားစွာ အဖော်လုပ်ပေးနေသော ကာရိုလ်၏ကိုယ်ကျင့်တရားကို ခါတော် မလေးစားပဲလည်း မနေနိုင်။

"မင်္ဂလာပါ ညီမလေး"

"ရှင် ဟုတ် ဟုတ်ကဲ့ မင်္ဂလာပါ"

ကုမ္ပဏီယူနီဖောင်းဝတ်ထားသော ဝန်ထမ်းအမျိုးသမီးတစ် ယောက် ခါတော့်နားရောက်လာပြီး ယဉ်ကျေးစွာ နှုတ်ဆက်လာသဖြင့် အတွေးတွေကြားထဲမှ ယောင်နနဖြင့် ပြန်၍နှုတ်ဆက်စကားဆိုလိုက်သည်။

"ဒါ မမတို့ကုမ္ပဏီက ထုတ်တဲ့ နို့အေးဘူးနဲ့အသားညှပ်ပေါင် မုန့်ပါ"





ယဉ်ကျေးသိမ်မွေ့သောအမူအရာ ချိုသာသော အပြောအဆိုနှင့် ကမ်းပေးလာသော နို့အေးဘူးနှင့် ပလပ်စတစ်အကြည်အုပ်ထားပြီး အသားညှပ်ပေါင်မုန့်ထည့်ထားသည့် ဖော့ဘူးကို အားငယ်စွာငုံ့ကြည့်လိုက် မိ၏။

"စိတ်မရှိပါနဲ့ မမရယ်၊ ခါတော့်မှာ ပိုက်ဆံအိတ်မပါလို့ပါ"

"နွမ်းဖတ်သော အဝတ်အစားနှင့် အားငယ်တိုးတိမ်သော အသံတိုးလေးစကားကြောင့် ကုမ္ပဏီဝန်ထမ်းအမျိုးသမီးလေး သိမ် မွေ့စွာ ပြန်လည်ပြုံးပြပြီး

"ပိုက်ဆံပေးစရာမလိုပါဘူးကွယ်၊ မမတို့ကုမ္ပဏီက ကြော်ငြာ တဲ့အနေနဲ့ စားသုံးသူတွေလက်ထဲကို အခမဲ့ ဖြန့်ဝေပေးနေတာပါ၊ ရော့ ဗီတာမင်အပြည့်ပါတဲ့ နို့အေးဘူးနဲ့ လတ်ဆတ်တဲ့ အသားညှပ်ပေါင်မုန့် ကို စားပြီး အတွေးသစ်တွေဖန်တီးပါ၊ အရသာကောင်းတယ်ဆိုရင် နောက်တစ်ခါဝယ်ယူအားပေးပါ၊ ဆိုင်တိုင်းမှာ ဖြန့်ဖြူးရောင်းချနေပါပြီ"

အလကားဆို၍ စိတ်ထဲမှာ အားတက်သွားသည်။

အမှန်ဆို ခါတော် ဗိုက်ဆာနေတာပါ။

"ကျေးဇူးတင်ပါတယ် မမ. ခါတော် အရသာရှိရှိ စားပါမယ်"

ခါတော့်လက်ထဲကို နို့အေးဘူးနှင့်အသားညှပ်ပေါင်မုန့်ဘူး လှမ်း ပေးပြီး ကုမ္ပဏီဝန်ထမ်းအမျိုးသမီးအနားမှ ထွက်သွားသည်။

ငိုချင်လျက်လက်တို့ဆိုသလို စားချင်လျက် လာပေးဖြစ်နေသော ခါတော်မှာ ဝမ်းသာအားရဖြစ်ကာ ဗိုက်ဆာဆာနှင့် စားမည်ဟုအားခဲ



www.burmeseclassic.com

ကာ နို့အေးဘူးကိုဖောက်၍သောက်ပြီး အသားညှပ်ပေါင်မုန့်ဘူးကိုဖွင့်ကာ တစ်ကိုက် ကိုက်စားလိုက်သည်။

ဗိုက်အတော်ဆာနေပြီမို့ ဟန်ပင်မဆောင်နိုင်တော့။

"အင့်"

"ဟာ"

"အို သွား သွားပါပြီ ကုန်ပါပြီ"

လူတစ်ယောက်ဝင်တိုက်လိုက်သဖြင့် လက်ထဲမှာကိုင်ထားသော အအေးဘူးနှင့် အသားညှပ်ပေါင်မုန့်ထုပ်မှာ လှေကားကြမ်းခင်းပေါ်သို့ ပြုတ်ကျသွားသည်။

ညီခန့်မှာ ကိုယ့်ကြောင့် သူတစ်ပါးစားနေသော အစားအ သောက်ပြုတ်ကျသွား၍ တော်တော်လေး အားနာနေရသည်။

"ဟာ ဆောရီးဗျာ ကျွန်တော် တမင်ဝင်တိုက်တာ မဟုတ် ဘူး"

ပျာပျာသလဲ တောင်းပန်တိုးလျှိုးတာကို ခါတော်မှီ ဂရုမစိုက် အား။ ပြုတ်ကျသွားသော အစားအသောက်တွေကိုသာ နှမြောတသ ငေးကြည့်နေ၏။

ညီခန့် စိတ်မကောင်းဖြစ်သွားသည်။

"ကျွန်တော် အစားပြန်ဝယ်ပေးပါ့မယ်ဗျာ စိတ်မရှိပါနဲ့"

"ဟွန့် အဲဒါတွေက ခါတော့်ကို အလကားပေးသွားတာ လူက ဗိုက်ဆာနေပါတယ်ဆိုမှ တကယ်ပါပဲ"





ဟန်ဆောင်ခြင်းကင်းသောမျက်နှာဖြင့် ခါတော်မှီ စိတ်ပျက် လက်ပျက် ပြောလိုက်သည်မို့ မနေတတ်မထိုင်တတ်လောက်အောင် အားနာနေရသော ညီခန့်မှာ အကြံတစ်ခုရသွားပြီး

"ကျွန်တော့်ကို ဒီနေရာမှာ ခဏစောင့်ပေးပါဗျာ၊ နော် ကျွန် တော် ခုပဲပြန်လာပါ့မယ်"

အရေးတကြီးဟန်ဖြင့် ပြောကာ စင်္ကြံထဲပြေးဝင်သွားသော ညီခန့်ကို ခါတော်မှီ ဘာမှတောင် မပြောလိုက်ရ။

"ဟွန့် လာပြန်ပြီ သူလည်း ငါ့ကိုခဏစောင့်ခိုင်းပြန်ပြီ"

စိတ်ပျက်လွန်း၍ နေရာမှာတင် ခပ်ဆောင့်ဆောင့်ထိုင်ချလိုက် ပြီး ပြုတ်ကျနေသော ပေါင်မုန့်နှင့်နို့အေးဘူးကိုသာ နှမြောတသ ငေး နေလိုက်တော့၏။

"ခါတော်"

ကာရိုလ်အသံကြောင့် မလန်းဆန်းသော မျက်နှာဖြင့် ဖျတ်ခနဲ မော့ကြည့်လိုက်သည်။ စားစရာတွေ တစ်ပွေ့တစ်ပိုက်သယ်လာသော ကာရိုလ်၏တက်ကြွနေသောပုံကိုမြင်ရတော့ မကြည်လင်သောစိတ်တွေ ရုတ်ချည်းဆိုသလို ကြည်လင်လန်းဆန်း၍သွားသည်။

"ရှင် ပေါ်လာသေးတယ်နော်၊ ဒီက ဗိုက်တွေဆာတာမှ အူတွေ ကို လိမ်နေတာပဲ၊ မတ်တပ်တောင် မရပ်နိုင်တော့ဘူး"

ကလေးတစ်ယောက်လို ပွင့်လင်းစွာပြောလာသော ခါတော်မှီကို ကြည့်ပြီး ကာရိုလ် စိတ်ထဲ သနားသွားမိသည်။



www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်မှာလည်း ညီခန့်လက်မှလွတ်အောင် ခဏရှောင်ပုန်းရင်း အခြောက်မနှင့် တော်တော်လေးအချိန်ဖြုန်းလိုက်ရသည်။ ထိုအချိန်တွေသည် ကာရိုလ်အတွက် ငရဲကျနေသလိုလို နေမထိထိုင်မထိနှင့် ထွက်ပေါက်ပိတ်ခဲ့ရသည့်အဖြစ်။

ဒါတောင် ညရှစ်နာရီမှာ သူ့ဆီလာခဲ့ပါမယ်ဟု ကတိတွေ အထပ်ထပ်ပေးကာ သူယုံအောင် ဟန်ဆောင်ပြခဲ့ရ၏။ ပြန်တွေးကြည့်လျှင် တော်တော်လေး အူကြောင်ကြောင်နိုင်သည့်မို့ စိတ်ထဲမှ ရယ်ချင်သွားသည်။

"ဟင့် ဘာရယ်တာလဲလို့"

"ဘာမှမဟုတ်ပါဘူး အခြောက်မနဲ့တွေ့ခဲ့တာကို ရယ်ချင်သွားတာပါ၊ ကဲပါ ရော့ ဒီမှာ မင်းစားဖို့ စားစရာတွေပါတယ်၊ ခုလောလောဆယ် ဒီနေရာကနေ အမြန်လစ်ကြစို့"

ခါတော့်လက်ကိုဆွဲကာ စင်တာရှေ့မှ ခပ်သုတ်သုတ် ထွက်လာခဲ့လိုက်သည်။ ခါတော် ကလေးတစ်ယောက်လို ဘောက်ဆတ်ဘောက်ဆတ် ခြေလှမ်းတွေဖြင့် ကာရိုလ်ဆွဲခေါ်ရာသို့ လိုက်လာ၏။

စောစောက ခဏစောင့်ပါဦးဟုပြောသွားသောလူကိုလည်း ထွက်များလာပြီလားဟူသော သိချင်စိတ်ဖြင့် လှည့်ကြည့်လှည့်ကြည့်။

■ ■ ■



## အခန်း (၁၇)

၁

စားစရာတွေ တစ်ပွေ့တစ်ပိုက်နှင့် စင်တာထဲမှပြန်ထွက်လာသော ညီခန့်မှာ ခါတော်မှီကိုမတွေ့ရတော့သဖြင့် ရင်ထဲမှာ ဟာခနဲဖြစ်တာ အနီးအနားပတ်ဝန်းကျင်ကို တွေ့လိုတွေငြား ငေးကြည့်လိုက်သည်။

ကောင်မလေးနှင့်ရုပ်ချင်းဆင်သူတောင် တစ်ယောက်တလေမှ မတွေ့။

သူစျေးဝယ်နေတာ ကြာသွား၍ ကောင်မလေး စိတ်မရှည်၍ ပြန်သွားလေသလားမသိ။ အားနာစရာတွေ မထင်မှတ်ဘဲဖြစ်သွားသည့်အတွက် စိတ်ထဲမှာ မတင်မကျ ဖြစ်သွားပြီး ကိုယ့်ကိုယ်ကိုယ် ဒေါသဖြစ်မိပါသည်။

"ဒီမိန်းကလေး စောင့်နေပါဆိုတာကို မစောင့်ဘူး၊ ဒုက္ခပါပဲ ဒါကဒီမုန့်တွေကို ဘာလုပ်ရမှာလဲ"

ဝယ်လာသော မုန့်နှင့်အချိုရည်ဘူးအချို့ကို စိတ်ပျက်လက်ပျက်

www.burmeseclassic.com



ဖွံ့ကြည့်ရှင်း တစ်ယောက်ထဲ ခပ်တိုးတိုးညည်းတွားလိုက်သည်။ ဒီမုန့်တွေ
ကို ကားထဲယူသွားပြီး ဟိုကောင်နှစ်ကောင်ကိုပဲ ကျွေးလိုက်ရတော့မှာ
ဟု နှမြောစွာတွေးလိုက်သည်။

အတွေးဆုံးသည်နှင့် ဖုန်းမြည်လာသည်။

ဖေဖေ့ဖုန်းနံပါတ်ကြီးမို့ ညီခန့်တစ်ယောက် နားငြီးဦးမည်ဟု
စိတ်ပျက်စွာညည်းတွားလိုက်ပြီး ဖုန်းထူးလိုက်သည်။

"ဟဲလို ဖေဖေ ကျွန်တော် ကိုကို့ကိုတွေ့လိုက်တယ်၊ ဒါပေ
သူ ကျွန်တော့်ကိုအတွေ့မခံဘူး၊ တရားခံပြေးတစ်ယောက်က ရဲကိုမြ
သလိုမျိုး ကျွန်တော့်မြင်တာနဲ့ ထွက်ပြေးသွားတယ်"

"..."

"ကိုကို ဘာတွေလုပ်နေတယ်ဆိုတာ ကျွန်တော်တော့ နာ
မလည်တော့ဘူး ဖေဖေရာ"

"..."

တစ်ဖက်ဖုန်းထဲမှ ကိုယ့်အပြစ်မကင်းသည့်လေသံဖြင့် အပြ
လှမ်းတင်သောဖခင်ဖြစ်သူ၏စကားကြောင့် ညီခန့် ကျွတ်ခနဲ စုတ်သ
ကာ

"ကျွန်တော်လည်း လူစုခွဲပြီး ရှာတာပဲ ဖေဖေရာ၊ ကိုကို
လျှင်လိုက်တာမှ ငါးရှဉ့်တစ်ကောင်လိုက်ဖမ်းရသလိုပဲ၊ ခုလည်း ဘယ်
ဖုန်းနေလဲမသိဘူး၊ လုံးဝ ရှာမတွေ့ဘူး။ စင်တာ တစ်ခုလုံး လှည့်ပ
ရှာရလွန်းလို့ စင်တာထဲက အရောင်းဝန်ထမ်းမလေးတွေကတောင် သူ



BURMESE CLASSIC



ကို ကျွန်တော်ကလာပြီး ရိုက်နေတယ်လို့ ထင်သွားကြပုံရတယ်၊ ဒါကြောင့်
ဆက်မရှာဘဲ ထွက်လာတာ ဒီကြားထဲ အပြင်မှာ ကောင်မလေးတစ်
ယောက်နဲ့ဝင်တိုက်လို့ သူ့လက်ထဲက မုန့်တွေပြုတ်ကျကုန်တာနဲ့ အစား
ပြန်ဝယ်ပေးနေရသေးတယ်"

ဖခင်ဖြစ်သူကို အရစ်ရှည်ရှည်ဖြင့် အသေးစိတ်ပြန်ရှင်းပြနေ
သော ညီခန့်၏မုံစံမှာ လက်ဟန်ခြေဟန်ဖြင့် ပြောနေသဖြင့် အများ
အမြင်မှာ ရယ်စရာကောင်းနေသလားမပင် မပြောတတ်တော့ စင်တာသို့
ဈေးလာဝယ်သော ကောင်မလေးတွေ ကြိတ်ပြုံးလေးတွေဖြင့် လှောင်သွား
ကြသည်။

ရှက်လိုက်သည့်ဖြစ်ခြင်း ကိုယ်ကလည်း ဖုန်းပြောလျှင် ကကြိုး
ကကွက်တွေလို လက်ဟန်ခြေဟန်နှင့်ပြောရမှ အားရသဖြင့် အများအမြင်
မှာတော့ ရယ်စရာဖြစ်ကောင်းဖြစ်နေလိမ့်မည်။

ဒီကြားထဲ ဖေဖေ့ထံမှ သံသယစကားက ထွက်လာသေးသည်။

မင်းက အရေးထဲ ဇာတ်လမ်းရှာနေသလားတဲ့။

"ဘုရားပေးပေး ကျမ်းပေးပေးပါ ဖေဖေရာ၊ ကျွန်တော့်မှာလေ
ဇာတ်လမ်းရှာဖို့ကိုအချိန်မရပါဘူးဗျာ၊ အဲဒီ ကိုကို အစုတ်ပလုတ် မြန်မာ
ပြည်ရောက်ထဲက ဖင်ပူအောင်တောင် တစ်နာရီအပြည့် မထိုင်ရသေးပါ
ဘူး၊ တကယ့်မျောက်မူးလဲ၊ မြန်မာပြည်လာပြီး အမွှေစိန်လုပ်နေတယ်၊
ကျွန်တော့်ရဲ့တန်ဖိုးရှိတဲ့အချိန်တွေကို ဖျံပေးနေရတဲ့အတွက် သိပ်မမိုက်
တော့ဘူး"



www.burmeseclassic.com

www.burmeseclassic.com



ဖုန်းပြောလျှင် လိုတိုရှင်းမပြောတတ်သော ညီခန့်မှာ ကာရိုလ်ကိုအပြစ်တင်၍မဆုံးတော့။

ဘယ်ဆုံးမလဲ မြို့အနှံ့လိုက်ပတ်ရှာရလွန်းလို့ မျက်လုံးတွေလည်း ဂနာမငြိမ်တော့။

■ ■ ■

## အခန်း (၁၈)

"စားလို့ကောင်းလား ခါတော်မှို"

"အင်း အရမ်းကောင်းတယ်၊ ဒီလိုမုန့်မျိုးတွေ ခါတော် တစ်ခါမှ မစားဖူးဘူး။ ခုမှပဲ ဗိုက်ဆာလို့ အသားတဆတ်ဆတ်တုန်တာတွေ ပျောက်တော့တယ်"

မြို့ကြီးတစ်ခြမ်းရှိ အုတ်ခုံပေါ်တွင် အေးအေးသက်သာထိုင်၍ ကာရိုလ်ယူလာသော အသားညှပ်ကွတ်ကီးကို စားလိုက် ကိုလာဘူးလေးထဲမှ အချိုရည်လေးငုံလိုက်နှင့် ခါတော်မှို လောကကြီးကို ခဏတော့ မေ့နေသည်။

"ရော့ ဒီမှာ ဘာဂါတွေလည်းစားဦး"

ပါးစပ်ထဲမှာ ပလုပ်ပလောင်းစားနေသော ခါတော်မှိုကို ဘာဂါ



www.burmeseclassic.com

www.burmeseclassic.com



ထပ်စားရန် ရှေ့ကိုတွန်းပေးလိုက်သည့် ကာရိုလ် စေတနာတွေ ဖိတ်လျှံကျနေသည်။

ခါတော်မှီ ပလုပ်ပလောင်းလေသံဖြင့် ခေါင်းလေးတဆတ်ဆတ်ခါပြရင်း

"ဟင့်အင်း အဲဒါတွေက ကာရိုလ် စားလိုက်တော့လေ၊ ခါတော်က ပဲခေါက်ဆွဲတွေလည်းစားပြီးပြီ၊ ဗိုက်တအားတင်းနေတာ၊ ဒီထက်ပိုပြီး ထပ်စားရင် လက်ထိုးအန်ရလိမ့်မယ်"

"ကိုယ်လည်း မစားတော့ဘူး ဒါဆိုရင် ဒီဘာဂါတွေကို တို့နှစ်ယောက်ညစာအဖြစ် ထားလိုက်တော့မယ်လေ"

ကာရိုလ်ထံမှ ထင်မှတ်မထားဘဲ ထွက်လာသည့်စကားကြောင့် ခါတော်မှီရင်ထဲ နွေးထွေးစိမ့်မြသွားသည်။

ဒီအချိန်မှာ ခါတော်နှင့်အရင်းနှီးဆုံးလူတစ်ယောက်လိုဖြစ်နေသည့် ကာရိုလ်ကို ခါတော်ရင်ထဲမှာ ဘယ်တော့မှ မေ့၍ရတော့မည်မဟုတ်။

တို့နှစ်ယောက် ညစာအဖြစ်ထားလိုက်တော့မည်ဆိုသည့်စကားဟာ ရှေ့ဖြတ်သန်းရမည့်အချိန်ကာလတွေမှာ သူဟာ ခါတော့်အနားမှာရှိနေဦးမည်ဆိုသည့်အဓိပ္ပာယ်သက်ရောက်နေသည်မို့ စိတ်ထဲမှာ ထူးခြားစွာကျေနပ်အားတက်မိသည်မှာ ပြောဖွယ်ရာမရှိတော့။

"ရော့ ချောကလက်လေးစားလိုက်ဦး"

ချောကလက်ကျွေးနေသည့်အတွက် ခါတော်မှီ ချောကလက်တောင့်လေးကို လှမ်းယူပြီး တစ်ကိုက်ကိုက်လိုက်သည်။





ချိုစိမ့်စိမ့်အရသာကိုအရသာခံကာ တမြုံ့မြုံ့ဝါးနေရင်း ကာရိုလ်ကိုဖျတ်ခနဲ လှမ်းကြည့်လိုက်သည်၊ အကြည့်ချင်းဆုံသွားကြသည့်အခိုက် ရင်ဘတ်ထဲမှ နှလုံးခုန်သံတွေဟာ ချောကလက်အရသာလို ချိုအီ၍သွားကြသည်။

"ဒီနိုင်ငံမှာရော ချစ်သူများနေ့ဆိုရင် ကောင်မလေးတွေကို ကောင်လေးတွေက ချောကလက် ကျွေးကြလား"

ခပ်တိုးတိုးအမေးကြောင့် ချောကလက်တမြုံ့မြုံ့ဝါးနေသော ခါတော်မှီမှာ တစ်စုံတစ်ခုကို သတိရသွားဟန်ဖြင့် မျက်ခုံးတန်းလေးနှစ်ဖက် စုကျုံ့သွားကာ ကာရိုလ်ကို မျက်စောင်းခပ်လက်လက်လေး ထိုးလိုက်ပြီး လက်ထဲမှ စားလက်စချောကလက်ကို ကာရိုလ်လက်ထဲ ပြန်ထည့်ပေးလိုက်သည်။

"မစားတော့ဘူး ရော့"

"ဟင် ဘာဖြစ်လို့လဲ အချို မကြိုက်ဘူးလား"

"ရှင် ခါတော့်ကို ချောကလက်ကျွေးတာ အကြံနဲ့မဟုတ်လား"

"ဟာ မဟုတ်သာ ဘာအကြံရှိရမှာလဲ၊ ဒီအတိုင်းပဲ ကျွေးလိုက်တာပါ"

"ဒါဆို စောစောက မေးခွန်းကို ဘာလို့မေးလဲ"

"ချောကလက်ကိုမြင်တာနဲ့ သတိရသွားလို့ပါ၊ တကယ်ပါ ကိုယ့်ဘဝမှာလေ ဘယ်မိန်းကလေးကိုမှ ချောကလက် မကျွေးခဲ့ဖူးဘူးလေ တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ကိုမာဝင်နေတဲ့လူက ဒါကျတော့ မှတ်မိလား"

အငိုက်မိသွားသော ကာရိုလ်မှာ ခါတော်မှီကိုကြည့်ပြီး ဟက်ခနဲ ရယ်ကာ

"မမှတ်မိပါဘူး။ ဒါကြောင့် မကျွေးခဲ့ဖူးဘူးထင်တယ်လို့ ပြောတာပေါ့"

"ဒါနဲ့ နေပါဦး ရှင့်ခရက်ဒစ်ကဒ် ပျောက်သွားတယ်လည်းဆို သေးတယ်၊ ဒီအစားအသောက်တွေက ဘယ်ကပိုက်ဆံနဲ့ဝယ်လာတာလဲ ဟို ဟိုလေ ရှင် မ မဟုတ်မှလွဲရော ဒါတွေကို အလစ်သုတ်လာတာများ လားဟင်"

ထင်ကြေးဖြင့် ရမ်းသန်းပြီး စွတ်စွဲလိုက်သော ခါတော်မှီစကား ကြောင့် ကာရိုလ်မှာ သူ့နဖူးကိုသူရိုက်ကာ တဟားဟားဖြင့် အော်ရယ် လိုက်သည်။

အားရပါးရ အော်ရယ်နေသော ကာရိုလ်ကိုကြည့်ပြီး ခါတော်မှီ ပါ တခစ်ခစ်ဖြင့် လိုက်ရယ်လိုက်သည်။

"ဟင်"

ထိုသို့ရယ်နေရင်းမှ ခါတော်မှီအကြည့်တွေက ခပ်ဖြည်းဖြည်း ဘီးလိမ့်လာသော အနက်ရောင်ကားတစ်စီးဆီသို့ အကြည့်ရောက်သွားပြီး ရယ်နေသော မျက်နှာမှာ ချက်ချင်းဖြူဖျော့ ပြီးဆင်းသွားသည်။

ရုတ်တရက် မျက်နှာရိပ်ပြောင်းလဲသွားသော ခါတော်မှီကိုကြည့် ပြီး အားရပါးရ ရယ်နေခြင်းကို အရှိန်လျှော့လိုက်ပြီး နောက်ကိုလှည့်





ကြည့်လိုက်သည်။

"သူ သူတို့က ဘယ်သူတွေလဲ"

ကာရိုလ်အမေးကို ခါတော် မဖြေနိုင်အား။ အုတ်ခုံပေါ်မှ ကြောက်လန့်တကြားထကာ ပြေးဖို့ ခြေလှမ်းရွယ်လိုက်သည်။

"ဟိတ် မပြေးနဲ့၊ မင်းက ငါတို့နောက်ကျတော့ မလိုက်ဘူး။ ထမ်းပေါ်က တွေ့ကရာယောက်ျားနဲ့ကျတော့ ဟိုလာထတတ်တယ်ပေါ့ ဟုတ်လား"

ခါတော်ရှေ့မှပီတရပ်ကာ ခပ်ရင့်ရင့်ပြောလိုက်သည်မို့ ခါတော် ပြေး၍မလွတ်နိုင်။

"ဒီကောင်က ဘယ်ကလဲ"

"ကျွန်မ သူငယ်ချင်း"

ခပ်တည်တည်ပင် ယုံအောင်ရှိုးလိုက်သည်။

"ဘာ အဟက် ဟက် နင့်သူငယ်ချင်းလို့ပြောရအောင် သူ့ပုံစံ ကိုလည်း ပြန်ကြည့်ပါဦး၊ ဘွတ်နဲ့ရွတ်နဲ့ ကြောင်လျှာသီးနဲ့ မျက်နှာမှာ ရော တစ်ကိုယ်လုံးမှာပါ ဘွေးမရှိအောင် ဖြူစုပ်နေတဲ့ နိုင်ငံခြားသားက မင်းသူငယ်ချင်းလား။ ပြောစမ်း မင်းတို့ဘယ်နှကြိမ်လောက် ငြိပြီးသွား ကြပြီလဲ"

မိန်းကလေးထံအရှက်တရားနှင့်သိက္ခာကို ထိပါးလာသည်မို့ ကာရိုလ်စိတ်ထဲ ထောင်းခနဲ ဒေါသထွက်သွားပြီး

"ဟေ့ကောင်တွေ မင်းတို့စကားပြောတာ မရင့်နဲ့ကွ၊ ငါနဲ့



www.burmeseclassic.com

www.burmeseclassic.com



ခါတော်မှီနဲ့ရာ ရိုးသားတယ်၊ နောက်ပြီး မင်းတို့ထင်သလို ငါက ဘာသာခြားမဟုတ်ဘူး မြန်မာစစ်စစ်ကွ မြန်မာစကားကို မင်းတို့ထက်ယဉ်ကျေးအောင်ပြောတတ်တယ်"

"ယဉ်ကျေးတဲ့သူက လမ်းဘေးအုတ်ခုံပေါ်မှာ ကလေးကစေ့တွေလို အော်ကြီးဟစ်ကျယ်နဲ့ရယ်မလား၊ ကြာပါတယ် တိုးအောင်ရာ ဒီကောင်မကို ကားပေါ်ဆွဲတင်လိုက်တော့၊ ဒီငနွားမ ဒီကောင်မပါမသွားရင် ငါတို့ပဲ ဆရာကြီးအထောင်းခံရမှာ"

တစ်ယောက်က စေခိုင်းသည်။ ကျန်တစ်ယောက်က ခါတော်မှီကို ဆွဲခေါ်ဖို့ ရှေ့တိုးလာသည်။

"ရှင် ရှေ့တိုးမလာနဲ့နော်၊ ကျွန်မ အော်လိုက်မှာ"

"အော်လေ အော်ပေါ့ လူတွေရောက်လာရင် ယောက်ျားသုံးယောက် အဝေမတည့်ဖြစ်နေတာပါလို့ ပြောလိုက်ရုံပေါ့၊ အဲလိုဆိုရင် မင်း ဘာဖြစ်သွားမလဲ ဟား ဟား ဟား အော် အော်စမ်းပါ"

တိုးအောင်ဆိုသောလူမှာ ကြာကူလီရယ်သံကြီးဖြင့် အသံပြာအောင် အော်ရယ်ပြီး ခါတော်မှီလက်ကို လှမ်းအဆွဲ ကာရိုလ်ကသည်း အုပ်ခုံဘေးရှိ ပန်းအိုးကိုမကာ ထိုလူ့လက်ကို ဖြတ်ရိုက်ချလိုက်သည်။

"အား ကျိုးပြီ၊ အီး ရှီး ဟောကောင် ကိုလတ် ငါကျိုးပြီကွ ကျိုးပြီ၊ ဖမ်း သူ့ကိုဘုထည့်လိုက်ကွာ၊ အား အီး အားရှီးရှီး"

နာသွားသော သူ့လက်တစ်ဖက်ကို တဆတ်ဆတ်ခါကာ မျောက်တစ်ကောင်လို ခုန်ဆွခုန်ဆွ ဖြစ်နေသော တိုးအောင်ဆိုသောလူ





မှာ ကျန်တစ်ယောက်ကို ထပ်ခိုင်းသည်။

ကျန်တစ်ယောက်က တိုးအောင် ခံလိုက်ရမှန်းသိသည်နှင့် သူ့ပါ ထပ်ခံရမှာကို သွေးကြောင်နေသည်။

"ဟေ့ ဟေ့ကောင် သူ့ သူ့အရပ်က အရှည်ကြီးကွ၊ ငါ သူ့မျက်နှာကို လှမ်းထိုးဖို့ ဘယ်မှီမလဲ"

သွေးကြောင်၍ အကြောင်းပြသည်။

"ဟာ လနွားမှပဲ မမှီရင် မှီတဲ့နေရာပဲထိုးပေါ့ကွ၊ ငကြောက်ရအင်း ဟင်း ဟင်း ငါ့လက်ကျိုးပြီထင်ပါတယ်ကွာ အီး ဟီး ဟီး ဟီး"

ဒေါသဖြစ်ရာမှ နာကျင်လွန်း၍ တဟီးဟီး အော်ငိုတော့၏။

ထိုအခြေအနေကို အခွင့်ကောင်းယူကာ ကာရိုလ်ရော ခါတော်မှီရော တစ်ယောက်လက်ကို တစ်ယောက် ခပ်မြဲမြဲဆုပ်ကိုင်ကာ သူတို့နှစ်ဦးနားမှ ဒုန်းစိုင်း၍ ပြေးထွက်ခဲ့တော့၏။

"ဟာ ပြေး ပြေးပြီ လိုက် လိုက်"

"ဟေ့ မပြေးနဲ့ ရပ်လိုက်စမ်း၊ ပြောမရရင် ကားနဲ့လိုက်ပြီး တိုက်သတ်မှာနော်"

ပုကွကွလူမှာ ခြေကုန်သုတ်၍ ပြေးသွားသော ကာရိုလ်နှင့် ခါတော်ကို အတင်းကုန်းရုန်းပြီး လှမ်းအော်၏။

အော်မရသည့်အဆုံး ကားပေါ်အမြန်တက်ကာ ကားနှင့်ဒလကြမ်းလိုက်တော့၏။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၉)

"အမလေး တော်ပါသေးရဲ့၊ တက္ကစီတားစီးလိုက်လို့ ဒင်းတို့နဲ့မျက်ခြည်ပြတ်သွားတာ"

သေပေါက်သေဝမှလွတ်လာသူလို ခါတော်မှီအဖို့ ခုမှပင် အသက်ကိုမှန်မှန်ရှူရဲတော့၏။

အသက်မှန်မှန်မရှူရဲတာက ကာရိုလ်ဖြစ်သည်။

နှစ်ယောက်ပေါင်းမှ ခြူးတစ်ပြားတောင်မရှိသော အခြေအနေမှာတက္ကစီငှားစီးလိုက်ပြီဆိုမှတော့ ရှေ့ခရီက အကြီးအကျယ်ဝင်တော့မှာ

"တူမ ဘယ်ကိုမောင်းပို့ပေးရမလဲ"

ကားကိုခပ်မြန်မြန်မောင်းနေသော ဒရိုင်ဘာလူကြီးမှာ နောက်ကြည့်မှန်မှ လှမ်းကြည့်ပြီး သွားမည့်နေရာကို လှမ်းမေးသည်မို့ နှစ်





ယောက်စလုံး တစ်ယောက်မျက်နှာတစ်ယောက်ကြည့်လိုက်ကြသည်။

"ခါတော်မှီ ကိုယ်တို့မှာ တက္ကစီခရှင်းစရာ ပိုက်ဆံမှမရှိတာ၊ တာနဲ့ရှင်းပြီး ဘယ်ကိုသွားမှာလဲ၊ ရန်ကုန်မြို့ကြီးကို နေရာအနှံ့လျှောက်သွားမှုဘူးနော်"

ဒီတစ်ခါတော့ ကာရိုလ်မျက်နှာမှာ ဖီးကင်းခန့်သာသာပဲရှိတော့သည်။ တက္ကစီငှားစီးပြီး ငွေမရှင်းနိုင်လျှင် ပြဿနာတက်ရဦးမည်။

"ရပါတယ် မပူပါနဲ့ တကယ့်အရေးအကြောင်းဆိုရင် ရှင်တို့ယောက်ျားတွေထက် ခါတော်တို့မိန်းမတွေက အကြံပိုထွက်ပါတယ်"

"ဟမ် အကြံဟုတ်လား၊ ဘယ်လိုအကြံမျိုးထုတ်ပြီး ကားလကားစီးရမှာလဲ"

"ဩော် ရှင်ကလည်း ဒီပွဲမှာ ရှင်တပည့်လုပ်မှာမဟုတ်လား၊ တမ့်မပူနဲ့ တိတ်တိတ်ဆိတ်ဆိတ်လေး လိုက်ခဲ့ စောစောကလူတွေကြောင့်ဘော် ရင်တုန်မပျောက်သေးဘူး"

"တူမ ဘယ်ကိုမောင်းပို့ရမှာလဲ"

ကားဒရိုင်ဘာ ကားမောင်းနေရင်း တစ်ခါထပ်မေး၏။

"ဩော် ဟုတ်သားပဲ ဟိုလေ အတိုးနှုန်းနည်းတဲ့ရပ်ကွက်တစ်ခုတာ အပေါင်ဆိုင်ကိုပို့ပေးပါ"

"ဗျာ ဩော် ဟုတ်ကဲ့ ဟုတ်ကဲ့"

ခါတော်မှီ၏ပွင့်လင်းစွာပြောလိုက်သော စကားကြောင့် ကားရိုင်ဘာ ကြောင်အမ်းအမ်းဖြင့် ခေါင်းညိတ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"အပေါင်ဆိုင် ဟုတ်လား အပေါင်ဆိုတာ တရုတ်ကြီးကိုပြောတာလား"

တကယ်မသိ၍ မေးလိုက်ခြင်းမို့ ခါတော်မှီ လှောင်ရယ်ရယ်လိုက်သည်။

"ဟော့ ဘာရယ်တာလဲ"

"ရှင်က တော်တော်ရယ်စရာကောင်းတဲ့လူပဲ၊ မြန်မာပြည်အကြောင်း ဘာမှနားမလည်ဘဲနဲ့မြန်မာပြည်က လမ်းပေါ်မှာ ဂျစ်ပစီလုပ်နေသေးတယ်"

ထိုသို့အပြောခံရတော့ ကာရိုလ် မျက်နှာငယ်ဖြင့် ငြိမ်သွားသည်။

"ခါတော် နားက နားကပ်ကလေးကို အပေါင်ဆိုင်ကိုပို့ရင် ပိုက်ဆံရမယ်၊ ပိုက်ဆံရရင် ရှင်နဲ့ခါတော်တို့ ပိုက်ပြဿနာ ဖြေရှင်းနိုင်မယ်မဟုတ်လား"

ခါတော်မှီထံမှ ပိုက်ပြဿနာဆို၍ ကားဒရိုင်ဘာကြီး နောက်ကြည့်မှန်မှတစ်ဆင့် မျက်လုံးပြူးကြည့်သည်။

ခါတော် သတိမထားမိ။

ထိုလူကြီး စိတ်ထဲမှာ ကိုယ့်မြန်မာလူမျိုးမိန်းကလေးအတွက် စိတ်ထဲမှာ ထောင်းခနဲ ဒေါသဖြစ်သွားသည်။ ကိုယ့်သမီးအရွယ်လေးနှမြောလည်း နှမြောမိသည်မှာ ပြောဖွယ်ရာမရှိ။

မြန်မာမိန်းကလေးတွေ အညာလွယ်လို့ ခုလို အနောက်တိုင်းသားတွေရဲ့ခြေတော်တင်ခြင်းကို ခံနေရတာ။





လက်သည်းဆိုတ်တော့ လက်ထိပ်နာဆိုသလို ကိုယ့်လူမျိုးထိတော့ ကိုယ်မခံချင်။ ဒီတော့ ငတွားခါးနာရတော့မည်။

"တူမရယ် အဲဒီကိစ္စက သူ ဖြေရှင်းရမှာမဟုတ်လား၊ သူက ယောကျ်ားလေးပဲ သူ့ကိုပဲ တာဝန်ပေးလိုက်ပါ"

"ဩော် ဦးလေးရယ် သူတောင်မှနေစရာမရှိ စားစရာမရှိဖြစ်နေတဲ့ဟာကို ဘယ်လိုဖြေရှင်းမလဲ၊ သူက သူ့ကိုယ်သူတောင် ဘယ်သူဘယ်ဝါဆိုတာ သေချာသိတာမဟုတ်ဘူး။ ဒီအချိန်မှာ ခါတော်က အိမ်ရှင်လေ၊ ဒုက္ခရောက်တဲ့သူကို ကူညီကောင်းပါတယ်၊ အဟင်း ဟင်း တကယ့်ဆို ခါတော်လည်း ဒုက္ခသည်ပဲ၊ ခါတော့်ဘဝက သူ့ထက်တောင်ပိုဆိုးတယ်"

"အဲဒါများ တူမရယ် ဘာဖြစ်လို့ ကိုယ်နဲ့စိမ်းနေတဲ့လူနဲ့ တရင်းတနှီးနေရသလဲ၊ နောက်ဆုံးတော့ တူမပဲ စိတ်ညစ်ရမှာပေါ့၊ ငါ့တူမက ငယ်သေးတော့ ယောကျ်ားတွေအကြောင်း သေချာမသိသေးပါဘူး"

"ဩော် ဦးလေးရယ် လူဆိုတာ တစ်ဦးနဲ့တစ်ဦး မေတ္တာထားရတယ်လေ၊ အထူးသဖြင့် ခါတော်တို့ မြန်မာလူမျိုးတွေက ရေနစ်သူကို ဝါးကူမထိုးတတ်ဘူး၊ စေတနာနဲ့ကူညီချင်ကြတဲ့ မေတ္တာတရားပဲရှိတယ်မဟုတ်လား"

"အယ် အံ့ဩလောက်ပါရဲ့ ကိုယ့်မှာ ပိုက်ဆံတစ်လုံးနဲ့အရက်တကွဲအကျိုးနည်းဖြစ်နေတာတောင် စေတနာတဲ့လား၊ ဟာဟာ ကောင်းလိုက်တဲ့သဒ္ဒါတရား"



www.burmeseclassic.com

www.burmeseclassic.com



ထိုလူကြီး၏စကားကြောင့် ခါတော်မှီ ဒေါသတွေ ဖွေ့ခနဲ ခုန်ထွက်လာကာ လေသံခပ်ဆတ်ဆတ်ဖြင့်

"ဘာ ဦး ဦးလေးကြီး ဘယ်လိုစကားတွေ ပြောနေတာလဲ လူကြီးက လူကြီးစကားပြောပါ၊ ခါတော်ကို ဘယ်လိုအစားထဲက မှတ်နေလဲ"

ကက်ကက်လန်အောင် ရန်တွေ့လိုက်သည်။ အခြေအနေကို သိပ်သဘောမပေါက်ချင်သော ကာရိုလ်မှာ ခါတော်မှီ၏ဒေါသဖြင့် နီမြန်းနေသော မျက်နှာလေးကို ငေးကြည့်ကာ ဘာမှဝင်မပြော။

"အေး ဦးလေးကလည်း မင်းကို ကိုယ့်သမီးအရွယ်ဖြစ်နေလို့ နပြောတာ မင်းသာ ဦးလေးသမီးဖြစ်ကြည့် နိုင်ငံခြားသားနဲ့ငြိစွန်းရသလားဆိုပြီး တစ်ခါတည်း သတ်ပစ်မှာ"

"အမ် ဦး ဦးလေးကြီး လွန်လာပြီနော်၊ ခါတော်က သူနဲ့ ဘာကြောင့် ငြိစွန်းရမှာလဲလို့ ခုချိန်ထိတောင် ယင်ဖိုသမ်းမှုသေးတာ မဟုတ်ဘူး"

"ဒါဆို ဘာကြောင့် မိုက်ပြသနာလို့ ပြောလဲ"

ကားမောင်းရင်း အခြေအတင်ဖြစ်နေသည်မှာ ထိုစကား၏နားလည်မှုလွဲခြင်းကြောင့်ဟု ခါတော်မှီ သဘောပေါက်လိုက်သည်။

ကာရိုလ် ခုမှပင် ဟက်ဟက်ပက်ပက် ရယ်၏။

"ဟား ဟား ဟား ဟား ခုမှပဲ သဘောပေါက်တော့တယ် အိုးမိုင်ဂေါ့ ဒီကအန်ကယ်က ကိုယ်ထင်ရာကိုယ်တွေးတာကိုး"





"ဟမ် ဘယ်လို ကိုယ်ထင်ရာကိုယ်တွေးတယ် ဟုတ်လား"

"ဟုတ်တယ် ဟုတ်တယ် ဒီကပြောတဲ့မိုက်ပြသနာက ညနေစာစားဖို့ပြောတာ"

ခုမှ လိပ်ပတ်လည်သွားသော ထိုလူကြီးမှာ ဘုမသိကိုးမသိ စွပ်စွဲလိုက်သောသူ့အပြစ်ကြောင့် တော်တော်လေး အားနာသွားဟန်ဖြင့် ကားမောင်းနေရင်းမှ ခါတော်မှီကိုလှည့်ကြည့်ကာ

"ဟာ တူမရယ် ဦးလေး တောင်းပန်ပါတယ် ဦးလေး နားကြားလွဲသွားတာပါ။ အဲ တစ်မျိုးလှည့်တွေးလိုက်မိတာပါ စိတ်မရှိပါနဲ့ကွာနော်"

တစ်ဖက်က တောင်းပန်လာမှတော့ ခါတော် ဆက်ပြီး စိတ်ဆိုး၍မရတော့၍ မျက်ဝန်းလေး စွေခနဲကြည့်ကာ

"အင်းလေ တောင်းပန်မှတော့ စိတ်ဆိုးလို့ ဘယ်ရတော့မလဲ၊ ဗမာစကားက မရှင်းတတ်ရင် ရှုပ်တတ်တယ်၊ အဓိပ္ပာယ်အမျိုးမျိုး ကောက်လို့ရတယ်၊ နောက်တစ်ခါတော့ မမှားစေနဲ့ပေါ့"

လူကြီးလေသံဖြင့် ဆိုဆုံးမနေသဖြင့် ဒရိုင်ဘာကြီး မျက်လုံးပေကလပ်ပေကလပ်လုပ်ကာ ငြိမ်၍နားထောင်ရှာ၏။ သူက မှားထားတာကိုး။ မှားတာမှ ပိုးစိုးပက်စက်မှားတာ။ ခါတော်မှီနေရာမှာ တခြားခပ်စွာစွာ အမျိုးသမီးသာဖြစ်ကြည့် ကားမောင်းရင်း ဆံပင်ဖွားဖွားဆောင့်ဆွဲခံရမှာ ကျိန်းသေသည်။

ခေတ်ကာလသားသမီးတွေကလည်း စကားကိုရှင်းလင်းအောင်

www.burmeseclassic.com



နိုးရာမပျက် ပြောတာမဟုတ်။ အတိုချုံ့ပြောကြလေတော့ မမှားသင့်တာတွေ မထင်သင့်တာတွေ ထင်ကုန်တာ။

အမှန်ဆို ခါတော်မှီသည်လည်း အပြောတတ်ခဲ့တာမှ မဟုတ်တာ။

■ ■ ■

## အခန်း (၂၀)

"ဖျောင်း ဖျောင်း"

"အောင်မလေးဗျ"

"ဘာ အောင်မလေးဗျလဲ ဟမ် အသားထိတော့ ယောက်ျားကြီးတွေတန်မဲ့နဲ့ ငယ်သံငယ်ရင်းပါအောင် အော်တတ်ကြတယ်။ မင်းတို့လုပ်ရမယ့်တာဝန်ကျတော့ မင်းတို့ကျေပွန်အောင် လုပ်ဖို့အစွမ်းအစတစ်ကောင်မှမရှိကြဘူး"

ဖက်ပိုးတစ်ပြင်လုံး ထူပူကျိန်းစပ်သွားသော တိုးအောင်နှင့်ကိုလတ်မှာ ကိုယ့်အပြစ်နှင့်ကိုယ်မို့ ထပ်ပြီး ဆင်ခြေဆင်လက် မပေးဝံ့တော့ဘဲ ရှုံ့တွသောမျက်နှာကြီးကို ငုံ့ထားသည်။ ကိုလတ်က မဝံ့မရဲကြည့်ပြီး

"ဒီတစ်ခါဆိုရင်တော့ အဲဒီကောင်မကို ဆရာကြီးရှေ့ကို ခေါ်လာ



www.burmeseclassic.com

www.burmeseclassic.com



ခွဲပုံမယ် ကတိပေးပါတယ် ဆရာကြီး''

''တော် တိတ် ယောက်ျားအရာပါးစပ်တွေနဲ့ ကတိတွေ အထပ်ထပ်မပေးနဲ့ ထွီ ရှက်ဖို့ကောင်းလိုက်တာ၊ ယောက်ျားရင့်မကြီးတွေက ဒီလောက်နုနယ်ပါးလှပ်တဲ့ မိန်းကလေးတစ်ယောက်ကို ဖမ်းမခေါ်လာနိုင်ဘူးတဲ့၊ ဘောထိဆို မင်းတို့ပဲခံလိုက်ရတယ်၊ ဟိုတစ်ကောင်ဂျော်နီလည်းထိပ်ပေါက်၊ ငါတပည့်မွေးထားတဲ့ကောင်တွေကို ဒီနေ့ကစပြီး ထဘီဝတ်နိုင်းထားရမယ်''

''အယ် ရှိ ရှိရှိုထဘီလား ထဘီစကတ်လားဆရာ၊ ထဘီတောင်သုံးလွှာတို့ လေးလွှာတို့ရှိတယ်''

''စတ်ချင်တာဝတ် ဒါမျိုးကျတော့ ထဘီအမျိုးအစားခွဲနိုင်တယ်သွား သွားကြ မင်းတို့သောက်ခွက်တွေ မကြည့်ချင်ဘူး''

''ဘယ် ဘယ်ကိုသွားရမလဲ ဆရာကြီး''

အရစ်ရှည်တတ်သော ကိုလတ်မှာ ဆရာကြီးကို မေးခွန်းတွေထုတ်နေသည်။

''သချိုင်းကုန်းကို''

''ဗျာ''

နှစ်ယောက်သား မျက်လုံးပေကလပ် ပေကလပ်ဖြင့် ကြည့်လိုက်ကြပြီး ကိုလတ်က တံတွေးတစ်ချက်ကို ဂလုခနဲ မျိုချကာ

''ဘယ်သချိုင်းကိုသွားရမလဲ ရေဝေးလား ထိန်ပင်လား ကျိုက္ကလား ဆရာကြီး''





ရှဲ့ပြောရှုံပြောမှန်းမသိသော ငတုံးတပည့်နှစ်ယောက်ကြောင့် ဆရာကြီး မျက်လုံးတို့ ဒေါသဖြင့်ပို၍ပြူးကျယ်သွားသည်။

''အေး မင်းတို့အမေရဲ့သချိုင်းကုန်းကိုသွားကြဟေ့''

''ဗျာ မင်းတို့အမေ ဟုတ်လား၊ တိုးအောင် ငါရန်ကုန်မှာ မင်းတို့အမေသချိုင်းကုန်း မကြားဖူးပါဘူး၊ နောက်အသစ်ဖွင့်တဲ့သချိုင်းလား''

ခပ်တိုးတိုးကပ်မေးလိုက်သော ကိုလတ်ကိုကြည့်ပြီး ဖက်ပိုးအအုပ်ခံထားရသော တိုးအောင်မှာ တခွီးခွီးဖြင့်ကြိတ်ရယ်ရင်း အဲဒါသချိုင်းနာမည်မဟုတ်ဘူး မင်းအမေရဲ့သချိုင်းကိုပြောတာ''

ဒီတော့မှ ကိုလတ် သဘောပေါက်သွားဟန်ဖြင့် ခပ်တွေတွေလေး စဉ်းစားလိုက်ပြီး ဆရာကြီးဆီသို့ ဖျတ်ခနဲလှမ်းကြည့်လိုက်ပြီး

''ဆရာကြီး ဟို ဟိုလေ ကျွန်တော့်မှာ အမေက နှစ်ယောက်ရှိတယ်၊ အမေအရင်းလား မိထွေးလား၊ သူတို့နှစ်ယောက်က သချိုင်းတစ်ခုစီမှာ သဂြိုဟ်တာဆိုတော့လေ''

''ဟာ ဒီသောက်ခွေးသူတောင်းစား အူကြောင်ကြားကတော့ ငါ့ကို ဘာတွေလာမေးနေတာလဲမသိဘူး သွား မင်းဟာမင်း ကြိုက်တဲ့သချိုင်းမှာကြိုက်တဲ့အမေနဲ့သွားတွေ့''

''ဗျာ ဟုတ် ဟုတ်ကဲ့ ဟို ဟိုလေ တ တက္ကစီခလေး ပေးမှာလား ဆရာ၊ ကျွန်တော်တို့ဘိုင်ပြတ်နေပြီ''

အမြဲတမ်း အူကြောင်ကြောင်နိုင်ပြီး အရစ်ရှည်တတ်သော



www.burmeseclassic.com

www.burmeseclassic.com



ကိုလတ်ကိုကြည့်ပြီး ဆရာကြီး ဒေါသတကြီးအလုံးလိုက်ထွက်ကာ

"ဟာ ခွီးတဲ့မှ ရော အင့်ကွာ အဲဒါ တက္ကစီခ"

"ခွမ် ချွင် ခလွင်"

အနီးရှိဖန်ခွက်ဖြင့် ပိတ်ပေါက်လိုက်ခြင်းဖြစ်သည်။ ဖန်ခွက်မှာ ကိုလတ်အရှောင်ကောင်း၍ နားထင်သားမှ ဝိုးခနဲဖြတ်ကာ တံခါးဘောင်နှင့်ထိပြီး ကွဲသွား၏။

"ဟောကောင် လာ ဖန်ခွက်ပုံတွေ လာပြီးရင် လက်သီးပုံတွေ လာတော့မယ် မြန်မြန်လစ်မယ် မင်းက အရစ်ရှည်နေတာကိုး"

တိုးအောင် ကိုလတ်ကို အတင်းဆွဲခေါ်ကာ ဆရာကြီးရှေ့မှ သုတ်ခနဲ လစ်ထွက်ခဲ့၏။

"တောက်"

ဆရာကြီး၏တောက်ခေါက်သံ ခပ်ကျယ်ကျယ်က အခန်းပြင်သို့ ပြေးထွက်လာသော တိုးအောင်နှင့်ကိုလတ်တို့နောက်သို့ ခပ်သဲ့သဲ့လိုက်လာ၏။

■ ■ ■



## အခန်း (၂၁)

"ဦးလေး ဒီမှာ ခဏစောင့်နေနော်၊ ခါတော်တို့ ဒီနားကပ်လေး သွားပေါင်ပြီးရင် ဦးလေးတက္ကစီခကို ရှင်းပါ့မယ်"

ကားတံခါးဆွဲဖွင့်ကာ ဆင်းဖို့ဟန်ပြင်ရင်းပြောလိုက်သော ခါတော့်စကားကြောင့် ဒရိုင်ဘာလူကြီး မျက်နှာရှုံ့မဲ့သွားသည်။

"ကလေးမရယ် တက္ကစီခမရှိဘဲနဲ့များ ကားငှားစီးရတယ်လို့ ကဲ ကဲ မြန်မြန်လုပ်ပါ ဦးလေး ကားဆက်ဆွဲရဦးမှာကွ"

"စိတ်ချပါ ဦးလေး ကဲ ကာရိုလ် လာလေ ဘာထိုင်လုပ်နေတာလဲ"

တက္ကစီကားပေါ်မှာထိုင်နေသော ကာရိုလ်ကို လက်ယပ်လှမ်းခေါ်လိုက်သဖြင့် ကာရိုလ် ကားပေါ်မှ ဆင်းရန် ကားတံခါးကို တွန်းဖွင့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ဟော့ ဟော့ မောင်ရင် ဒီမှာနေခဲ့ပါ"

"ဟမ် ဘာဖြစ်လို့လဲ"

"မင်းတို့နှစ်ယောက်စလုံး ကားပေါ်ကဆင်းသွားပြီး လစ်သွားရင် ငါ့ကားခကို ဘယ်မှာသွားတောင်းရမလဲ၊ ငါအသက်ကြီးပါပြီကွာ၊ သူများဟာလည်း အလကားမလိုချင်ခဲ့ပါဘူး၊ ငါရသင့်ရထိုက်တာကိုလည်း အဆုံးအရှုံးမခံနိုင်ပါဘူး၊ ဒီတော့ မောင်ရင်နေခဲ့ပါ"

ကားခမပေးဘဲ လစ်ပြေးမည်စိုး၍ ဒရိုင်ဘာလူကြီးမှာ ကာရိုလ်လက်ကို အတင်းဆွဲထားပြီး ကားပေါ်မှာပင်ထိုင်နေနိုင်းသဖြင့် ဆင်းမည့်ဟန်ပြင်နေသော ကာရိုလ်မှာ တုံ့လို့တန့်လန့်ဖြင့် ကားထဲပြန်ချရ၏။

"ခါတော်တို့က မလိမ်ပါဘူး ဦးလေးရယ်၊ ကဲပါ ဦးလေးမယုံရင် သူ့ကို ကားထဲမှာပဲစောင့်နိုင်းလိုက်ပါ့မယ်၊ ကာရိုလ်ရှင်နေခဲ့တာနော်၊ ခါတော်ကိစ္စပြီးတာနဲ့ ပြန်ထွက်လာမယ်"

ဒရိုင်ဘာလူကြီးပြောသလို ကာရိုလ်ကို ကားထဲမှာစောင့်နိုင်းပြီး အပေါင်ဆိုင်ကလေးဆီသို့ ခြေလှမ်းခပ်သွက်သွက်ဖြင့် ဝင်သွားသည်။

မိန်းကလေးတန်မဲ့ သောကအထုအထောင်းခံနေရသော ခါတော့်အတွက် ကာရိုလ် စိတ်မကောင်းဖြစ်မိသည်။

အရာရာကိုဖြေရှင်းပေးနိုင်သည့်မို့ အချိန်ကာလတစ်ခုအထိတော့ ခါတော်နှင့်သောက လုံးထွေးမှုပွဲကို မကြည့်ချင်ဘဲ ကြည့်ရဦးမည်။ ခါတော်နှင့်အတူ မျှဝေခံစားပေးရဦးမည်။

ခါတော့်အတွက် မွန်းကြပ်စေပေမယ့် ကာရိုလ်အတွက်ကတော့





လွတ်လပ်ပျော်ရွှင်ခြင်းတွေပါပဲ။

မမျှော်လင့်ဘဲတွေ့ခဲ့ရသည့် ခါတော်ကို ကာရိုလ်က ချစ်မိသွားခဲ့တာကို။

ဘဝမှာ ဘယ်လိုမိန်းကလေးမျိုးနှင့်မှ လက်ပွန်းတတီးမနေခဲ့ဘူး။ ရင်ထဲမှာလည်း နက်ရှိုင်းစွာ မငြိတွယ်ခဲ့ဘူး။

ခုတော့ ခါတော်က ကာရိုလ်ရင်ထဲမှာ ဆွဲစုတ်လို့မရလောက်အောင်ကို အခိုင်အမာအမြစ်တွယ်နေခဲ့ပါပြီ။

ကာရိုလ် ခါတော်မှိုကိုချစ်တယ်။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၂)

"ဟင် ဟိုမှာ ဟိုကလေးမ မဟုတ်လား"

အပေါင်ဆိုင်ထဲ ယှမ်းဝင်လာသော ခါတော်မှီကို ဆရာကြီး အခန်းထဲမှ ထွက်ပြေးလာကြသော တိုးအောင်နှင့်ကိုလတ် တွေ့သွားသည်။

"ဒီကောင်မလေး ဆရာကြီးဖွင့်ထားတဲ့အပေါင်ဆိုင်မှန်းမသိဘူး ထင်တယ်"

"အေး ဟုတ်တယ်ကွ"

"သွား သွား မင်းဆရာကြီးကိုသွားပြော အစာက သူ့အလိုလို ကျားပါးစပ်ထဲဝင်လာတာ ဟီး ဟီး ဒီတစ်ခါအပိုင်ပဲ"

တိုးအောင် အခန်းထဲသုတ်ခနဲ ပြန်ပြေးဝင်သွားသည်။





"ဆရာကြီး ဆရာကြီး ဟိုမှာ လာပြီ လာပြီ"

အခန်းထဲပြေးဝင်လာသော တိုးအောင်ကို အကြွေးစာရင်းတွေ တွက်နေရင်းမှ မော့ကြည့်လိုက်ပြီး

"ဘာလဲ ဘာလာတာလဲ မင်းမယားငယ် မင်းနောက်လိုက်လာတာလား"

"ဟုတ် ဟုတ်ကဲ့ အဲ အဲလိုမျိုး ဖြစ်ချင်တာပေါ့ ဟဲ ဟဲ ဒါပေမဲ့ အဲလိုမဟုတ်ဘူး ဆရာ၊ ဟိုကောင်မလေး ဟိုကောင်မလေး အပေါင်ဆိုင်ထဲဝင်လာပြီး ပစ္စည်းတစ်ခုခုလာပေါင်တာဖြစ်မယ်"

"ဟင် ဟုတ်လား"

ဆရာကြီး ထိုင်ရာမှ ဝုန်းခနဲထကာ အခန်းထဲမှ ဝရုန်းသုန်းကားထွက်သွား၏။

အပေါင်ပစ္စည်းလက်ခံရာအခန်းတွင်းသို့ ဝင်သွားပြီး ခါတော်မှီကို ပြုံးပြုံးဖြဲဖြဲ ရာ၏။

"ဟင်"

ကောင်တာနားတွင် အသာရပ်စောင့်နေသော ခါတော်မှီမှာ ဆရာကြီးနှင့်တိုးအောင်ကို တွေ့သွား၍ လန့်ဖြန့်သွားသည်။ ခြေလှမ်းတို့က နှိုကြားနေသည်မို့ နားကပ်ပေါင်သည့်ကိစ္စထက် ဒီလူကြီးတွေ လက်မှ လွတ်ဖို့က ခုချိန်မှာပို၍ အရေးကြီးနေသည်။

ထို့ကြောင့် အပေါင်ဆိုင်အပြင်ဘက်ရှိ ကားလမ်းပေါ်သို့ ပြေးထွက်ခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ မပြေးနဲ့ နင့်ကိုလူသတ်မှုနဲ့အမှုဖွင့်ထားတယ်ဟေ့ ကောင်မလေး"

ဆရာကြီး ခြောက်လုံးပြူးလုံးတွေဖြင့် ဖြိုခြောက်ကာ ခါတော်မှီနောက်မှ အိပဲ့အိပဲ့ ပြေးလိုက်၏။

"ဟေ့ကောင်တွေ မင်းကြီးဒေါ်ကြီးဆီ ပြေးပြီး မှီအောင်လိုက်"

"ဟုတ်ကဲ့ပါ ဆရာကြီး ဒီတစ်ခါတော့ မလွတ်စေရဘူး မိတာနဲ့ဆရာကြီးကိုလာပြီး ဆက်သမယ်"

မျက်နှာလိုမျက်နှာရပြောကာ ခါတော်မှီ နောက်မှ ဝရုန်းသုန်းကားပြေးလိုက်ကြသည်။

အခြေအနေကို သဘောပေါက်လိုက်ကာ ကာရိုလ်မှာ တစ်ဖက်ကားလမ်းကို ခါတော်မှီ ကူးမလာခင်မှာ ကားတံခါးကို အဆင်သင့်ဖွင့်၍ထားလိုက်သည်။

တဝိုဝီဖြတ်နေသော ကားလမ်းမှ ရှုပ်ယှက်ခတ်နေသော ကားတွေကြားမှ အရဲစွန့်ပြီး ဖြတ်ပြေးလာသော ခါတော်မှီနောက်သို့ ယောက်ျားကြီးသုံးယောက်ပြေးလိုက်လာနေသည့် မြင်ကွင်းကို လမ်းသွားလမ်းလာတွေဝိုင်းကြည့်နေကြသလို

ကာရိုလ်နှင့်အတူ ကားထဲမှာထိုင်စောင့်နေသော ဒရိုင်ဘာလူကြီးပင် ခြေကုန်သုတ်ကာ သေပြေးရှင်ပြေး ပြေးလာရသော ခါတော်မှီကို တအံ့တသြဖြင့် ကြောင်ငေးကြည့်ရင်း

"ဟာ ဟေ့ ဟေ့ ဘယ့်နှယ်ကြောင့် ဟိုကလေးမလေး ပြေးလာရတာလဲ၊ သူ့နောက်မှာယောက်ျားသုံးယောက် ပြေးလိုက်လာနေတယ် အယ် ဟေ့ တက် တက် မြန်မြန်"

ထိုလူကြီးစကားပင်မဆုံးသေး ခါတော်မှီ အဆင်သင့်ဖွင့်ထားသော ကားထဲသို့ ဇွတ်ခနဲ ဝင်ထိုင်လိုက်ပြီး အမောတကောလေသံဖြင့်

"ဦးလေးကြီး မောင်း မောင်း မြန်မြန်လေးမောင်းပါ၊ ဟိုမှာ လာနေကြပြီ"

မောဟိုက်နေသဖြင့် အလောတကြီးပြောလိုက်သည့် ခါတော်မှီစကားအဆုံး ထိုလူကြီး ကားကိုဝုန်းခနဲ မောင်းထွက်လာခဲ့လိုက်သည်။ ဆရာကြီးတို့အဖွဲ့ မချင့်မရဲဖြစ်၍ ကျန်ခဲ့သည်။

ခါတော်မှီကို ဘာကြောင့် လူသုံးယောက်လိုက်နေသလဲဟု ပြင်းပြစွာ သိချင်လာသည်။ စိုးရိမ်စိတ်လည်း တိုးဝင်လာသည်။

မဟုတ်မှလွဲရော ရွှေအတုပေါင်လို့ပဲ လိုက်ဖမ်းတာလား ဒါမှမဟုတ် ရွှေအပေါင်ဆိုင်ထဲက ပစ္စည်းတစ်ခုခုများ အလစ်သုတ်လာတာလား။ ထိုသို့ဆိုလျှင် သူ့ရောကားပါရောပြီး အမှုပတ်သွားနိုင်သည်မို့ ဆက်မောင်း၍မရတော့။

"ကျွဲ"

ကားကိုဆောင့်ခနဲ ထိုးရပ်လိုက်သည်မို့ ကာရိုလ်ရော ခါတော်မှီရော စိတ်စောစွာဖြင့် နောက်ကို လှည့်ကြည့်ကြရင်း

"ဦးလေးကြီး မောင်းပါ မြန်မြန် ဟိုလူတွေလိုက်လာဦးမယ်"

"မမောင်းဘူး မင်းတို့ဆင်းကြတော့"







www.burmeseclassic.com

www.burmeseclassic.com



"ဦးလေး ဘာဖြစ်လို့လဲ"

ကာရိုလ်အမေးကို ဦးလေးကြီး အရမ်းဖြေချင်ပုံဖြင့် ကိုယ်ကို သမင်လည်ပြန်လှည့်ကာ

"ဘာဖြစ်ရမှာလဲ မင်းတို့ဓာတ်ရှပ်ထဲကို ငါပါပါမှန်းမသိ ပါနေပြီ ကဲ ပေး ငါ့ကိုကားခ"

"ဟို ဟိုလေ နားကတ်မှ မပေါင်ရသေးတာ၊ လူများလို့ စောင့်နေရင်းနဲ့ အဲဒီလူသုံးယောက်နဲ့တွေ့လို့ ပြန်ထွက်ပြေးလာရတာ၊ ဦးလေး အမြင်ပဲဟာ"

"ဘာပဲဖြစ်ဖြစ် ငါတူနဲ့ငါတူမကို ကားဆက်မောင်းမပို့နိုင်တော့ဘူး။ ဆင်းကြပါတော့ ကားခပိုက်ဆံလည်း ယူမနေတော့ဘူး။ နောက်ကြုံမှပဲပေးတော့"

ကားကို ထိုးရပ်ထားပြီး မျက်နှာခပ်တည်တည်ဖြင့်ပြောနေသော ဦးလေးကြီးကို ခါတော် ဆက်ပြီး စောဒက တက်မနေတော့။ ဘဝမှာ ဒီထက်ကြီးမားတဲ့အခက်အခဲတွေ ရင်ဆိုင်ရမှာတော့ ဒီအခက်အခဲလောက်ကို စာဖွဲ့နေ၍ရတော့မတဲ့လား။

ဒီတော့ ကာရိုလ်နှင့်ခါတော် တစ်ယောက်မျက်နှာတစ်ယောက်ကြည့် မေးဆတ်အချက်ပြလိုက်ပြီး တံခါးကိုယ်စီဖွင့်ကာ ကားပေါ်မှ ဆင်းလာခဲ့လိုက်ကြသည်။

ခါတော်တို့ လမ်းပေါ်ရောက်သည်နှင့် ထိုအရိုင်ဘာလူကြီး ကားကို ဂူးခနဲ မောင်းထွက်သွားသည်။





နှစ်ယောက်သား လမ်းပေါ်မှာ ဘယ်အချိန်ထိ လျှောက်ပြေးနေရဦးမည်တဲ့လဲ။

နာကျင်စရာကောင်းလိုက်သည့်ဘဝ။

အခက်အခဲဆိုတာ လူတိုင်းမှာရှိတတ်ကြသလို ဖြေရှင်းမရနိုင်သည့်ပြဿနာတွေကလည်း လောကကြီးထဲမှာ ပြည့်နှက်နေမှာ။ ခါတော် တွေးကြည့်ရုံနှင့်တင် တရားသံဝေဂ ရမိပါသည်။

ဒါပေမဲ့ အပျိုစင်တစ်ယောက်ဖြစ်တဲ့ ခါတော်အလှည့်ကျမှ ကူကယ်ရာမဲ့ လမ်းပေါ်မှာ လျှောက်ပြေးလွှားနေရသည့်အဖြစ်က ဖြေရှင်းမရတဲ့ပြဿနာတွေထက် ပို၍ပင် အကျည်းတန်အရုပ်ဆိုးကာ လမ်းဆုံးတစ်ခုမှာ ရောက်နေသလို ခံစားလိုက်ရ၏။

ရင်ဝမှာ လိုမ့်တက်ဆို့နင့်လာသော ဝမ်းနည်းမှုတွေက လည်ချောင်းဝမှတစ်ဆင့် မျက်လုံးအိမ်အပြင်ဘက်သို့ မျက်ရည်အဖြစ် လျှံကျ၍လာသည်။

စိတ်တင်းထားရင်းမှ ခါတော် ငိုမိခြင်းပါ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၃)

ဖုန်းပြောပြီးသည်နှင့် သက်ပြင်းကို ဟင်းခနဲချကာ ဖုန်းကို စားပွဲပေါ်စိတ်ပျက်လက်ပျက် တင်လိုက်သော ဦးမြတ်မင်းဆိုကိုကြည့်ပြီး ညီခန့်ပါ စိတ်ရှုပ်နေရသည်။

"ဖေဖေ အန်ကယ် သောမတ်စ်က ဘာတဲ့လဲ ကိုကို့ကို ဒေါသ ထွက်နေလား"

"သူ့သားကို ဒေါသမထွက်ဘူး ငါ့ကိုအပြစ်တင်နေတာကွ"

"ဟင်"

"ဟုတ်တယ် ငါတို့ကို ယုံကြည်လို့ ကာရိုလ်ကို မြန်မာပြည် လွှတ်လိုက်တာတဲ့၊ ဒီတစ်ပတ်အတွင်း တွေ့အောင်ရှာပါတဲ့၊ သူပါ မြန်မာ ပြည်ကို လိုက်လာခဲ့မယ်လို့ ပြောတယ်"





ကာရိုလ်၏မွေးစားဖခင် တိုးရစ်ကြီး မြန်မာပြည်ကို လိုက်လာ မည်ဆို၍ ညီခန့် ပို၍စိတ်ရှုပ်သွားသည်။

"ဟာ ဒီသားအဖတွေ တစ်ယောက်ပြီးတစ်ယောက်ကို လာမွှေ တော့တာပဲကွာ ကျွတ် စိတ်ပျက်စရာပဲ"

ညီခန့် စိတ်ပျက်လက်ပျက်ဖြင့် မကျေမနပ် ညည်းတွားလိုက် သည်ကို ဦးမြတ်မင်းဆို မနှစ်မြို့သောအကြည့်ဖြင့် သားဖြစ်သူကို လှမ်း ကြည့်လိုက်သည်။

"မင်းက ဘာကိုစိတ်ပျက်တာလဲ"

"ဖေဖေပဲစဉ်းစားကြည့်လေ သားဖြစ်သူက ရန်ကုန်မြေကို ခြေချ ကတည်းက မွှေနေတာ၊ ခုချိန်ထိ ကျွန်တော့်မှာ အလုပ်ပျက်အကိုင်ပျက် နဲ့ သူ့နောက်ကို လိုက်နေရတယ်၊ သူ့ကြောင့် ကျွန်တော် ဘယ်လောက် ပင်ပန်းလိုက်သလဲ"

"ဟ ဒါ မင်းအလုပ်လေ၊ မင်းသာ သူ့သားမွေးသမျှကို လိုက် ဖြေရှင်းပေးနိုင်ရင် မင်းအတွက်အကျိုးခံစားခွင့်တွေ အများကြီး၊ မစ္စတာ သောမတ် မြန်မာပြည်ကို ဒီတစ်ခေါက်ထပ်လာမှာ ဘာအတွက်လဲ သိလား"

"ဘယ်သိမှာလဲ"

"အေး မသိရင်မှတ်ထား။ ဒီမှာရှိနေတဲ့ မြေလွတ်မြေရိုင်းတွေကို ယူပြီး ကွန်ဒိုတွေဆောက်ဖို့ ပြီးရင် ဟိုတယ်တွေ ဈေးဝယ်စင်တာတွေ ဆောက်မယ်၊ ဟိုတယ်ကောင်း မိုးပျံဟိုတယ်ဆောက်မှာနော်၊ မြန်မာပြည်



www.burmeseclassic.com

www.burmeseclassic.com



မှာ ဘယ်သူမှတောင် မဆောက်သေးဘူး၊ အဲဒီလုပ်ငန်းတွေသာ ဒီမှာ တကယ်လုပ်ဖြစ်မယ်ဆိုရင် ရလာတဲ့အကျိုးခံစားခွင့်က ငါးဆယ်ရာနှိုင်နှုန်းသေချာတယ်၊ နောက်ပြီး နောက်လုပ်ငန်းတစ်ခု ကျန်သေးတယ်၊

"ခုထိ မကုန်နိုင်သေးဘူးလား၊ ဒီလူကြီးဆီမှာ ငွေတွေတော်တော်ပေါနေပုံပဲ"

ညီခန့် မကြည့်မသာနှင့် တွတ်ပွတွတ်ပွ ဖေဖန်နေ၏။

"ပေါဆို နိုင်ငံတကာနည်းနည်းမှာ သူ့အတွက် အပန်းဖြေအိမ်တွေရှိနေတာပဲကြည့် ကဲပါ အခု ငါပြောမယ့်လုပ်ငန်းသစ်က မင်းကိုယ်တိုင် ဦးစီးရမှာ၊ အကျိုးခံစားခွင့်ကလည်း စာစောကအတိုင်း ငါးဆယ်ရာနှိုင်နှုန်းပဲ"

"ဟုတ်ပါပြီ အကျိုးခံစားခွင့်ထက် ဘယ်လို ပရောဂျက်မျိုးလုပ်ရမယ်ဆိုတာကိုသာ ပြောပါ ဖေဖေ"

"အေး ပြောမှာပါ အခု အီတလီက ထုတ်တဲ့ နောက်ဆုံးပေါ်ရေယာဉ်စက်ကြီးတွေနဲ့ မီးပူတိုက်စက် အိမ်နံရံတွေကို ဆေးသုတ်တဲ့စက်တွေကို မြန်မာပြည်မှာ ဖြန့်မယ်"

စိတ်ဝင်စားစရာမကောင်းတကောင်းမို့ ငြိမ်၍နားထောင်လိုက်သည်။

"ခုလည်း သူကိုယ်တိုင် မြန်မာပြည်ကို လာမယ်ဆိုတာ အဲဒီလုပ်ငန်းတွေအားလုံးကို အကောင်အထည်ဖော်ဖို့ လာမှာ"

ဦးမြတ်မင်းဘို တက်ကြွနေသလောက် ညီခန့်ကတော့ အေး





အေးဆေးဆေးပင်။

သူ့အာရုံထဲမှာ တွေးနေတာက စင်တာရှေ့မှာ တွေ့ခဲ့ရသည့်ကောင်မလေး။ ပိုင်းစက်ရှန်းလက်နေသော မျက်ဝန်းတစ်စုံဟာ ညီခန့်ခါရင်ကို ဒီလောက်ထိလှုပ်ခတ်နိုင်စေခဲ့တာမို့ ဒါဟာ သမာရိုးကျခံစားမှုမျိုးမဟုတ်တော့။

အတိတ်ကအကြောင်းပါခဲ့လို့ ဒီဘဝမှာ လျှပ်တစ်ပြက်လာဆုံခဲ့ကြခြင်းဖြစ်သည်။ ထိုလျှပ်တစ်ပြက်သည် သုံးလေးငါးနှစ်ခန့် တရင်းတနှီးနေခဲ့ဖူးသူလို ရင်ထဲမှာ စိမ်းမနေ။

သိပ်ကို အံ့ဩစရာကောင်းသည့်တွေ့ဆုံမှု။

ထိုတွေ့ဆုံမှုကို နောက်ထပ်အကြိမ်ပေါင်းများစွာ ပိုင်ဆိုင်ချင်သေးသည်။

"ဟေ့ကောင် ညီခန့် ငါပြောတာ ကြားလား၊ ဘာတွေ တွေးပြီး ငြိုးစိစိ လုပ်နေတာလဲ"

"ကောင်မလေးအကြောင်းပါ ဖေဖေ"

"ဘာ"

ဦးမြတ်မင်းဘို ကိုယ့်စကားကို အလေးအနက်မထားသောသားဖြစ်သူကို မကျေမနပ် စွေကြည့်ပြီး

"ရောဂါသစ်တစ်ခုက တိုးလာပြန်ပြီ၊ မင်းပြောတော့ ဘယ်ဘိန်းမကိုမှ စိတ်မဝင်စားဘူးဆို"

"အဲဒါ အရင်က ခုမဟုတ်တော့ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သူလဲ ဘယ်သူ့သမီးလဲ ငါတို့အသိုင်းအဝိုင်းထဲကလား မဟုတ်မှလွဲရော ဗွတ်ရှယ် ငရုတ်သီးမှုန့်ပိုင်ရှင်ရဲ့သမီး ခင်သစ္စာလား သူ့ဆိုရင်တော့ စဉ်းစားနော်၊ သူ့ရဲ့စရိုက်က သူတို့ရောင်းစားနေတဲ့ ငရုတ်သီးလိုပဲ စပ်ပူစပ်ရလောင်နဲ့ စားမိလိုက်ရင် ဘာကောင်းကျိုးမှရှိလာ နိုင်မှာ မဟုတ်ဘူး။ ဟိုတစ်လောက စင်ကာပူမှာ ကလေးသွားဖျက်ခ ထားတယ်လို့ ငါသတင်းသဲ့သဲ့ကြားတယ်၊ မဟုတ်မှလွဲရော အဲ အဲဒ မင်းနဲ့များလား"

ထင်ကြေးကျွေဖြင့် စိုးရိမ်နေသော ဖခင်ဖြစ်သူအားကြောင့် ညီခန့် စိတ်ပျက်လက်ပျက်ဖြင့် ဟက်ခနဲ ရယ်ရင်း

"ဘယ်ကလာ ဟုတ်ရမှာလဲ ဒယ်ဒီရာ၊ အဲဒီခင်သစ္စာ မပြော နဲ့၊ အခု မမယ်တွဲ့ရသွားတဲ့ ဦးသန်းစိန်ရဲ့သမီး ဒေလီသန်းစိန်လို မိန်း ကလေးမျိုးကိုတောင် စိတ်မဝင်စားဘူး"

"ဒါဖြင့် ဘယ်သူလဲ ကလေးကချေ အခြေအမြစ်မရှိတဲ့မိန် ကလေးဆိုရင်တော့ ခုကတည်းက စတ်လမ်းသိမ်းနော်၊ ငါက ဂုဏ်ညီ တူတဲ့မိန်းကလေးမျိုးမှ ချွေးမတော်မှာ၊ ကဲ ပြော ဘယ်သူ့သမီးလဲ"

"မသိဘူး ကျွန်တော်တောင် ခရီးသွားဟန်လွဲတွေ့ပြီး နိုင် သွားတာ၊ နာမည်လည်းမသိဘူး။ ဘယ်မှာနေမှန်းလည်းမသိ၊ ဘယ်သူ့ သားသမီးဆိုတာတော့ ဝေးရော"

"အေး ဒါပဲ မင်းက ဒီလိုအရည်မရအဖတ်မရဆိုရင် သိပ်ပြ အရူးထတာ၊ ခုချိန်မှာ ငါတို့အသိုင်းအဝိုင်းထဲက မဟုတ်ရင် ငါ့ရှေ့ခေ





မလာနဲ့၊ ငါ အသိအမှတ်မပြုဘူး"

အမြဲတမ်း ဂုဏ်တွေရာထူးတွေ သိက္ခာတွေကို ရှေ့တန်းတင်ကာ ငွေ ငွေ ငွေဆိုပြီး ငွေနောက်လိုက်နေသော ဖေဖေ့ရှေ့မှာ ထိုကောင်မလေး အကြောင်း ဆက်ပြော၍မဖြစ်။

"အချစ်ဆိုတာကို ဖေဖေတို့မှ နားမလည်တာ"

"အောင်မယ် မင်းကများ ငါ့ကို အချစ်ဆိုတာ ငါကနားမလည် တာမဟုတ်ဘူး အဲဒီအချစ်က စားမိရင် ပဒိုင်းသီးလိုပဲကွ၊ လူကို ဘာမှ အကျိုးသိပ်မပြုပါဘူး၊ ပြီးတော့လည်း ပြီးသွားတာပဲ၊ နောက်ဆုံးကိုယ့် အတွက် ကျန်ခဲ့တာ တာဝန်ယူခြင်းဆိုတဲ့ ဝတ္တရားကြီးနဲ့ ဘဝတစ်ခုလုံး ကို လေးဖက်လေးတန် ချောင်ပိတ်ပစ်လိုက်တာပဲ၊ ဘာမှလုပ်ပိုင်ခွင့်မရှိ တော့ဘူး။ အဲဒီအချိန်ကျရင် အဲဒီ အချစ်ကလေ စိတ်ပျက်စရာတွေကိုပဲ တစ်ခုပြီးတစ်ခု သယ်လာလိမ့်မယ်"

အချစ်ကို ဈေးကွက်ပေါ်တင်သလို တန်ဖိုးဖြတ်နေသော ဖေဖေ့ ကားကြောင့် ညီခန့် မသိမသာ မဲ့လိုက်သည်။

"အချစ်ဆိုတာ ဖေဖေတို့လို အိုဟာလူကြီးတွေကတော့ အတိတ် ဖြစ်ကောင်းဖြစ်နေမှာပေါ့၊ ဒါပေမဲ့ ကျွန်တော်တို့လူငယ်တွေအတွက်တော့ အဲဒီအချစ်က အနာဂတ်ပဲ၊ အနာဂတ်မှာ အချစ်တွေနဲ့အပြတ်လန်းချင် သေးတယ် ဖေဖေ၊ အဲဒီလို အပြတ်ကဲနိုင်ဖို့ အပြတ်လန်းနိုင်ဖို့က ကိုယ် ချစ်တဲ့မိန်းကလေးဖြစ်မှ ပိုပြီး ရင်ခုန်စရာကောင်းတာ"

"အေးပါ အဲဒီအနာဂတ်ကိုရောက်တော့မှ အောင်မလေး အဲဘ



www.burmeseclassic.com

www.burmeseclassic.com



လေးဆိုပြီး အော်ပြီးထွက်မပြေးမိစေနဲ့၊ မယားကုန်ရှုံးရင် တစ်သက်လုံး နဖားကြိုးအချည်ခံရတော့မှာ၊ ဒီအတွက် ခံနိုင်ရည်ရှိအောင်သာ ပြင်ဆင်ထားကြပေတော့၊ ငါတို့ကတော့ အဲဒီအချစ်ဆိုတာကြီးကို စိတ်ကုန်လွန်းလို့ ဘဝကို တစ်ကာပြန်စလို့ရရင် ပြန်စပြီး အဲဒီအချစ်ကို လုံးဝ ဥပေက္ခာပြုထားလိုက်မှာ၊ ခုတော့ ကိုယ်မွေးခဲ့တဲ့မီး ငြိမ်းကိုမငြိမ်းနိုင်သေးဘူး"

"ဖေဖေ့ဖာသာ မငြိမ်းသေးတာပါ၊ ငြိမ်းချင်ရင် လွယ်လွယ်လေး ခုပိုင်ဆိုင်သမျှကို ရေစက်ချပြီး လှူခဲ့လိုက်"

"ဘယ်သူ့ကိုလဲ"

"ကျွန်တော့်ကိုလေ"

"ဪ ခွေးကောင်လေး ဒါမျိုးကျတော့ တောင်းရရမ်းရမှန်းလာဘ်မြင်တယ်ပေါ့၊ အလုပ်ကျတော့ မကြိုးစားချင်ဘူး"

မခံချိမခံသာဖြစ်သွားသော ဖခင်၏အမူအရာကိုကြည့်ပြီး ညိမ်တဟားဟား ရယ်လိုက်သည်။

ရယ်ရင်းမှ ကောင်မလေးရုပ်ပုံလွှာက ဖိုင်ခနဲ အာရုံမှာ ထင်လာပြန်၏။

တွေ့ချင်လိုက်တာ ကောင်မလေးရေ

■ ■ ■



အခန်း (၂၄)

"ဒါ ဘယ်နေရာတွေရောက်ကုန်ပြီလဲ ခါတော်မို"

ပြေးရင်းလွှားရင်း ရှောင်ရင်းရှားရင်းနှင့် ဘယ်နေရာတွေရောက်သို့ရောက်မှန်းပင်မသိတော့။

"ဒါ လှုံနေရပ်ကွက်တစ်ခုပဲ၊ ဘယ်လိုလဲ ရှင်မောနေပြီလား"

"မောတော့သိပ်မမောသေးပါဘူး၊ ဒါပေမဲ့ ဗိုက်ထဲကတော့ အချက်ပြလာပြီ တစ်နေကုန် လျှောက်သွားရလို့ ဗိုက်ကမြန်မြန်ချောင်သွားတာ"

ကလေးတစ်ယောက်လို ဗိုက်ပွတ်ပြကာ ဆာလောင်ပြနေသောဘာရှိလ်ကိုကြည့်ပြီး ခါတော်မို သနားသွားသည်။ ခါတော်က နဂိုကတည်းက အစားနည်းသူပီပီ နေ့ခင်းက အုတ်ခုံပေါ်မှာ ဘာရှိလ်ပယူလာပေးသော အစားအသောက်တွေကြောင့် ဗိုက်ပြည့်ကာ တစ်နေကုန်နေဆိုလျှင်



www.burmeseclassic.com

www.burmeseclassic.com



လည်း နေနိုင်သေးသည်။

"အင်းလေ ခါတော်တို့ ဟိုလူတွေကြောင့် စားစရာတွေလည်း အဲဒီနေရာမှာကျန်ခဲ့ကြတာ နမြောလိုက်တာ"

ဘေးမှ ကလေးတစ်အုပ် ဖြတ်သွားကြရင်း

"ဟော့ကောင်တွေ မြန်မြန်လာကြ၊ စတုဒီသာကျွေးတာ ကုန်သွားရင် ငါတို့ငတ်နေလိမ့်မယ်"

"အေး ငါတို့လည်း မြန်မြန်လျှောက်နေပါတယ်ကွ၊ ငါ့ဆို ငါ့ညီမလေးအတွက် တောင်းလာဖို့ ကြွပ်ကြွပ်အိတ်တောင် ပါလာသေးတယ်၊ ဒီမှာကြည့်"

"ငါက ငါ့အဘွားကို ခေါ်ထားတယ်၊ ခုလောက်ဆို ငါ့အဘွား တောင်ရောက်နေပြီလားမသိဘူး"

"ဟော့ကောင်တွေ ငါတို့ချောင်ကြည့်ဦး ရီးတဲ့မှပဲ"

အရှေ့မှ ကလေးတစ်သိုက် တစ်ယောက်တစ်ပေါက်ပြောကာ ခပ်သွက်သွက် လျှောက်သွားကြ၏။ နောက်မှနှစ်နှစ်အရွယ် ကောင်လေး အမောတကော ပြေးလိုက်လာ၏။ တစ်ကိုယ်လုံးလည်း ဖုန်တွေလူးထားသဖြင့် ညစ်ပတ်ပေရေနေ၏။

ခါတော် အကြဲတစ်ခု လှစ်ခနဲ ရသွားပြီး ကာရိုလ်လက်ကို ဖျတ်ခနဲ လှမ်းဆွဲကာ

"ကာရိုလ် လာ ခါတော်တို့ အဲဒီကလေးတစ်အုပ်နောက်က လိုက်သွားရအောင်"





"ဟမ် ဘာလိုက်လုပ်မလို့လဲ ခါတော်"

"ရှင်ပဲ ဗိုက်ဆာတယ်ဆို"

"အင်းလေ အဲဒါနဲ့ အဲဒီကလေးတွေနောက်လိုက်သွားစရာလား။ ကလေးတွေက ညစ်ပတ်စုတ်ပြတ်နေတာပဲကွာ"

နွားတစ်သိုက်ဖြတ်သွားသလို ဖုန်တလုံးလုံးထအောင် လျှောက်သွားသော ထိုကလေးတွေကိုကြည့်ပြီး ကာရိုလ် စိတ်ပြတ်စွာဖြင့် ကဲ့ရဲ့လိုက်သည်။

"သြော် ရှင်ကလည်း ကလေးသဘာဝ ဆော့ထားလို့ ညစ်ပတ်နေတာပါ။ ကဲ လာပါ လိုက်သွားကြရအောင်၊ ရှင် ဟိုရောက်ရင် ခါတော့်ကို ကျေးဇူးတွေတင်နေလိမ့်မယ်"

ဘာကိုဆိုလိုသည်ဆိုတာ ကာရိုလ် သဘောပေါက်နားလည်ခြင်း မရှိဘဲ ခါတော်မိုဆွဲခေါ်ရာနောက်သို့ ခြေလှမ်းကျဲကျဲဖြင့် လိုက်လာခဲ့လိုက်သည်။

ရပ်ကွက်အတွင်း လူအချို့မှာ ခါတော်မိုနှင့် ကာရိုလ်၏တူးခြားမှုကို ဝိုင်းကြည့်နေကြ၏။

ကာရိုလ် ရှက်ပေမယ့် ခုလို ခါတော်မိုနှင့်အတူ လျှောက်သွားနေရတာကိုပျော်ပါသည်။

ဖြစ်နိုင်လျှင် ဒီအချိန်လေးတွေကို ဘယ်တော့မှ မကုန်ဆုံးစေချင်။

■ ■ ■

"လူကြီးမင်းအပေါင်းတို့ ကြွကြပါ၊ အလှူရှင်တွေ ဒါနမြောက်



www.burmeseclassic.com

www.burmeseclassic.com



သွားအောင် ဝင်ပြီး သုံးဆောင်သွားကြပါ ခင်ဗျာ၊ အလှူခံပုဂ္ဂိုလ်ရှိမှ အလှူပေးပုဂ္ဂိုလ်၏ဒါန ပြီးမြောက်အောင်မြင်မှာမို့ လူမျိုးမရွေး ဘာသာ မရွေး ဝင်ရောက်အားပေးသုံးဆောင်ကြပါခင်ဗျာ၊ ကြိုက်သလောက် ဗိုက် ကားပြီး မထနိုင်အောင် ဝဝလင်လင် အားရပါးရ သုံးဆောင်ပေးကြပါ လို့ မေတ္တာရပ်ခံပါတယ်"

ဗိုက်ကြီးနှင့်အော်နေသော လမ်းဘေးဇာတ်ဗီသာကျွေးပွဲသို့ ဖော ဓာက ကလေးတစ်သိုက် ဝင်သွားကြသည်။

လမ်းမပေါ်တွင် ခုံတန်းရှည်တွေချကာ အလှူပေးနေသော အလှူပွဲမှာ အလှူရှင်၏စေတနာထက်သန်မှုမှာ အော်ဟစ်ဖိတ်ကြားနေသ ကြောင့် အဟုတ်အလတ်အမြတ်မရွေး လူတွေ အုံးအုံးထ စည်ကားနေ ပြီး အထူးသဖြင့် ဆင်းရဲနွမ်းပါးသူ အမျိုးသမီး အကြီးအငယ်နှင့် ကလေး အရွယ်တွေက များသည်။

ခပ်ဝေးဝေးမှ အခြေအနေကိုရပ်ကြည့်နေသော ခါတော်မှိုင် ဗိုက်ထဲမှာ တဂျုတ်ဂျုတ်နှင့်ဆာလောင်သလို ဖြစ်လာသည်။

ကြိုက်မရှက် ငိုက်မရှက် တော်မရှက်ဆိုသည့် စကားအတိုင်း ဖော်လာသည့်အခါမှာတော့ ဒီလို လမ်းဘေးအလှူတွေ ဘာတွေ ရှိမြား မနေတော့။ ဝင်စားသင့်လျှင် စားရတော့မှာပင်။

"ခါတော်မှိုင် အဲဒါ ဘာလုပ်နေတာလဲ၊ ထမင်းဆိုင်လား လူတွေ တော်တော်များတာပဲ"

အတွေ့အကြုံမရှိသော ကာရိုလ်မှာ အလှူပေးနေသည်ဟု





သင်၊ ဟင်းနံ့တွေကလည်း ကာရိုလ် နှာသီးဝထဲက လှိုင်လှိုင်တိုးဝင်နေ၏။

"အဲဒါ ထမင်းဆိုင်မဟုတ်ဘူး အလှူပေးနေတာ"

"အလှူ"

"အင်း ဟုတ်တယ် ဒါ ခါတော်တို့မြန်မာလူမျိုးတွေရဲ့ ဓလေ့ တစ်ခုဆိုရင်လည်း မမှားဘူး၊ တန်ဆောင်မုန်းလရာသီဆိုရင် ရပ်ကွက် တိုင်း ရပ်ကွက်တိုင်း ခုလိုမျိုး အလှူတွေပေးကြတယ်၊ အဲဒါကို နိဗ္ဗာန် ဈေးလို့ခေါ်တယ်၊ မြန်မာတွေရဲ့ချစ်စရာကောင်းတဲ့ ဓလေ့တွေထဲက မွန် မြတ်တဲ့အလှူလေးတစ်ခုပေါ့"

အလှူဆို၍ ကာရိုလ် အံ့ဩမိသည်။

"အလှူကလည်း လမ်းမကြီးပေါ်မှာ ဖုံးတလုံးလုံးနဲ့ကွာ"

"ရှင့်အနေနဲ့ကြည့်ရင် ကျန်းမာရေးနဲ့မညီညွတ်ဘူးထင်ရပေမယ့် နှမြတ်သန့်စင်တဲ့အလှူမို့လို့ လူတွေကို ဘာမှမဖြစ်စေပါဘူး၊ ဆာလောင်နေတဲ့သူတွေက ဒီလိုပဲ ဝင်စားလိုက်ကြတာပဲ၊ ပျော်စရာလည်း ကောင်းတယ်၊ လာလေ ရှင်ရော ခါတော်ရော ဒီညစာအတွက် ဝင်စား လိုက်ကြရအောင်"

"ကိုယ်တို့ကို သိပ့်မလား"

ကာရိုလ် သွားစားရမှာတွန့်နေသည်။

"ကြော် သိသိ မသိသိ ဝင်စားလို့ရတယ် လာ လာပါ"

ကာရိုလ်လက်ကိုဆွဲခေါ်ပြီး ထမင်းကျွေးနေသော အလှူပွဲနားသို့ လျှောက်လာလိုက်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"လာကြပါ ဝင်ထိုင်ကြပါ ပော့ ငါတို့အလှူကို နိုင်ငံခြားသား လာစားတယ်ကွ ကင်မရာယူခဲ့ကြစမ်း"

မောင်းထောင်ချိုင့်ကြီးကိုင်ကာ ဟင်းလိုက်ထည့်ပေးနေသည့် လူကြီးတစ်ယောက် ကာရိုလ်ကိုမြင်ပြီး ဝမ်းသာအားရ လှမ်းအော်ပြော လိုက်သည်။

အားလုံး၏အကြည့်တွေက ကာရိုလ်နှင့်ခါတော်မှီဆီသို့ စုပြုံ ရောက်လာကြသည်။ အားလုံး၏အကြည့်ခံရသော ကာရိုလ်မှာ ရှက်ကို ရှက်ကန်းအမူအရာဖြင့် လက်ဝှေ့ရမ်းပြလိုက်သည်။

"မင်္ဂလာပါ"

"ဟေး ဖော်ရိန်နာက မြန်မာလို နှုတ်ဆက်တယ် မင်္ဂလာပါ"

"ဝေး ဟေး ဟေး ဟေး မင်္ဂလာပါ"

အားလုံး ဝမ်းသာအားရဖြင့် ကာရိုလ်ကိုနှုတ်ဆက်ကြ၏။

"လာ ထိုင်ပါ စိတ်ကြိုက်သုံးဆောင်ပါ"

စားပွဲရှည်ပေါ်သို့ ထမင်းပန်းကန်တွေနှင့် ကုလားဟင်း ငပိ ကြော် ထည့်ထားသည့်ပန်းကန်တွေ လာချပေး၏။

ကောင်မလေးတစ်ယောက်က လက်ဆေးရည်ဇလုံနှင့် ဆပ်ပြာ ခွက်ယူလာပေးပြီး

"လက်ဆေးကြပါ"

ခါတော်မှီ ဆပ်ပြာယူကာ လက်ဆေးလိုက်သည်။

ပုံစံကြည့်ရသည်မှာ ကာရိုလ်နှင့်ခါတော်မှီသည် ဒီအလှူပွဲမှာ





ထမင်းမုတ်ပဲနှင့် အထူးဧည့်သည်တော်ဖြစ်သွားပုံရသည်။

"ခါတော် ဇွန်းခက်ရင်း မပါဘဲ ဘယ်လိုစားမလဲ"

"လက်နဲ့စားလေ အားလုံးလည်း လက်နဲ့စားကြတာ"

"မစားတတ်ဘူး ရှုံ့ဖို့မကောင်းဘူးလား၊ လက်မှာ ပိုးရပ်စ် ပိုးအများဆုံးရှိနိုင်တယ်"

"ဒါကြောင့် လက်ကိုဆပ်ပြာနဲ့ဆေးစားတာပေါ့ ဒါ မြန်မာပြည် လေ မြန်မာတွေက ထမင်းကို ဟောဒီလို လက်နဲ့နယ်ပြီး အားရပါးရ စားကြတာ၊ မယုံရင်စားကြည့်၊ ဒါက ဘဲဥနဲ့ချက်ထားတဲ့ ကုလားဟင်း၊ ဟော့ဒါက ငပိကြော်လို့ခေါ်တယ်၊ အညာအခေါ်ဆိုရင်တော့ လေလွင့် ကြော်လို့ ခေါ်တယ်၊ စပ်မယ်မယ့် စားလို့အရမ်းမြိန်တယ်"

လက်တွေ့သရုပ်ပြဟန်ဖြင့် ကုလားဟင်းဖြင့် နယ်ထားသော ထမင်းထဲကို ငရုတ်သီးကြော်လေး အနည်းငယ်မှုပ်ပြီး အားရပါးရ စား ပြလိုက်သည်။

ခါတော်မှီ စားပြနေပုံကြောင့် ကာရိုလ် စားချင်စိတ်ပေါက်သွား ကာ လက်ချောင်းတွေကို ဖြန့်လျက် ထမင်းနယ်ဟန်ဖြင့် ရှယ်လိုက်သည်။ ခါတော်မှီလို ထမင်းနယ်ရမှာ ရှုံ့နေသည်။

"ရဲရဲနယ်လိုက်ပါ ရှင် လက်ဆေးထားတာပဲ"

ခါတော်မှီက သေးမှခပ်တိုးတိုးတိုက်တွန်းနေသလို ဝေတုဒီသာ ထမင်းစားနေကြသော ကလေးတွေကလည်း တာရိုလ် ထမင်းနယ်ရှုံ့ နေတာရဲ့ဖြစ်နေပုံကို မျက်တောင်မခတ်ဘဲ စိတ်ဝင်တစားကြည့်နေကြ၏။



www.burmeseclassic.com

www.burmeseclassic.com



မစူးတော့ပြီမို့ ကာရိုလ် လက်ချောင်းတွေကို ကုလားဟင်းစမ်းထားသော ထမင်းတွေထဲနှစ်ကာ ခါတော်မှီ နယ်သလို အားရပါးရ နယ်လိုက်သည်။

"ဝေး ဟေး နိုင်ငံခြားသားကြီးလည်း ငါတို့လို ထမင်းကို လက်နဲ့စားတယ်ကွ ဟား ဟား ဟား"

"ဖြောင်း ဖြောင်း ဖြောင်း ဖြောင်း ဖြောင်း"

ကလေးတွေပင် ဟေးခနဲ ပျော်ရွှင်စွာ ထအော်ရုံတင်မက လူကြီးတွေပါ ကာရိုလ်ကို ဂုဏ်ပြုသည့်အနေဖြင့် လက်ခုပ်တွေ တဖြောင်းဖြောင်းတီးကုန်ကြသည်။

ထင်မှတ်မထားသော နွေးထွေးမှုပျူငှာမှုတွေကြောင့် ကာရိုလ် စိတ်ထဲမှာ ကြည်နူးသွားပြီး ထမင်းကိုအားရပါးရ ပလုပ်ပလောင်း စားမြိလိုက်သည်။

အရသာရှိလိုက်သည့်ဖြစ်ခြင်း ဒီလိုထမင်းနှင့်ဟင်းမျိုးကို ကာရိုလ် တစ်သက်ဘယ်တော့မှ မေ့တော့မည်မဟုတ်။

ခါတော်မှီ ကာရိုလ်ကို ထမင်းစားရင်းမှ လက်မလေးထောင်ပြ၏။

ကာရိုလ်ရင်ထဲမှာ ထိုသို့မြန်မာဆန်သော အပြုအမူလေးကို ပီတိဖြစ်လိုက်ပုံများ ရှေးစာဆိုတွေကိုတောင် စာဖွဲ့ခိုင်းလိုက်ချင်ပါသည်။

တကယ်ဆိုရင် ဒေးဗစ်ကာရိုလ်ခရစ်ဆိုတဲ့သူက မြန်မာစစ်စစ်ကြီးပဲလေ။

■ ■ ■



## အခန်း (၂၄)

စတုဒီသာ အလှူပွဲမှာ ကာရိုလ်နှင့် ခါတော်မှီတို့အဖွဲ့ကျနေကြ၍ ပြန်လာသောအချိန်မှာ ညအမှောင်ဘက်သို့ပင် သမ်းနေ၏။

ကာရိုလ်မှာ စားကောင်းကောင်းဖြင့် ထမင်းသုံးပန်းကန်စားလိုက်၍ မိုက်လေးနေ၏။ လမ်းပင်ခပ်လေးလေး လျှောက်နေရ၏။

"နောက်နေ့လည်း ဒီမှာလာစားလို့ရလား ခါတော်မှီ"

"အဟင်း ခစ် ခစ် ခစ်"

"အယ် ဘာရယ်တာလဲ မေးတဲ့အထဲမှာ ရယ်စရာပါသွားလို့လား"

"ပါတာပေါ့"

"ပါတယ် ဒါဆို ဘာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီအလှူရှင်တွေက ဒီလိုမျိုး လှူအများကြီးကို နေ့တိုင်း ကျွေးမယ်လို့ ရှင်ထင်နေလို့လား"

"အင်းလေ အဲလိုမဟုတ်ဘူးလား"

"ဘယ်ကလာ ဟုတ်ရမှာလဲ၊ ဒါ အမြဲတမ်း ထမင်းချည်ချောင်းစီး မောင်းတီးပြီးလှူတဲ့ပွဲမျိုးမဟုတ်ဘူး"

စကားပုံဖြင့် တင်စားပြောဆိုလိုက်ပေမယ့် ကာရိုလ် လုံးဝကို နားမလည်။

"ဒီလိုလှူမျိုးဆိုတာ လှူတိုင်းလည်းမကျွေးကြဘူး"

"သြော် ဟုတ်လား ဒါပေမဲ့ တော်တော်ကို စားကောင်းတယ်နော်"

ခုချိန်ထိ အရှိန်မပြယ်သေးဟန်ပြနေသော ကာရိုလ်ကို ကြည့်ပြီး ခါတော်မှီ ကြည်ကြည်လင်လင် ပြုံးလိုက်သည်။

တဖြည်းဖြည်းနှင့် ခါတော်နှင့်ကာရိုလ် ရင်းနှီးကျွမ်းဝင်လာမှုများ ခါတော်မျက်စိထဲမှာ ကာရိုလ်အား ဘာသာခြားတစ်ယောက်တုပင် မမြင်တော့။

ထိုသို့မမြင်ရလောက်အောင်လည်း ကာရိုလ်၏ပြောဟန်ဆိုဟန်တွေ အမူအရာအကျင့်တွေသည် မြန်မာယောက်ျားတစ်ယောက်လို ပြောဆိုနေသောကြောင့်ဖြစ်သည်။

"ဝါး လကြီးက သာလိုက်တာ၊ ဒီအချိန်မှာ ဘယ်သူ့ကိုလွမ်းရမှန်းတောင် မသိတော့ဘူး"





"ရှင့်ချစ်သူကိုလွမ်းလိုက်ပေါ့၊ လမင်းကြီးကိုငေးပြီးချစ်သူကို လွမ်းရတာ အရသာရှိတယ်လို့ ပြောကြတယ်"

"အဟက် ဒါဆိုရင်တော့ သေချာတယ် ကျွန်တော် မလွမ်းတတ်သေးဘူး"

"ဖော်တော် မလွမ်းတတ်သေးဘူး ဟုတ်လား ရှင်ညာနေတာတော့ မဟုတ်ပါဘူးနော်"

"ကိုယ် မညာဘူး တကယ်ပြောတာ မလွမ်းတတ်သေးတာ ချစ်သူမရှိသေးလို့ပေါ့"

"ဟွန်း ကြော်ငြာက ဝင်ပြန်ပြီ၊ ရှင့်လိုနိုင်ငံခြားသားရှင့်မကြီးက မိန်းမတွေနဲ့ထိတွေ့မှုမရှိသေးဘူးဆိုတာ ယုံချင်စရာမကောင်းဘူး"

"ထိတွေ့ဖူးတာ ချစ်သူထားတာမှမဟုတ်တာ၊ တကန့်စီလေ၊ ချစ်သူဆိုတာ ရင်ထဲက မြတ်မြတ်နိုးနိုး တန်ဖိုးထားချစ်သွားတဲ့ မိန်းမကလေးကိုပြောတာ၊ ထိတွေ့ဖူးတဲ့ မိန်းကလေးဆိုတာ အပျော်တွဲတဲ့ မိန်းကလေးကိုပြောတာ"

အကြောင်းပြချက်ကို ကြားကောင်းအောင် ပြောနေသော ကာရိုလ်စကားကြောင့် ခါတော်မှီ မသိမသာလေးမဲ့လိုက်ပြီး အသံထွက်အောင် ရယ်လိုက်သည်။

လရောင်သည် ခါတော်မှီရယ်သံလွင်လွင်ကလေးနှင့် ဂန္ဓဝင်မြောက်ညတစ်ညအဖြစ်အောင် ဖော်ကြူးနေသလားပင်။

"ဟောင် ဟိုမှာ လှူနေတဲ့လေး တစ်လုံး"



www.burmeseclassic.com

www.burmeseclassic.com



ကွင်းပြင်ကြီးနှင့် ကားလမ်းကြားတွင် လူနေတဲတစ်လုံး ငြိမ်
သက်ငိုက်မြည်းနေ၏။

"ဘာလုပ်ဖို့လဲ ဒီတဲ"

မထူးဆန်းသလိုအမေးမျိုး မေးလိုက်သဖြင့် ကာရိုလ် ကျွတ်
စုတ်သတ်လိုက်ပြီး

"ဒီည ကိုယ်တို့နှစ်ယောက် အဲဒီတဲမှာ ခဏဝင်နိုလို့ရလော
တယ်လေ၊ နင့်လို ညဘက်ကြီး လျှောက်သွားတာထက်စာရင် ဒီအစီအစ
က အသင့်တော်ဆုံးလို့ထင်တယ်"

မြန်မာစကားကို ရေလည်စေအောင် ပြောနေသော ကာရိုလ
၏ အကွက်ကျကျ စီစဉ်မှုတွေကို ခါတော်မှီ ဘာမှမကန့်ကွက်ချင်တော
နဂွတွေကို မေ့ထားပါတယ်ဆိုမှ စိတ်တွေက ဆုတ်ခွဲခံရသလို တင်းကြ
သွားကာ ကြည်လင်နေသော မျက်နှာမှာ မှိုင်းသွားသည်။

ဒီတစ်ညကို ဘယ်လိုပုံစံနှင့် ကျော်ဖြတ်ရဦးမည်မှသိတော

■ ■ ■



## အခန်း (၂၆)

အလင်းရောင်ခပ်သဲ့သဲ့ တိုးဝင်နေသော တဲအိမ်ကလေးအတွင်း
သို့ နှစ်ယောက်သား စမ်းတဝါးဝါးနှင့် ဝင်ခဲ့လိုက်ကြသည်။ ကားလမ်း
နံဘေး ချုံစပ်တွေနှင့်နီးစပ်နေသဖြင့် မြွေပါးကင်းပါးကိုလည်း ကြောက်
ရသေးသည်။

"စွတ်ဝင်နေလို့ ဖြစ်ပါ့မလား ကာရိုလ် ခါတော်ကြောက်တယ်
နော်၊ မြွေတွေ ဘာတွေထွက်လာနေရင် ဘယ်လိုလုပ်မလဲ ခါတော်က
မြွေဆိုရင်ကြောက်တယ်"

တွန့်ဆုတ်တွန့်ဆုတ် ဖြစ်နေသော ခါတော်မှာ တဲထဲမှာဝင်နေဖို့
အတွက် စိတ်ထဲမှာသိပ်မသန်း။ ကိုယ်တွေက တကယ့်ဒုက္ခသည်တွေမို့
တည်းတာဝင်နိုတာဖြစ်ပေမယ့် အများအမြင်မှာ တစ်မျိုးထင်သွားနိုင်သည်။

www.burmeseclassic.com



"မြွေမရှိလောက်ပါဘူး မင်းကြောက်ရင် ဒီအထဲကို ကိုယ်အရင် ဝင်ကြည့်လိုက်မယ်လေ၊ မြွေရှိတော့လည်း ကိုယ့်ကိုအရင်ကိုက်ပစေပေါ့၊ ကိုယ်ကမြွေဆိုရင် လုံးဝမကြောက်ဘူး"

ပြောပြောဆိုဆို ကာရိုလ် တဲအတွင်းသို့ ရှည်သောအရပ်ကို ငုံ့ကိုင်းပြီး ဝင်သွားသည်။

"အောင်မလေးဗျ ကျိုးပါပြီ ကျိုးပါပြီ"

တဲအတွင်းမှ နာနာကျင်ကျင် ထွက်လာသော အော်သံကြောင့် ခါတော်မှီ လန့်သွားကာ သူ့ပါတဲအတွင်းသို့ ကမူးရှူးထိုးလိုက်ဝင်သွားသည်။

"ဘာဖြစ်တာလဲ ဘာဖြစ်တာလဲ ကာရိုလ်"

တဲအတွင်းပိုင်းမှာ မှောင်နေသဖြင့် ကာရိုလ်ကိုလည်း သဲကွဲစွာမမြင်ရ။

"အား ကျွတ် ကျွတ် သေပါပြီဗျာ သေပါပြီ"

"လူ လူရှိတယ် နင်း နင်းလိုက်မိတယ်ထင်တယ်"

အစီအစဉ်မကျသောဖြေသံနှင့် နာနာကျင်ကျင် ညည်းညူသော လေသံတစ်ပြိုင်နက်တည်း ထွက်လာသည်။

"ဟင် လူရှိတယ် ဟုတ်လား"

"ဟုတ်တယ် ခင်ဗျားတို့ဘယ်သူတွေလဲ ဒုက္ခိတွေလား ကျုပ်တဲထဲက ပစ္စည်းတွေခိုးဖို့ ဝင်လာတာ မဟုတ်လား"

အမှောင်နှင့်အသားကျသွားပြီမို့ ပုဆိုးခြုံကာ ကွေးနေသော





လူကို ခပ်ရေးရေး တွေ့လိုက်ရသည်။

"မဟုတ်ပါဘူး ဦးလေးကြီးရယ်၊ ကျွန်မတို့က လူမရှိဘူးထင်လို့ ဝင်လာတာပါ"

"ဘာ ကျွန်မတို့ဟုတ်လား၊ နင် နင်တို့ ငါ့တဲထဲကို အကြံအဖန်လုပ်ဖို့ ဝင်လာတာမဟုတ်လား"

"ဟော့လူ ခင်ဗျား စကားပြောတာကြည့်စမ်း ဘာအကြံအဖန်လဲ"

"မဟုတ်လို့လား တည်းခိုခန်းခ သက်သာအောင် ငါ့တဲကို ဘိလုပ်ဖို့ ဝင်လာတာမဟုတ်လား၊ ဟမ် မင်းတို့ကလည်း သူများပိုင်နက်ထဲဝင်လာသေးတယ်"

ခါတော်နှင့်ကာရိုလ်ကို မကောင်းတာလုပ်ဖို့ထင်ပြီး ကောင်းကောင်းစွပ်စွဲပြောဆိုနေသော ထိုလူ၏ကြမ်းတမ်းသောစကားကြောင့် ခါတော် ဒေါသဖြစ်သွားကာ

"ရှင် လူစကားပြောပါ ကျွန်မတို့က မိကောင်းဖခင်သားသမီးပါ၊ ရှင်ပြောသလို မကောင်းတာလုပ်ဖို့ ဝင်လာတာမဟုတ်ပါဘူး၊ လမ်းသွားရင်း ခရီးလွန်သွားလို့ ဝင်နိတာ"

"ဟား ဟား ဟား ဒီမှာ ငါ့ကိုလာမဝတ်နဲ့ ငါက ကျူးလူမျိုးပါ၊ နယ်တကာလှည့်ပြီး တဲထိုးနေလာတာ၊ မင်းတို့အခြေအနေကြည့်တာနဲ့ အာလဲဆိုတာ သိပြီးသား၊ ကောင်းပြီလေ ငါ့တဲထဲမှာ လုပ်ငန်းလုပ်ချင်ရင် အလကားတော့ မရဘူး၊ ငါ့ကိုတစ်ညစာ ထမင်းစရိတ်ပေးရမယ်၊ ဒါဆိုရင်



www.burmeseclassic.com

www.burmeseclassic.com



ဒီမှာနေကြ ငါရှောင်ပေးမယ်''

ပိုက်ဆံမရှိ၍ နားခိုစရာရှာပါတယ်ဆိုမှ ငွေစကားလာပြောနေ

ပြန်သည့်မို့ ခါတော်မှီ ပို၍ဒေါသဖြစ်ရပြန်သည်။

''ကဲ ကာရိုလ် ကြားတယ်နော် ဒီမှာဆက်နေရင် ကျွန်မတို့

ဂုဏ်သိက္ခာရစရာကိုရှိမှာမဟုတ်တော့ဘူး။ ဒီတော့ လာသွားမယ်''

ကာရိုလ်လက်ကို ဆွဲကာ တဲအတွင်းမှ ခပ်ဆောင့်ဆောင့် ပြ

၍ ထွက်လာခဲ့သည်။

''အေး သွား သွားကြ အလကားပဲနှင်းနေရာကိုရှာကြည့်လိုက်

ကြ၊ ငါ့ထက်ဈေးများနေတယ်ဆိုရင် ငါ့တဲကိုပြန်လာကြ၊ ငါစောင့်နေမယ်

ကြားလား ဟား ဟား ဟား ဟား ဟား အလကား အချောင်သမားတွေ

ငါ့တဲကို အလကားသုံးလို့ရမယ်ထင်နေတယ်''

ထိုလူ၏အော်ကြီးဟစ်ကျယ် စကားသံတွေသည် ညအမှောင်

မှာဟိန်းထွက်နေ၏။

''တောက်''

''တော်တော်အောက်တန်းကျတဲ့လူ''

တက်တစ်ချက်ကို ခပ်ပြင်းပြင်းခေါက်ကာ မကျေမနပ်ပြော

လိုက်သော ကာရိုလ်ကို ကြည့်ပြီး ခါတော် သက်မမောကို ခပ်လေးလေး

ချလိုက်သည်။

ဒီဒုက္ခတွေ ဘယ်တော့များမှ ငြိမ်းပါ့မလဲဟု . . ။

ထိုသောကအတွေးနှင့်အတူ မျက်ရည်တို့စီးကျလာပြန်သည်





ကောင်းကင်တွင် ကြယ်စုများကတော့ ဟိုတစ်စု ဒီတစ်စု

ခါတော့်ဒုက္ခတွေကို သနားကရုဏာသက်နေကြမလားပဲ။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၇)

"ဒါ ဘယ်နေရာလဲ ခါတော်မှို"

"ဒါ ခါတော်မှိုရဲ့အိမ်ပေါ့၊ ခုတော့ သူများအိမ်ဖြစ်သွားပြီ"

တိုးဖျော့သောလေသံထဲမှာ ဝမ်းနည်းရှိုက်ဖိုသံက အဖျားခတ်သွားသည်။ ကာရိုလ် စိတ်မကောင်းဖြစ်သွားသည်။

"သူများအိမ်ဖြစ်သွားပြီဆိုတော့ ရောင်းလိုက်တာလား"

မသိ၍ တကယ်မေးလိုက်ခြင်း ဖြစ်သည်။

ခါတော်မှို ခပ်လေးလေး ခေါင်းခါလိုက်သည်။

"မဟုတ်ဘူး မတရားအသိမ်းခံလိုက်ရတာ"

"ဟင် မတရားအသိမ်းခံရတာ ဟုတ်လား ဟာကွာ၊ စိတ်မကောင်းလိုက်တာ"





ကြမ်းတမ်းခက်ထန်လွန်းသော ခါတော်မှိုဘဝလေးကို ကရုဏာသက်မိပုံများ ရင်ထဲမှာ ပြောမပြတတ်။

ကိုယ်ကျပြန်တော့လည်း လူမှန်းစသိတတ်ခဲ့ကတည်းက ဘာမှလိုအပ်ချက်မရှိခဲ့ဘဲ အရာရာကို မလိုချင်မှုအဆုံး။ ကာရိုလ်မှာ မပြည့်စုံခြင်းဆိုတာ တစ်ခုပဲရှိသည်။

ငယ်စဉ်ကတည်းက မိဘနှစ်ပါး ကွယ်လွန်ခဲ့ပြီး မွေးစားအဖေနှင့်ကြီးပြင်းခဲ့ရခြင်းပင်၊

သို့သော် ထိုသို့စည်းစိမ်ဥစ္စာတွေကို ကာရိုလ်ဘဝရဲ့အဓိကလိုအပ်ချက်ဟု မထင်ခဲ့။ အမြဲတမ်း အခြွေအရံတွေနှင့် ရှူးဖိနပ်တောင်ကိုယ်ကိုယ်တိုင် စီးစရာမလိုလောက်သည့်ဘဝကို ကာရိုလ် ငြီးငွေ့သည်။

လောကမှာအရေးကြီးဆုံးအရာဟာ စိတ်ကိုလွတ်လွတ်လပ်လပ်ထားပြီး စိတ်ချမ်းသာဖို့ပင်။

တစ်ခါတစ်ရံ ကာရိုလ် အထီးကျန်ဆန်ဆန်နေနေရတာကို မနှစ်မြို့ချင်။

လမ်းပေါ်မှာ ဂျစ်ပစီလိုလျှောက်သွားနေသော ကာရိုလ်တို့အရွယ် လူငယ်တွေကို စိတ်ထဲက အားကျမိတတ်သည်။

သူတို့လို လွတ်လွတ်လပ်လပ် နေကြည့်ချင်သည်။

ဒါဟာ ဘဝရဲ့တကယ့်အနှစ်သာရတစ်ခုလည်း ဖြစ်နိုင်သည်ဟု အသနဆန်ဆန် တွေးကြည့်မိကာ ထိုသို့သောဘဝမျိုးကို တောင့်တမိသည်။



www.burmeseclassic.com

www.burmeseclassic.com



လောကမှာ လှုတိုင်းလှုတိုင်း ရတာမဟုတ် လိုတာမရဆိုသည့်အတိုင်း အခွင့်အရေးတွေအပြည့်ရပေမယ့် ထိုအခွင့်အရေးကောင်းတွေဟာ ကာရိုလ်ဘဝ၏ရသမြောက်သော ပိုင်ဆိုင်မှုတွေမှမဟုတ်ခဲ့တာ။

အမှန်ဆို ဘာမှမရှိတာကမှ ပိုကောင်းတာဟု ကာရိုလ် ခပ်ရိုးရိုး တွေးမိ၏။

"ကာရိုလ် လာလေ ဘာလို့ငိုင်နေတာလဲ"

လက်မောင်းကို ခပ်ဆတ်ဆတ် ပုတ်ပြီး ခေါ်လိုက်သောအသံကြောင့် ကာရိုလ် စိတ်မကောင်းခြင်းတွေကို ဖြတ်ကာ ခါတော့်ကို ငဲ့ကြည့်လိုက်သည်။

"ဘယ်ကိုသွားရမှာလဲ"

"အဲဒီအိမ်ထဲကိုလေ"

"ဟင် သူများအိမ်ဖြစ်သွားပြီဆို"

"ဟုတ်တယ်လေ ဒါပေမဲ့ ဒီလိုညတွေမှာ ဘယ်သူမှမသိအောင် ဝင်နိုးနေလို့ရတာပဲ၊ သူတို့သိတာမှမဟုတ်တာ၊ လမ်းပေါ်မှာ ဂျစ်ပစီတွေလို မျိုး လျှောက်သွားပြီး အိပ်စရာရှာနေရတာထက်စာရင် ဒီအိမ်က ပိုပြီး လုံခြုံမလားလို့ပါ"

"သူတို့သိသွားရင် လက်ခံမှာမဟုတ်ဘူး"

"သူတို့သိအောင် မဝင်ပါဘူးဆိုမှ အဲဒီအိမ်က ခါတော့်အိမ်ပါ ဘယ်အပေါက်ကနေ ဘယ်လိုဝင်ရင်ရတယ်ဆိုတာ ခါတော်သိတာပေါ့ ကဲ လာပါ ဘေးပတ်ဝန်းကျင်ကလူတွေ ခါတော်နဲ့ ရှင့်ကို သတိမထားမိခင့် အမြန်ဝင်ကြရအောင်"





"ဖြစ် ဖြစ်ပါ့မလား"

မဝံ့မရဲဖြစ်နေသော ကာရိုလ်ကိုကြည့်ပြီး ခါတော်မို ကျွတ်ခနဲ မှုတ်သပ်လိုက်သည်။

"ကျွတ် ရှင်ကလည်းလေ ယောကျ်ားမဟုတ်တဲ့အတိုင်း၊ ခါတော်က မိန်းကလေးပါ၊ ခါတော့်ကြောက်ဖို့လည်းထားပါဦး၊ တကတည်းမှပဲ"

ခပ်စူးစူးပြောလိုက်သော ခါတော့်စကားကြောင့် ကာရိုလ် ဆက်ပြီး မငြင်းချင်တော့၍ ရှေ့မှထွက်သွားသော ခါတော်မိုနောက်သို့ လိုက်လာခဲ့လိုက်သည်။

ညသည် သူတို့နှစ်ယောက်၏အခြေအနေတွေကို တိတ်တဆိတ် စောင့်ကြည့်နေသလိုလို။

■ ■ ■

www.burmeseclassic.com

## အခန်း (၂၀)

တံခါးသောမှပူညီချပ်ကို ခပ်ဖြည်းဖြည်းဆွဲဖြုတ်လိုက်သည်နှင့် တစ်ပေခန့်အပေါက်ဖြစ်သွားသည်။ ထိုအပေါက်ထဲမှ လက်လျှိုနှိုက်ပြီး တံခါးလော့ခ်ကို လှည့်ဖွင့်လိုက်သည်။

"ကလစ်"

တံခါးလှည့်ဖွင့်သံသည် ညအမှောင်တိတ်ဆိတ်မှုထဲတွင် ပီပြင်စွာထွက်ပေါ်လာသည်။ လော့ခ်ပြုတ်သွားသည်နှင့် အပြင်မှ တံခါးလက်ကိုင်ဘုကို ဆွဲလှည့်၍ လှည့်ဖွင့်လိုက်သည်။

"ဟော အမြန်ဝင် ကာရိုလ်"

လေသံသဲ့သဲ့ဖြင့် အထဲဝင်နိုင်းနေသဖြင့် ကာရိုလ် ငြေးငြိမ်းစွာ မြေလိုမျိုး ခပ်ဖွဖွနင်းကာ ကျိုးကြည့်ကြောင်ကြည့်ဖြင့် အိမ်ထဲကိုဝင်ခဲ့





လိုက်သည်။

ခါတော်မှို အနောက်မှလိုက်ဝင်ကာ တံခါးကို အသံမကြားအောင် ခပ်ဖြည်းဖြည်း ဖိပိတ်လိုက်သည်။ ပြီးမှ စောစောက ဖြုတ်လိုက်သော ပူညီချပ်ကို ဟန်မပျက်ပြန်ပိတ်ထားလိုက်သည်။

စနစ်တကျလုပ်သွားသော ခါတော်၏လှုပ်ရှားမှုတွေကို ကာရိုလ် အသာစောင့်ကြည့်ပြီး စိတ်ထဲမှာ နှစ်မြို့က်နေသည်။

ကိုယ်ချစ်မိသွားသော မိန်းကလေးနှင့်အတူ စွန့်စားရ၍ စိတ်ထဲမှာပျော်နေသလိုလို ရင်ခုန်နေသလိုလိုနှင့် ခံစားမှုတွေသည် ရသတော့ မြောက်သား။

ဖြစ်နိုင်လျှင် ဒီလိုအချိန်တွေထဲကနေ မလွတ်မြောက်ချင်ပါ။ လူမှန်နေရာမှန်ပြန်ရောက်ရလျှင် ခါတော်နှင့်ဝေးရမှာမို့ ဖြစ်နိုင်လျှင် ခါတော်နှင့်အတူတူ သုခဒုက္ခတွေကို မျှဝေခံစားပေးချင်သည်။

"ဖျောက်"

မီးခလုပ်ဖွင့်သံနှင့်အတူ မီးဖိုခန်းတစ်ခုလုံး မီးချောင်းအလင်းရောင်တို့ ဖြန့်ကျက်၍ လင်းလာသည်။

"ဒီတစ်ညတော့ ရှင် ခါတော်ဖေဖေရဲ့အခန်းမှာ အိပ်လို့ရတယ်။ သာ ခါတော့် ဖေဖေ့အခန်းလိုက်ပြမယ်"

မီးဖိုခန်းဘက်အပေါက်ဝမှ ထွက်ကာ အိပ်ခန်းတစ်ခုရှေ့သို့ ခါတော်မှို လျှောက်သွားသည်။ ခါတော်နောက်မှ ကာရိုလ် လိုက်လာရှိခဲ့ သည်။

www.burmeseclassic.com



အိမ်တစ်ခုလုံး မွှေနှောက်ခံထားရသည့်ပုံစံမျိုးနှင့် အားလုံးမြင်မြင်သမျှ ပစ္စည်းတွေသည် ဖရိုဖရဲပြန့်ကျဲလျက်။

စာအုပ်စင်မှစာအုပ်တွေ စားပွဲအံဆွဲထဲမှ စာရွက်တွေအားလုံး ကြမ်းခင်းပေါ်မှာ မြင်ရက်စရာမရှိ။ ဘာကြောင့် ခုလိုပြန့်ကျဲနေသလဲ ဆိုတာကို မမေးရက်တော့၍ ကာရိုလ် မမေးတော့။

"ဝူး ကျွီ"

ထိုစဉ် ကားတစ်စီး အိမ်ရှေ့ထိုးရပ်လိုက်သံကြားလိုက်ရသဖြင့် ခါတော်မှီ ခြေလှမ်းတွေ တုံ့ခနဲ ရပ်သွားသည်။

"ဟင် ဖေဖေများပြန်လာတာလား မသိဘူး"

ဇဝေဇဝါဖြစ်နေချိန်မှာ ကာရိုလ်က စောစောကမီးခလုပ်ကို ချက်ချင်းသွားပြန်ပိတ်လိုက်သည်။

"ရှူး ရှင် ဒီမှာ ခဏနေခဲ့၊ ခါတော် ခြံထဲက ကားကိုသွားချောင်းကြည့်လိုက်ဦးမယ်၊ ဖေဖေဖြစ်နေရင် သိပ်ကောင်းမှာ"

မျှော်လင့်ချက်တို့ဖြင့် အိမ်ရှေ့ခန်းဆာက်သို့ ခြေသံဖွဖွဖြင့် ခပ်သွက်သွက်လျှောက်သွားလိုက်သည်။

"ဝုန်း ဂျိန်း"

ကားတံခါးဖွင့်ဆင်းသံသည် လှုခြေတိတ်ချိန်မှာ ကျယ်လောင်နေသည်။ မှန်ပြတင်းလိုက်ကာကြားမှ အပြင်ကိုချောင်းကြည့်လိုက်သော ခါတော်မှီ၏မျက်ဝန်းအစုံမှာ ပြူးကျယ်ဝိုင်းစက်သွားသည်။

"ဟင် ဖေဖေလည်းမဟုတ်ဘူး၊ ကြွေးရှင်ကြီးပဲ၊ ဘုရား ဘုရား





ငါတော့ ဒီလူတွေနဲ့ကို ရေစက်ကမကုန်နိုင်ဘူး၊ စိတ်ဆင်းရဲလိုက်တာ"

ကားပေါ်မှ ဆရာကြီးနှင့်အတူ မိန်းမတစ်ယောက်ပါ ယိုင်တိယိုင်ထိုးဆင်းလာသောမြင်ကွင်းကို အဆုံးထိ မကြည့်အားတော့သဖြင့် ကာရိုလ်ဆီကို ပြန်ပြေးလာလိုက်သည်။

"ဝုန်း"

"အား"

မှောင်ကြီးထဲ စွတ်ပြေး၍ စားပွဲခုံနှင့်တိုက်မိကာ ခါတော်မှီ ရှေ့ကိုဟပ်ထိုးလဲကျလေ၏။

"ခါတော် ခါတော်ရရဲ့လား"

ချော်လဲကျသံကြောင့် ကာရိုလ်လည်း အမှောင်ထဲမှပင် ခါတော်ရှိရာသို့ ဒရောသောပါးလျှောက်လာပြီး တဖန် ခါတော်ကိုဝင်တိုက်မိ၍ ခါတော့်ပေါ်သို့ တစ်ခါဟပ်ထိုးလဲကျပြန်သည်။

"အား အမလေး"

ခါတော်၏နာကျင်စွာအော်လိုက်သံ ခပ်အုပ်အုပ်နှင့်အတူ နှစ်ယောက်သား လုံးထွေးသွားကြသည်။

ထိုတအင်္ဂသည် ကာရိုလ်၏ရင်ခုန်နှုန်းတွေသည် မီးတောင်တစ်ခုလိုပေါက်ကွဲသွားသော အချိန်ဖြစ်သွားသည်မို့ ခါတော်မှီကို တင်းကြပ်စွာဖက်ထားမိသည်။

ထို့နောက် အနမ်းခပ်ပြင်းပြင်းတွေကိုပါ တစ်လက်စထဲ ခြွေပစ်လိုက်တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ကာရိုလ် အခွင့်အရေးသမားတော့ မဟုတ်ပါ။ ရင်ခုန်သံခေါ်ဝေ နိုင်းချက်အရ ပြင်းထန်သောခံစားမှုတာ တာဝန်ကျေပွန်လိုက်ခြင်းဖြစ် သည်။

ရက်စိတ်ကြောင့်ရော နာကျင်စိတ်ကြောင့်ရော ရှန်းကန်နေ သော ခါတော်မှီမှာ စိတ်နှင့်ကိုယ်နှင့်မကာပ်။

ထိုတဒင်္ဂကို သူလည်း မိန်းမောဖက်တွယ်မိပါ၏။

■ ■ ■

## အခန်း (၂၉)

"ချစ်လေး အထဲမှာ ကိုယ် ဝုန်းခနဲအသံကြားလိုက်သလားလို့ တမ် အေ့"

ဆရာကြီး ရေချိန်ကိုက်လာသော ခြေလှမ်းတွေဖြင့် အမျိုးသမီး ယ်ဖေါ်ခါးကို မလွှတ်တမ်း ဖက်ထားရင်းမှ အာလေးလျှာလေးမေးလိုက် သည်။

"အင်း ဟုတ်တယ် ကိုကို ချစ်လေးလည်း ကြားလိုက်တယ် အ အထဲမှာ သရဲရှိတယ်ထင်တယ်"

အမျိုးသမီးငယ်မှာ အမှောင်ထဲမှ ထွက်ပေါ်လာသောအသံ ကြောင့် ကြောက်ဒူးတုန်သွားရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ဘယ်ကလာ သရဲရှိရမှာလဲ"

"ဒါဆို ဒီအိမ်အိုကြီးက ဘယ်သူ့အိမ်လဲလို့ ဟိုတယ်ကိုမေ
မသွားဘဲ ဒီလို အနုတ်စုတ်ဂုတ်စုတ်နေရာကို ခေါ်လာရတယ်လို့ အပွန့်

အမျိုးသမီးငယ်မှာ မှောင်ပိန်းနေသော အိမ်ကြီးကိုကြည့်ပြီး
ခြေဆောင့်ကာ မကျေမနပ်ပြောဧ။

ဆရာကြီး အမှောင်ထဲမှာ မသဲကွဲသော ချစ်စရာမျက်နှာလေးကို
ရီဝေဝေကြည့်ရင်း

"ချစ်လေးရယ် ကို ကိုကလေ ချစ်လေးကို ဟိုတယ်ခေါ်သွား
ချင်ပါတယ်၊ ဒါပေမဲ့လေ အိမ်ကဟာမကြီးက ချစ်လေးနဲ့ကိုကို သွားတတ်
တဲ့ ဟိုတယ်တွေ တည်းခိုခန်းတွေမှာ သူ့ရဲ့စပိုင်တွေလွှတ်ထားတယ်လေ
ကွာ၊ ချစ်လေးလည်း သိရဲ့သားနဲ့"

"ဟွန်း ဒါပေမဲ့ ဒီနေရာကြီးက ဘယ်နေရာကြီးလဲလို့ ဒါ
ဘယ်သူ့အိမ်လဲ ရင်ခုန်စရာလည်းမကောင်းဘူး"

"အပင်တွေအုပ်ဆိုင်းကာ မှောင်ပိန်းနေသော အိမ်ကြီးကို
အလိုမကျစွာ ဝေ့ကြည့်ရင်း မကျေမနပ်မေးဧ။

"ဒီအိမ်လား အဟက် ဒီအိမ်ကြီးကို ကိုကို အကြံအဖန်လုပ်ပြီး
အကြွေးနဲ့သိမ်းလိုက်တာလေ၊ ဟဲ ဟဲ ဒါမှ ချစ်လေးနဲ့ကိုကို လူမသိ
သူမသိ ကဲလို့ရမှာ၊ ကဲ အချိန်ရှိတုန်း ဒီညတစ်ညလုံး မအိပ်ဘဲ ကဲကြ
ရအောင် နော် နော်လို့ ချစ်လေး ဟဲ ဟဲ ဟဲ ဟဲ"

ရမ္မက်ခိုးတွေဝေနေသော အသံကြီးသည် ညဦးနက်သန်းခေါင်





မှာ အော်ဂလီဆန်စရာ။

ဆရာကြီးဘောင်းဘီအိတ်ထဲမှ အိမ်သော့ကိုနှိုက်ယူပြီး သော့
ဖွင့်လိုက်သည်။

"ကျွီ"

အမှောင်ထဲမှ တံခါးဖွင့်သံက ကျွီခနဲ ကျယ်လောင်စွာပေါ်ထွက်
လာသည်။

"ချစ်လေး ခဏနော်၊ ကိုကို မီးဖွင့်လိုက်ဦးမယ်၊ အဲ မီးဖွင့်
မယ်ဆိုပေမယ့် မီးခလုပ်က ဘယ်နေရာမှန်းလဲမသိ"

"ကိုကို မှောင်မည်းနေတာပဲ၊ ချစ်လေး ကြောက်တယ်၊ ချစ်
လေးကိုဖက်ထားပါ။ ဘယ်မှမသွားနဲ့၊ ဟင့် ဟင့် ဟင့်"

အိမ်ကြီးတစ်ခုလုံး မှောင်မည်းတိတ်ဆိတ်ကာ ချွဲပျစ်ပျစ်အသံ
နှင့် ရမ္မက်ထန်သောအသံနှစ်သံမှာ အပေးအယူတည့်ဖို့ အင်ထရိုဝင်နေကြ
ဟန်ရှိဧ။

"အိုကေ ကိုယ်ဖက်ထားမယ်၊ လုံးဝကိုမလွှတ်ပဲ ဖက်ထားလိုက်
မယ် ဟား ဟား ဟား ဟား ဟီး ဟီး ဟီး အောင်မယ်လေး ချစ်လိုက်
တာကွာ၊ ခုမှပဲ စိတ်ကြိုက်ချစ်ရတော့မယ်"

"အို ကိုကို ခစ် ခစ် ခစ် နေပါဦး မီးလေးတော့ဖွင့်ဦးမှပေါ့၊
အကုန်လုံး ဝင်တိုက်မိကုန်မယ်"

"ရတယ် ကို့မျက်စိက အရာရာကိုထွင်းဖောက်မြင်တယ် ဟီး
ဟီး ဟီး"



www.burmeseclassic.com

www.burmeseclassic.com



ထိုညသည် သူတို့ကမ္ဘာဟု သတ်မှတ်လိုက်ကြပြီး. . .။

■ ■ ■

"ကာရိုလ် သွား သွားကြရအောင်၊ ခါတော် ဒီမှာမနေချင်တော့ဘူး၊ ဆက်နေရင် သူတို့ခါတော်တို့ကို တွေ့သွားနိုင်တယ်"

တိုးသဲ့သဲ့လေသံ ခပ်မှုန်းမှုန်းပြောပြီး အပြင်ကို ပြန်ထွက်ရန် ခါတော် စိတ်အားသန်နေ၏။

ခါတော်အဖို့ အိမ်ဝိကလိအသံတွေကို ကြားနေရသည်မို့ မျက်နှာပူနေတာလည်းပါသည်။

"သူတို့အရှိန်နဲ့သူတို့မို့ ကိုယ်တို့ကို ဘယ်လိုတွေ့နိုင်မှာလဲကွာ"

"အို ဟင့်အင်း မနေချင်ဘူး၊ ဒီမှာမနေချင်ဘူး"

ခါတော် ထိုင်ရာမှ ရုန်းခနဲ ထရပ်လိုက်သည်။

အမှောင်ထဲမှာမို့ မမြင်မစမ်း လျှောက်သွားရပေမယ့် ကိုယ့်အိမ်ဖြစ်နေသည့်အတွက် နောက်ဖေးတံခါးပေါက်ရှိရာသို့ မှန်းပြီးလျှောက်သွားနိုင်သည်။

ကာရိုလ် တားချိန်မပင်မရလိုက်ဘဲ ခါတော်မှ ထသွားသဖြင့် ကာရိုလ်ပါ အမှောင်ထဲမှာ စမ်းတဝါးဝါးဖြင့် ခါတော်နောက်ကို လိုက်လာခဲ့လိုက်သည်။

"ချလွင်"

ပန်းအိုးတစ်ခုကို ဝင်တိုက်မိလိုက်သည်မို့ အိမ်ရှေ့ခန်းအမှောင်ထဲတွင် မီးမဖွင့်ဘဲ ချစ်နလန်ထနေကြသော ဆရာကြီးမှာ အမျိုးသမီးငယ်





၏ရင်ခွင်ထဲမှ ဆတ်ခနဲ ခေါင်းထောင်ကြည့်ကာ

"ဟေ့ ဘယ်သူလဲ"

အသံလာရာဘက်ကို မှန်းပြီး အော်မေးလိုက်ပေမယ့် အမှောင်ထဲမှာမို့ ဘာမှမမြင်ရ။

"ကိုကို သရဲလား၊ ချစ်လေး ကြောက်တယ်နော်၊ ကိုကိုက မီးဖွင့်ပါဆိုတော့လည်း မဖွင့်ဘူး"

အမျိုးသမီးငယ်၏အသံမှာ အမှောင်ထဲမှ ညုတုတုပေါ်လာပြန်သည်မို့ ကာရိုလ် အသက်ပင်မရှူရဲ။

ဆရာကြီး အမှောင်ထဲမှ လက်ကိုင်ဖုန်းခလုပ်ကို ဖွင့်လိုက်ပြီး ခန်းမှအလင်းရောင်ဖြင့် မီးခလုပ်ကိုဖွင့်လိုက်သည်။

"ဖျောက်"

အိမ်ရှေ့ခန်းတစ်ခန်းလုံး မီးတွေလင်းထိန်သွားသည်၊ ကြမ်းခင်းတွင် ဖရိုဖရဲဖြစ်နေသော အမျိုးသမီးငယ်မှာ ကိုယ်ပေါ်က ဂါဝန်ကိုဆွဲဆန့်ချပြီး ထိုင်ရာမှ ထလိုက်သည်။

ဆရာကြီးနားပြေးကပ်ကာ ဖရိုဖရဲရှုပ်ပွနေသော ဧည့်ခန်းကို ကြည့်ကာ

"ဟင် အိမ်ကြီးကရှုပ်ပွနေတာပဲ၊ ဒီ ဒီအိမ်မှာ ရန်းရင်းဆန်ခတ် တစ်ခုခုဖြစ်သွားကြလို့လားဟင်"

အမျိုးသမီးငယ်၏အမေးကို ဆရာကြီးမဖြေအား။ အသံလာရာဆီသို့ မရဲတရဲလျှောက်သွားနေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ အိမ်ထဲမှာ ဘယ်သူလဲ အော့ သူခိုးလား၊ ဟမ် မေးနေ
တယ်လေ သူခိုးလားလို့"

ဆရာကြီး ကျိုးတို့ကျဲတဲခြေလှမ်းတွေဖြင့် ကာရိုလ်ပုန်းနေရာ
စားပွဲခုံနားသို့ တဖြည်းဖြည်း ရောက်လာသည်။

ကာရိုလ်မှာ သူ့နားသို့ ဒယီးဒယိုင် လျှောက်လာနေသော
ဆရာကြီး မမြင်အောင် စားပွဲခုံကွယ်ပြီး ကိုယ်ကိုကျုံ့နိုင်သမျှ ကျုံ့ထား
လိုက်၏။ ရင်ထဲမှာ တထိတ်ထိတ်နှင့် မလိုအပ်ဘဲ ဘာပြဿနာမှမဖြ
ချင်တာပါ။ ကာရိုလ်နှင့်ဆရာကြီးမှာ အတော်လေး နီးကပ်လာသည်
ကာရိုလ် အသံက်ပင်ခပ်ပြင်းပြင်းမရှူရဲ။

"အား ကိုကို ကိုကို သရဲ သရဲ"

ကာရိုလ်ကိုတွေ့ခါနီးဆဲဆဲမှာ အမျိုးသမီးငယ်၏သွေးရူးသွေး
တန်း အော်ဟစ်သံက ညအမှောင်မှာ ဟိန်းသွားသည်။

## အခန်း (၃၀)

ခါတော်မှို သက်ပြင်းမောကို ဖူးခနဲမှုတ်ထုတ်ပြီး လမ်းဘေး
အုတ်ခုံပေါ်မှာ ခြေပစ်လက်ပစ် ထိုင်ချလိုက်သည်။

လမ်းလျှောက်ရလွန်း၍ ခြေထောက်တွေ နာနေသော ကာရိုလ်
မှာ ခါတော်မှိုဘေးမှ ဝင်ထိုင်ရင်း အရှေ့ဘက်ဦး၏လေပြည်ကို အငမ်းမရ
ရှူရှိုက်လိုက်၏။

နှစ်ယောက်သား ညဦးပိုင်းမှဖြစ်ခဲ့သည့် အဖြစ်အပျက်ကို တွေး
ရင်း ရယ်ချင်နေကြသည်။

"ရှင် ဘာပြုံးနေတာလဲ ကာရိုလ်"

အပြုံးတစ်ဝက်ဖြင့် ခါတော်မှိုကို ငဲ့ကြည့်ရင်း

"ညက မိန်းမနဲ့လူကြီးကို ခါတော် ပညာပြလိုက်တဲ့အကြောင်း
တွေးပြီး ရယ်ချင်သွားလို့ပါ၊ အဟက် ဆံဗင်ကြီးရေ့ချပြီး သရဲမလုပ်ဘာ



www.burmeseclassic.com

www.burmeseclassic.com



တကယ်ပဲပြင်တယ်နော်၊ ဟိုတစ်ပေါက် သရဲလို့အော်ပြီး ဆန့်ငင်ဆန့်ငင် တက်သွားတဲ့ပုံစံကြီးက ရယ်ရတယ်၊ ခါတော် မင်းသမီးလုပ်စားပါလား"

"ဘာလဲ သရဲမအခန်းတွေမှာ သရုပ်ဆောင်ဖို့လား၊ ဟွန်း ဒီကလည်း အိမ်ထဲမှာပိတ်မိနေတဲ့ရှင့်ကိုကယ်ထုတ်ဖို့ ဒီနည်းလမ်းကိုပဲ စဉ်းစားမိလိုက်လို့ အိမ်ရှေ့မှန်ပြတင်းပေါက်မှာ သရဲမလို ရပ်ပြလိုက်ရတာပါနော်"

"ဟုတ်ပါတယ် ခါတော်သာ သရဲခြောက်ဟန်မဆောင်လိုက်ရင် ညက ကိုယ် သူခိုးလုံးလုံးဖြစ်ပြီ၊ ခုလောက်ဆို ရဲစခန်းကို ရောက်နေလောက်ပြီ"

"ရှင်က လူကသာ အရပ်ကလန့်တလားနဲ့ ပုံစံကယောက်ျားပီသတော့မလိုလို တကယ်တမ်းကျတော့ ကြောက်တတ်တယ်နော်၊ ခါတော်အဖို့ ရှင့်ပုံစံကိုကြည့်ပြီး ရှင်ဘယ်ကလာပြီး ဘာကြောင့်လမ်းပေါ်ရောက်လာရသလဲဆိုတာ သိချင်နေတယ်၊ စဉ်းစားမိသလောက် ပြောပြစမ်းပါ"

"ကိုယ့်အကြောင်းသိတော့ရော ခါတော်အတွက် ဘာအကျိုးထူးလာနိုင်မှာမို့လဲ"

အတိတ်မေ့သူတစ်ယောက်လို ဟန်ဆောင်နေပါတယ်ဆိုမှ အတိတ်အကြောင်းကို လာမေးနေ၍ ကာရိုလ် ခပ်ဟဟရယ်လိုက်သည်။

"ရှင် ဘာရယ်တာလဲ ဒီက အကောင်းမေးတဲ့ဟာကို"

"ခါတော် အကောင်းမေးမှန်းသိတာပေါ့၊ ဒါပေမဲ့ ခါတော်ရယ်



ကိုယ် ဘယ်သူလဲဆိုတာကို ကိုယ်ကိုယ်တိုင်သိမှတော့ ခုချိန်လောက်ဆို ကိုယ့်အိမ်မှာ ကိုယ်ဟာနူးညံ့နူးညံ့မြိုက်မြိုက် အိပ်စက်အနားယူနေပြီပေါ့၊ ခုလို ခါတော်နဲ့အတူ လမ်းမပေါ်မှာ ဟိုပြေးဒီလွှားနဲ့ အတူတူရှိနေပါ့မလား"

ကာရိုလ်ပြောတာလည်း သဘာဝကျနေ၍ ခါတော် မေးမိသည့်အတွက် စိတ်မကောင်းဖြစ်သွားသည်။

တကယ်ဆို ကာရိုလ့်ဘဝအကြောင်းကို သိချင်တာထက် ခါတော့်ဘေးမှာ ကာရိုလ် အတူတူရှိနေပေးတာကိုပဲ ခါတော် စိတ်ကျေနပ်ခဲ့ရသည်မဟုတ်ပါလား။

အမှန်ဆို ကာရိုလ် သူ့အတိတ်ကို သတိပြန်ရပြီး သူ ဘယ်သူဆိုတာ သိသွားမှာတောင် ခါတော့်မသိစိတ်က တိတ်တိတ်ကလေး စိုးထိတ်ခဲ့မိသည်ပဲ။

ကာရိုလ်အနမ်းတွေကို ခါတော်ကိုယ်တိုင်က တပ်မက်မိနေမှတော့ ကာရိုလ်ကို ခါတော့်ဘဝထဲကနေ ပေးမထွက်ချင်တော့ပါ။ သို့သော် ရှေ့မှာစောင့်ကြိုနေသော ကံကြမ္မာသည် ခါတော်နှင့်ကာရိုလ်ကြားထဲသို့ ဘယ်လိုအကြောင်းအရာမျိုးတွေနှင့် ခြယ်လှယ်စီမံဦးမည်မသိ။

"ခါတော်"

"ရှင်"

" I love you "

"အို ရှင်နော်"

www.burmeseclassic.com

www.burmeseclassic.com



"တကယ်ပြောတာပါ၊ ကိုယ့်ကိုခါတော့်ဘဝထဲ ဝင်ခွင့်ပြုပါ၊ ပလီစ်"

နူးညံ့ထွေးအိသော လက်အစုံကို တယုတယ ဆုပ်ကိုင်ကာ အနမ်းတွေ ချွေနေသော ကာရိုလ်ထံမှ ချစ်တယ်ဟူသောစကားကြောင့် ခါတော့်မို၏ရင်ထဲမှ လှိုင်းလုံးကြီးတွေ စီးနေရသလို ခန္ဓာကိုယ်တစ်ခုလုံး ငြိမ့်ခနဲ ငြိမ့်ခနဲ။

ပါးပြင်ပေါ်သို့ အဆက်မပြတ် ကျလာသော အနမ်းတွေကို ရင်ခုန်ခံစားရင်းမှ နှုတ်ခမ်းနှစ်စုံ တဒင်္ဂပူးကပ်သွားသည်။

အို ဒီအချိန်တွေလိုမျိုး ရင်ခုန်စရာကောင်းတဲ့အချိန်အချို့ အနာဂတ်မှာစောင့်ကြိုနေပါစေ။

■ ■ ■

# အခန်း (၃၁)

"ဟယ် ခရု အဲ ခရုဗ် ခရုဗ်ရေ"

အသံပြာပြာဖြင့်ခေါ်လိုက်သောအသံကြောင့် ကာရိုလ် လှည့်ကြည့်လိုက်သည်။ လူက ဆတ်ခနဲ တုန်တက်သွားကာ

"ဟာ အခြောက်မပါလား"

ဖိမ်ခံကားပေါ်မှ လိမ်ကျစ်ကျစ်ဆင်းလာသော ဒါလီမောင်၏ ခြေလှမ်းတွေသည် ခလုပ်တိုက်လဲမတတ်ကို အငမ်းမရနိုင်လွန်းနေ၏။

ဒီတစ်ခါ ကာရိုလ် ဒီအခြောက်မလက်မှ လွတ်ပါ့မလားဟူသော နှိုးမိစိတ်က ထွက်ပေါက်ပိတ်သွားစေ၏။ ခုမှထွက်ပြေးပြန်လျှင်လည်း မီသွားတော့ပြီမို့

"မင်္ဂလာပါ"

စကားရောဖောရောဖြင့် မျတ်နှာချိုသွေး နှုတ်ဆက်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ခရုရယ် ဒါလီ ခရုကိုပြန်တွေ့ရတာ ဝမ်းသာလိုက်တာ ယူ သိပ်စိမ်းတယ် သိလား။ ဟိုညကလာမယ်ဆိုပြီး မလာဘူး။ ဒီမှာတော့လေ ညလုံးပေါက်ကို မအိပ်ဘဲ ထိုင်စောင့်နေရတာ မနက်လည်းမိုးလင်းရော မျက်တွင်းဟောက်ပက်ကိုဖြစ်ရော"

"ဟုတ်ကဲ့ စိတ်မကောင်းပါဘူး အဲဒီညက အရေးကြီးကိစ္စတစ်ခုပေါ်လာလို့ပါ"

မရေရာသောအကြောင်းပြချက်တစ်ခုကို ရှာကြံ၍ ပေးလိုက်သည်။ မနက်စောစောစီးစီး မညာချင်ဘဲ ညာလိုက်ရသည့်အတွက်တော့ ကာရိုလ် စိတ်ထဲသိပ်တော့မလုံ။

"ကဲပါ အရင်ကိစ္စကို ထားလိုက်ပါတော့၊ ခုတွေ့နေကြပြီပဲ၊ တစ်နေရာမှာ အေးအေးဆေးဆေး သွားတွေ့ကြရအောင်နော်"

မနက်စောစောစီးစီး မိတ်ကပ်တွေဖွေးစွတ်နေသော ဒါလီမှာ တွန့်လိမ်ကောက်ကွေးနေသော ရွှေအိုရောင်ဆံပင်အတုကြီး တရမ်းရမ်းနှင့်ကာရိုလ်ကို အထာတွေပေးနေ၏။

အများသုံးသန့်စင်ခန်းဝင်နေသော ခါတော်မှီသာ ထွက်လာလို့ကတော့ ဒီအခြောက်မနှင့်ကာရိုလ့်ကို အထင်လွဲသွားနိုင်သည်။

သူ့ ကျွေးတာတွေ တနင့်တပိုး စားခဲ့ဖူးသော ကျေးဇူးတရားကြောင့် ကာရိုလ်ငြင်းရခက်နေသည်။

"ဟို ဟိုလေ အခု မအားသေးဘူး"

"ဘယ်သူ့ကို စောင့်နေတာလဲ လာပါ ခေါက်ထားလိုက်စမ်းပါ"





အခြောက်မ ဒါလီကလည်း ဖွတ်ဆိုမှ တကယ့်ဖွတ်။ ဆွဲမယ်ငါးမယ့်အထာကြီးနှင့်မို့ ကာရိုလ် ယုန်သူငယ်တစ်ကောင်လို ကုကယ်ရာမဲ့နေသည်။

"အရေးကြီးတဲ့ ဖရန့် မို့ပါ"

"အို သူနော် ဒါလီလောက်အရေးကြီးမလား၊ ဒါလီတို့က အကြင်နာတောင်ပေးခဲ့ကြဖူးတဲ့ဟာကို၊ လာပါ တွေ့တုန်းစကားတွေ တဝကြီးပြောချင်တာ၊ ဒီကလေ ငတ်နေတာ သိရဲ့လား"

အနှောင့်အသွားမလွတ် စကားကို ကာရိုလ် တကယ်ပဲ နားလည်။ သူ့လိုရှော့ပင်းမော်လ်ပိုင်ရှင်က ငတ်စရာကိန်းမှ မရှိတာ။

တကယ်တမ်း ငတ်နေကြရသူတွေက ကိုယ်နှင့်ခါတော်မှီ။

"ဘာငတ်တာလဲ ဗိုက်ဆာလို့လား"

"သြော် ခရုရယ် ဗိုက်ဆာလို့ငတ်တာကို ပြောတာမဟုတ်ဘူး။ အဲ ဟို ဟိုလေ အဂုာ အဂုာကိုပြောတာ"

"ဘာအဂုာလဲ"

ကာရိုလ် အချိန်ဆွဲနေခြင်း ဖြစ်သည်။

"သြော် အဂုာဆိုတာ စကားပြောဖော် စကားပြောဖော်ကိုပြောတာ ခရုရဲ့"

အခြောက်မ၏ခရုဟု ခေါ်ခံရတိုင်း ကာရိုလ်ခင်ဗျာ ခရုတစ်ကောင်လို တွန့်ခနဲ ဖြစ်သွားရသည်။

"ခရုမဟုတ်ပါဘူး ခရစ် ဒေဗစ်ကာရိုလ်ခရစ်"



www.burmeseclassic.com

www.burmeseclassic.com



"အို ဘာပဲဖြစ်ဖြစ် အဓိကက လူချင်းရင်းနှီးနေကြဖို့ပဲမဟုတ်လား၊ မရဘူး ခုပဲလိုက်ခဲ့ရမယ် လာ"

"အိုး နီး နီး"

ဒါလီ ကာရိုလ့်လက်မောင်းကို အတင်းဆွဲခေါ်သည်။

ကာရိုလ်ကလည်း ငြင်းသည်။ ရုန်းသည်။

ဒါလီမော်ကလည်း လုံးဝအလွတ်မပေး။ ကာရိုလ်၏ကျစ်လျစ်သန်မာသောလက်မောင်းကို ခြေစုံကန်ပြီး ဆွဲခေါ်သည်။

ကာရိုလ် ရုန်းသည်။

"လာပါလို့ ကြည့် သူနော် ဒီက လူမှာ ဘယ်လောက်ဟာကျော်ကြီးဖြစ်နေလဲ၊ မသိဘူးလားလို့ ဒါမျိုးက မစားရလေ ငတ်လေပဲ မနက်ခင်း မောနင်းစာကို ပြောပါတယ်၊ ဒါလီကတော့ ကာရိုလ်မလိုက်မချင်း ဖွတ်ခေါ်နေမှာပဲ"

ရှပ်ပျက်ဆင်းပျက် အငမ်းမရနိုင်သော အခြောက်မကြောင်း ကာရိုလ် မျက်နှာမှာ ရှက်လွန်း၍ နီမြန်းလာသည်။ လမ်းသွားလမ်းလာ အချို့ဝိုင်းကြည့်နေကြသည်။

နိုင်ငံခြားသား ပေတိပေစုတ် တစ်ယောက်ကို ဖင်ချွန်းအောင် အလန်းဇယားပြင်ဆင်ထားသော အခြောက်မက အတင်းအရှက်တိုက်ပါမတတ် ဆွဲခေါ်နေသဖြင့် ဘယ်သူက စိတ်မဝင်စားဘဲရှိပါမလား။

နံနက်ခင်း နေခြည်နွေးနွေးအောက်မှာ ကာရိုလ် ချွေးပြန်ပြုလာသည်။





ထိုစဉ် ကာရိုလ်နှင့်အခြောက်မရှိနေသည့် ကော်ဖီဘားရှေ့သို့ ညီခန့်၏ကား ထိုးစိုက်လာသည်ကို တွေ့သွားလိုက်တော့ လူက ဗိုဖြိုးထွက်ပေါက်ပိတ်၍သွားပြန်သည်။

ညီခန့် ကားတံခါးဖွင့်ဆင်းနေသည်။ မလွှဲမရှောင် ကာရိုလ်ကို မြင်မှာကျိန်းသေသည်မို့ ကာရိုလ် ကြံရာမရဖြစ်ကာ

"လာ ဒါလီ လာ ဒီလမ်းမကြီးမှာမကောင်းဘူး၊ ကားထဲကိုသွားမယ်"

"ဟယ် အဲလို အစောကြီးကတည်းက လိမ္မာမှပေါ့ဟယ်၊ တကတည်း လူကိုချွေးပျံအောင်လုပ်တယ်၊ သူ တော်တော်ဆိုးတယ် ဟွန့်လာ"

ကာရိုလ့်လက်ကို ဆွဲခေါ်ကာ ကားရှိရာသို့ လျှောက်လာသည်မို့ ရှည်လျားသော ကိုယ်ခန္ဓာကြီးကို ကိုင်းကာ ဒါလီကိုယ်နှင့်ကွယ်ပြီး လျှောက်ရသည်။

ကားထဲဝင်ထိုင်လိုက်မှ စိတ်တို့ဒုံးဒုံးကျသွားကာ ကားအပြင်ကို အသာချောင်းကြည့်လိုက်သည်။

"ဟင်"

တဖန် မျက်လုံးပြူးသွားပြန်သည်။

ညီခန့် ကားနားသို့လျှောက်လာနေ၏။ လာတာမှ တည့်တည့်ကြီးကို တိုးလာခြင်းဖြစ်သည်။

ခုမှ ကားထဲကဆင်းပြေးလျှင်လည်း မလွတ်နိုင်တော့။ ဒီတော့



www.burmeseclassic.com

www.burmeseclassic.com



ကြဲရာမရဖြစ်ကာ

"ဒါလီရဲ့ဆံပင်အရောင်က အရမ်းလှတယ် ခဏပြကြည့်ပါ လား"

ပြောရုံပဲရှိသေးသည် လက်ကစွပ်ခနဲ ဆွဲဖြုတ်လိုက်နှင့်နေပြီ။

"အို အဲ ဒါ ဒါဘာလုပ်တာလဲ၊ ခရု ခရု များကိုအရှက်ခွဲတာ လား"

ဆံပင်အတုကြီးဆွဲချွတ်ခံလိုက်ရ၍ ဆွေ့ဆွေ့ခုန်သွားသော ဒါလီမှာ ဆီသုတ်ထားသလို ကတုံးပြောင်ပြောင်ကြီးဖြစ်သွားသည်။

ကာရိုလ် ဂရုမစိုက်အား။ ဆွဲချွတ်လိုက်သောဆံပင်အတုကြီးကို သူ့ခေါင်းမှာစွပ်ကာ ကားဒက်ရှ်ဘုတ်ပေါ် တင်ထားသော နေကာမျက်မှန်အကြီးကြီးကိုယူ၍ သူ့မျက်နှာမှာတပ်လိုက်သည်။

"ခရု ပေး ပြန်ပေးပါ၊ အရှက်တွေတော့ ကွဲကုန်ပါပြီ"

ပြောင်လက်နေသော သူ့ကတုံးကို လက်ဖြင့်အုပ်ပြီး ဆံပင်အတုကြီးပြန်တောင်းနေသော ဒါလီကို ညီခန့်ကားဘေးမှ ဖြတ်လျှောက်ရင်းမှ မြင်သွားသည်။

"ဟာ မော်ကြီး မင်း မော်ကြီးမဟုတ်လား"

ကျောင်းနေဖက် သူငယ်ချင်း မော်ထူးကို နှုတ်ခမ်းနီ ပါးနီနှင့် မိန်းမအဝတ်အစားကြီးနှင့် မလိုက်ဖက်စွာ ကတုံးကြီးနှင့် မြင်လိုက်ရတော့ ညီခန့် ခွက်ထိုးခွက်လန် အော်ရယ်ပစ်လိုက်ချင်သည်။

ဒီကောင် ကျောင်းတုန်းက ဒီလောက်ထိ မချောက်သေး။ ခုကျ





လုံးလုံးလျားလျား မိန်းမပုံစံပြောင်းသွား၍ နှမြောလည်း နှမြောသည် ဒေါသလည်းထွက်သွားသည်။

"မင်း ဘယ်လိုပုံစံဖြစ်နေတာလဲ၊ ကတုံးကြီးနဲ့၊ ဘာလဲ ဘုန်းကြီး လူထွက်လာတာလား"

တမင်ရွဲ့မေးလိုက်ခြင်းဖြစ်သည်။

"ဟယ် ညီခန့်ရယ် ဒီပုံနဲ့ ဒီ ဒီဇိုင်းက ဘုန်းကြီးလူထွက်ရုပ် လားလို့ လူကိုပျော်တကာ ပျော်တကာ် စနေတာလား"

ဒီတော့မှ ညီခန့် တဟားဟား ရယ်၏။

"နင် ဘယ်ကိုလာတာလဲ"

"ငါ့အစ်ကို တစ်ယောက်ကို လိုက်ရှာနေတာဟာ၊ နေရာလည်း နှံ့နေပြီ၊ ရှာလို့ကိုမတွေ့ဘူး၊ တော်တော်ကိုမွှေတဲ့လူ"

ညီခန့်ထံမှ မကျေမနပ်သံကြားတော့ ဆံပင်အတုကြီးတပ်ထား သော ကာရိုလ်မှာ ခေါင်းပင်မဖော်ရဲ။

ခုချိန်မှာ တွေ့သွားလို့ကတော့ ဘာမှပြောမှာမဟုတ်၊ ကားပေါ်က ဆွဲချမှာ ကျိန်းသေသည်။ ထို့ကြောင့် မျက်နှာကို တစ်ဖက်သို့လှည့်ကာ အသက်ပင်ရဲရဲမရှူရဲ။

"ဒါဆို လိုက်ရှာလိုက်ဦး၊ ငါ အရေးကြီးတဲ့ကိစ္စတစ်ခု လုပ်ရဦး မယ် တာ့တာ ဘိုင့် ဘိုင်"

စကားစဖြတ်ခဲ့ပြီး ကားစက်နှိုး၍ ထွက်လာသဖြင့် ကာရိုလ်မှာ ဒါလီမော် ကားပေါ် အောင့်သီးအောင့်သက် ပါလာရသည်။ ကျဉ်းထဲ



www.burmeseclassic.com

www.burmeseclassic.com



ကျပ်ထဲရောက်နေသည့် အခြေအနေမို့ အခြောက်မကို အကာအကွယ် မယူမိလျှင် ညီခန့်နှင့်ထိပ်တိုက်တိုးပြီး အရင်ဘဝမှန်ကို ပြန်ရောက်ရဦးမည်။ လိုက်ခဲ့ပြန်တော့လည်း အခြောက်မ၏အစားခံရဦးမည်။

ကာရိုလ် တွေးကြည့်ရုံနဲ့တင် ကြောက်ဒူးတုန်နေမိသည်။

မဖြစ်ဘူး။။ ဒီအခြောက်မ ခေါ်ဆောင်ရာ ပါမသွားဖို့ အကြံ တစ်ခုတော့ ထုတ်ရတော့မည်။

"အ အား ကျွတ် ကျွတ် ကျွတ်"

ခပ်တိုးတိုးညည်းတွားရင်း ခေါင်းမှဆံပင်အတုကြီးကိုဆွဲချွတ်ပြီး အခြောက်မကို လှမ်းပေးလိုက်သည်။

ဒါလီမော် ဆံပင်အတုကိုလှမ်းယူရင်း မျက်နှာရှုံ့မဲ့နေသော ကာရိုလ်ကို ပျာပျာသလဲကြည့်ရင်း

"ဘာဖြစ်တာလဲ ခရု ဒါလီ့ကိုပြောပါဦး"

"ဗိုက် ဗိုက်ထဲက အော်ဂလီဆန်ပြီး သန့်စင်ခန်းဝင်ချင်လို့ အ ထွက် ထွက်တော့မလား မသိဘူး"

"ဟော့တော် အဲဒါမှ ဒုက္ခ ကားပေါ်မှာ သန့်စင်ခန်းမရှိဘူး ခ ခဏလေး ဆက်အောင့်ထားနော်၊ နီးရာ ဟိုတယ်တစ်ခုခုကို မောင်း လိုက်မယ်နော်၊ ဖြစ်တယ်မဟုတ်လား အောင့်ထား အားတင်းထား ဗိုက်တင်း"

အရေးထဲ လက်သီးလက်မောင်းတန်းကာ အားပေးနေသော ဒါလီမောင်ပုံစံက စိတ်ထဲမှာကြိတ်ပြီး ရယ်ချင်နေသည်။ သို့သော် ရယ်၍





မဖြစ်သေး။ မျက်နှာကိုဝေဒနာသည်တစ်ယောက်လို ရှုံ့မဲ့ထားပြရသည်။

"အ မရဘူး ဗိုက်တင်း မလုပ်နိုင်ဘူး ရပ် ရပ်"

"အောင့်ထားပါဆို"

"မအောင့်နိုင်ဘူး ဖွင့်ချလိုက်တော့မယ်နော်"

ဖွင့်ချလိုက်တော့မည်ဆိုတော့ လန့်သွားပုံရသည်။

ကားကို လမ်းဘေးတစ်နေရာသို့ ကျွံခနဲ ထိုးရပ်လိုက်သည်။

ဒါကို အခွင့်ကောင်းယူပြီး ကာရိုလ် ကားပေါ်မှ လိမ်ကျစ်လိမ်ကျစ် ဆင်းလိုက်သည်။

"ကဲ သွားပြီ ဘိုင် ဘိုင်"

"အို ခရု နေဦးလေ၊ တို့ အင့်အင်းလိုက်တည်ပေးမှာပေါ့၊ ခဏစောင့် စောင့်ပါဦးဆိုမှ"

ကာရိုလ် လှည့်ကိုမကြည့်ရဲတော့။ ခြေလှမ်းတွေကို နောက်ကြောင်းပြန်လှည့်ပြေးနိုင်းရတော့၏။

ခါတော်မှီ တစ်ယောက်ထဲ အားငယ်နေတော့မည်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၂)

"ကာရိုလ် ကာရိုလ်ရေ"

အများသုံးသန့်စင်ခန်းထဲမှ ထွက်လာပြီး စောင့်နိုင်းထားသော နေရာတွင် ကာရိုလ် မရှိတော့ ခါတော်မှီ ရင်ထိတ်သွားသည်။

တစ်နေရာရာများသွားနေသလား ဟူသော အတွေးဖြင့် အနီးပတ်ဝန်းကျင်ကို ဝေ့ဝဲရှာပြီး ကာရိုလ်အမည်ကို မတိုးမကျယ် လှမ်းခေါ်လိုက်သည်။

ကာရိုလ် အရိပ်အယောင်ပင် မတွေ့ရ။

ခါတော်မှီ မျက်နှာမကောင်းသလို ရင်ထဲမှာလည်း ပူပန်စိတ်တွေ ထိုးတက်လာသည်။

"ကာရိုလ် ဘယ်သွားနေတာလဲ၊ ကာရိုလ်ရေ"





မျက်ရည်ဝဲစပြုလာသည်။ ချစ်သူတွေဖြစ်ပြီဟု စိတ်ထဲမှာ ကြည်နူးရင်ခုန်မည်ကြံကာရှိသေးသည့် ကာရိုလ်ကို ကံကြမ္မာက ဆွဲခေါ်ထုတ်သွားပြန်ပြီ။

စိတ်တွေ ယောက်ယက်ခတ်နေသည့်မို့ အနီးပတ်ဝန်းကျင်မှ လူအချို့ ကာရိုလ်ကိုတွေ့လို့တွေ့ငြား မေးကြည့်မည်ဟု အတွေးရောက်သွားသည်။

"အန်တီ စောစောက ဟောဟို ရေတာမာပင်အောက်မှာ ရပ်နေတဲ့အရပ်ရှည်ရှည် အသားဖြူဖြူ လူတစ်ယောက်ကို တွေ့မိသေးလား"

ဈေးသန့်ဘူးနှင့်ကွမ်းယာရောင်းနေသော အဒေါ်ကြီးကို တွေ့လိုတွေ့ငြား မေးကြည့်လိုက်သည်။

"အေး စောစောကတော့ တွေ့မိတယ်၊ အဒေါ်လည်း ဒီဘက်ဈေးလှည့်ရောင်းနေတာနဲ့ ဘယ်ကိုထွက်သွားမှန်း သတိမထားလိုက်မိတော့ဘူးကွယ်"

"ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ် အန်တီ"

"အေး ကိစ္စမရှိပါဘူး ရပါတယ်၊ ဩော် ဒါနဲ့ ဟိုဘက်က တက္ကစီသမားတွေကို မေးကြည့်ပါလား။ သူတို့တော့ သိနိုင်မယ်ထင်တယ်"

"ဟုတ်ကဲ့ အန်တီ"

ကွမ်းယာဆိုင်မှအဒေါ်ကြီးကို ခေါင်းညိတ်ပြပြီး တက္ကစီဆရာတွေဘက်သို့ လျှောက်သွားလိုက်သည်။

"ဦးလေး"



www.burmeseclassic.com

www.burmeseclassic.com



"ဟေ ဘယ်သွားမလို့လဲ ဘူမ၊ ဦးလေး ဘယ်ကိုပို့ပေးရမလဲ"

တက္ကစီဆရာကြီးမှာ ကားလာငှားသည်ထင်၍ ကားတံခါးကို ဆွဲဖွင့်ရင်း မေးသည်။

ခါတော်မှီ အားနာစွာဖြင့် ခပ်ဖြည်းဖြည်း ခေါင်းခါပြလိုက်ရင်း

"ကားငှားဖို့မဟုတ်ပါဘူး၊ ဦးလေး မေးစရာရှိလို့ပါ"

"ဩော် မေးလေ ဘာမေးမှာလဲ"

တက္ကစီ ဆရာကြီး၏အသံမှာ အသက်သိပ်မပါလှတော့။

"ဟိုအပင်အောက်မှာ ရပ်နေတဲ့ အရပ်ရှည်ရှည် အမျိုးသား တစ်ယောက်ကို တွေ့မိလားရှင်"

တက္ကစီဆရာကြီး တွေတွေကြီးစဉ်းစားလိုက်သည်။

"အေး တွေ့တော့တွေ့လိုက်တယ်၊ အခြောက်မတစ်ယောက်နဲ့ စကားပြောနေတာ၊ ဟုတ်တယ်မဟုတ်လား ကျော်ကြီး"

ဘေးကလူကိုပါ သားရေပေါ်ညှိပြီး မေးလိုက်သည်။

"ဟုတ်တယ် အခြောက်မရဲ့ကားအကောင်းစားကြီးပေါ် ပါသွားတယ်"

"ရှင်"

ခါတော်မှီ ရင်ထဲမှာ ဟာဆင်းသွားသည်။

အခြောက်မဆိုတာ ဘယ်သူလဲ။ သူနှင့်ဘာပတ်သက်ခဲ့၍ ခုလို လိုက်သွားရသလဲ။

မရှင်းလင်းသော ပုစ္ဆာတစ်ပုဒ်ကြောင့် ခါတော်မှီရင်ထဲ နွမ်းလျ





မောဟိုက်၍သွားကာ ခြေအစုံပင် ကောင်းကောင်းမရပ်ချင်တော့လောက် အောင် အားလျော့၍သွားသည်။

လမ်းပေါ်မှာ ကာရိုလ် မပါဘဲ ခါတော်မှီ တစ်ယောက် ဘယ် လိုခရီးဆက်ရမလဲ။ ကိုယ့်ကိုယ်ကိုယ် သတ္တိတွေရှိလှပြီဟုထင်ထားပေမယ့် တကယ်တမ်း ကာရိုလ်အနားမှာမရှိတော့ဘူးဆိုတော့ ခါတော်မှီ သတ္တိ တွေ ဘယ်တွေရောက်ကုန်ပြီလဲ မသိ။

ခါတော် ကြောက်လာသည်။

ကာရိုလ် ခါတော့်ကို အပြီးတိုင်ထားသွားပြီလား။

မျက်ရည်တို့ ဝေ့လာသဖြင့် ခါတော်မှီ တက္ကစီဆရာတွေရှေ့မှ လှည့်ထွက်လာခဲ့လိုက်သည်။

ခြေလှမ်းတွေကို ဘယ်သို့ဦးတည်နိုင်းရမှန်းတောင် မသိတော့။

■ ■ ■

ဝေ့တက်လာသော မျက်ရည်တို့ကို မသိမသာ သုတ်ရင်း တစ် ဖက်ကားလမ်းကိုကူးဖို့ ကားလမ်းမပေါ်သို့ ဆင်းလိုက်သည်။ စိတ်နှင့်လူ နှင့်တော့ မကပ်။

"ဟော့ ဟော့ ကား"

အသံနှင့်အတူ လက်ကိုလှမ်းဆွဲလိုက်သဖြင့် ခါတော်မှီ ခန္ဓာ ကိုယ်လေးနောက်သို့ ယိုင်ကျသွားသည်။

"အို အို"

"ဂူး"



www.burmeseclassic.com

www.burmeseclassic.com



ဂူနန် ဖြတ်မောင်းသွားသော ကားက ခါတော့်ရှေ့မှ ပွတ်ကာ သီကာလေး အရှိန်မြှင့်မောင်းနှင်သွားသည်။

ဒီတော့မှ ခါတော်မို ကြောက်စိတ်တွေဖြင့် တုန်ရိုက်ကာ ကိုယ့်အသက်ကယ်တဲ့သူကို ကျေးဇူးတင်စွာ မော့ကြည့်လိုက်သည်။

"ခါတော့်အသက်ကို ကယ်ပေးတာ ကျေးဇူးတင်ပါတယ်"

"ရပါတယ် ကိုယ်က အမြင်မတော်တာတွေ့ရင် ကူညီတတ်တဲ့သူမို့ အပန်းမကြီးပါဘူး"

ညီခန့်၏ပကာတိရိုးသားသော မျက်နှာကို ခါတော် မှတ်မိသွားသည်။

"ဟင် ရှင် ဟိုတစ်နေ့က ခါတော်နဲ့ဝင်တိုက်မိတဲ့သူပဲ"

"ဟုတ်တယ် မင်းက မှတ်မိလွယ်သားပဲ၊ ကိုယ့်နာမည်က ညီခန့်ပါ၊ ဟိုနေ့က မင်းအတွက်မုန့်တွေအများကြီး ဝယ်လာပြီး စင်တာထဲက ပြန်ထွက်လာတော့ မင်း မရှိတော့ဘူး"

"ဟုတ်လား၊ ခါတော်လည်း လူတွေဝိုင်းကြည့်နေကြတော့ ရှက်တာနဲ့ အဲဒီကထွက်လာခဲ့တာ"

"နာမည်က ခါတော်လား"

"ခါတော်မိုပါ"

"နာမည်က ယဉ်လိုက်တာ၊ လူကလည်း တော်တော်လှတယ်"

ပေါ်တင်ကြီး ချီးမွမ်းခန်းဖွင့်နေ၍ ခါတော်မို ရက်ပြုံးဖြင့် ခေါင်းကို ငုံ့လိုက်သည်။





ညီခန့်စိတ်ထဲမှာ ခါတော်၏ရွှမ်းလဲ့နေသော ပုံလေးကိုကြည့်ပြီး စိတ်ထဲမှာ တစ်ခုခုကို ရိုပ်မိနေသလို ခံစားလိုက်ရသည်။

အဘယ်ကြောင့်ဆိုသော် ခါတော်မိုကို ဟိုတစ်ခေါက်တွေ့ခဲ့စဉ်တုန်းကလည်း ဒီအဝတ်အစားနှင့် ယခုတွေ့တော့လည်း ဒီအဝတ်အစားနှင့်ပင်။ ပုံစံလေးက လှနေပေမယ့် ညှိုးသိုးသိုးပုံစံလေးဖြစ်နေသည်။

တွေ့တိုင်းလည်း ဒီလိုလမ်းပေါ်မှာပဲဆိုတော့ မဟုတ်မှလွဲရော ခါတော်မိုဟာ အိမ်ခြေမဲ့ယာမဲ့များလား။

မဖြစ်နိုင်ဘူးဆိုသည့်အတွေးကို အာရုံထဲမှာ ဖျောက်ဖျက်နိုင်အောင် ကြိုးစားလိုက်သည်။

"ခါတော် သွားလိုက်ပါဦးမယ်"

နှုတ်ဆက်ပြီး ကားလမ်းဆက်ကူးမည်အပြု

"နေပါဦး"

ညီခန့် ခါတော်မိုကို မျက်စိအောက်က အပျောက်မခံချင်သေးပေ။ တစ်ခါဆို ဆိုသလောက် ရင်ထဲမှာ ငြိတွယ်ခဲ့တဲ့ မိန်းကလေးပဲ။ ဘာအကြောင်းကိစ္စပဲရှိရှိ သူ ကူညီနိုင်ရမည် မဟုတ်လား။

"ရှင်"

"ခြော် ဟိုလေ ဘယ်သွားမှာလဲ၊ လိုက်ပို့ပေးမယ်"

"ခါတော် လူတစ်ယောက်ကို ရှာနေတာပါ၊ ခြော် ရှင်ရော အဲဒီလူကိုတွေ့မိလားဟင်"

"ဘယ်သူများလဲ"



www.burmeseclassic.com

www.burmeseclassic.com



"သူ့နာမည်က အေဗစ်ကာရိုခရုဇ်လို့ ခေါ်တယ်၊ ကိုမာဝင်နေတဲ့ နိုင်ငံခြားသားတစ်ယောက်ပါ၊ ဗမာစကားကိုလည်း ကျွမ်းကျွမ်းကျင်ကျင် ပြောတတ်တယ်၊ ဒီအနီးအနားမှာရှိ ရှိနေမယ်ဆိုရင် သူ့ကိုတွေ့မိမှာ"

ညီခန့် မျက်လုံးအစုံပြူးကျယ်ဝိုင်းစက်သွားကာ ခါတော်မှီကို နားမလည်စွာဖြင့် ငုံ့မိုးကြည့်လိုက်ပြီး

"ကာရိုလ်ခရုဇ် ဟုတ်လား"

တစ်ပြိုင်နက်တည်းမှာပင် ခါတော်မှီနှင့်ကာရိုလ်၏ပတ်သက်မှုကို သိချင်သွားရသည်။

"ဟုတ်တယ် သူက ကိုမာဝင်နေတာ၊ သူ့ကိုယ်သူ နာမည်က လွဲပြီး ဘယ်သူဘယ်ဝါမှန်းတောင် သိရှာတာမဟုတ်ဘူး"

မိန်းကလေးတစ်ယောက်ကို အကွက်ကျကျ လိမ်ထားသော ကိုကိုကာရိုလ်သည် ဘာရှည်ရှယ်ချက်တွေ ရှိနေလို့ပါလိမ့်။

"သူဘယ်သူလဲဆိုတာ ကျွန်တော် သိတယ်"

"ရှင် တကယ် သိတာလား"

"ဟုတ်တယ် ကဲပါ လမ်းမကြီးပေါ်မှာ ကာရိုလ့်အကြောင်းပြောနေရတာမကောင်းဘူး၊ ကျွန်တော်တို့ တစ်နေရာရာမှာ ပြောကြရအောင်"

"ဟင်"

ခါတော်မှီ တွေဝေသွားသည်။ သင့်တော်ပါ့မလား၊ သူသဘောက ဘာမှန်းမသိ၍ စွတ်ပြီးတော့လည်း မလိုက်ရဲ၊ ဒီခေတ်က လူကန့်ကူမှုတွေက ပေါမှပေါ။





"ကျွန်တော့်ကိုယုံပါ၊ ကျွန်တော်က ကာရိုလ်ခရုဇ်ရဲ့ညီ တစ်ဝမ်းကွဲပါ"

"ရှင်"

အံ့ဩလွန်း၍ နှုတ်ခမ်းလေးဟသွားကာ ညီခန့်ကို မျက်ဝန်းအဝိုင်းသားဖြင့် သေချာအကဲခတ်ကြည့်သည်။

"ရှင်က ဗမာရုပ်ပဲ၊ ကာရိုလ်က နိုင်ငံခြားသားပုံ"

မယုံသည့်ဟန်ဖြင့် ထောက်ပြလိုက်သည်။

"ကာရိုလ်ကလည်း ဗမာစစ်စစ်ပါပဲ၊ သူငယ်ငယ်ကတည်းက ဟိုမှာအနေများသွားလို့ အနောက်တိုင်းသားဟန်ပေါက်သွားတာ၊ ဒါပေမဲ့ ကာရိုလ်က ဗမာစကားပြောရတာကို အရမ်းဂုဏ်ယူတယ်၊ သူဟာ ဗမာစစ်စစ်မို့ မြန်မာစကားကို မှတ်နေအောင် ပြောတတ်တာပေါ့"

ဒီအဆင့်လောက်ဆိုလျှင် ယုံကြည်၍ရသွားပြီမို့ ညီခန့်ထံမှ ကာရိုလ်အကြောင်းကို သိချင်သေးသည်။ လမ်းပေါ်မှာ တစ်ယောက်ထဲ လျှောက်သွားပြီး ကာရိုလ်ကို ရှာတာထက်စာလျှင် ညီခန့်နှင့်အတူ ဝိုင်းရှာတာက ခါတော့်အတွက် ပိုပြီး အထောက်အကူတွေရသွားနိုင်သည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၃)

"ခါတော် ခါတော်မို"

စောင့်နေမှာပဲဟူသောအထင်နှင့် အခြောက်မလက်ကလွှတ်အောင်ပြေးလာခဲ့ပေမယ့် ခါတော်မိုက ရှိမနေ။

ပြေးလာသည့်အရှိန်က မမောဘဲ ခါတော်မိုကိုမတွေ့ရတော့မှ လူက မောဟိုက်နုံးချွေ၍သွားသည်။

သေးပတ်ခန်းကျင်ကို ခန္ဓာကိုယ်တစ်ပတ်ပြည့်အောင် လှည့်ပတ်ရှာရင်း ခါတော်မိုအတွက် စိတ်ပူသွားမိသည်။

ဘယ်ထွက်သွား၍သွားမှန်းမသိ၍ ဘယ်ကိုလိုက်ရှာရမလဲပင် မသိတော့။ ရန်ကုန်မြို့ကြီးကို ကျွမ်းတဲ့သူမဟုတ်သောကြောင့် ကာရိုလ်အခက်တွေ့နေတာတော့ အမှန်။





ကြံရာမရသည့်အဆုံး ကာရိုလ် ရပ်စောင့်ခဲ့သည့် ရေတမာပင်နားမှ ရေသန့်ဘူးရောင်းသော အဒေါ်ကြီးကို မေးဖို့အတွေးရသွားကာ

"ပလိစ် ဒီနားမှာ မိန်းကလေး ခပ်ချောချောတစ်ယောက် ရပ်စောင့်နေသေးလား"

"ခြော်ာ် တွေ့တယ် အဒေါ်ကိုလည်း လာမေးသေးတယ်၊ ပြီးတော့ ကားနဲ့ပါသွားတယ်"

"ဟင် ကားနဲ့ပါသွားတယ် ဟုတ်လား"

"ဟုတ်တယ် အကောင်းစားကားကြီးနဲ့ မင်းတို့အရွယ်လူတစ်ယောက် ခေါ်သွားတာ"

ရင်ထဲမှာ မုန်တိုင်းမွှေသွားသည်။

ခါတော်က ဘယ်သူ့နောက်လိုက်သွားရတာလဲ၊ အမှန်ဆို ကာရိုလ်မလာမချင်း ရပ်စောင့်နေရမှာမဟုတ်လား။ ဒီလူနဲ့ဘာပတ်သက်လို့လဲ၊ အသိမိတ်ဆွေလား။ ဆွေမျိုးသားချင်းလား ဒါမှမဟုတ် ခုမှ သိတဲ့လူလား။

ရင်ထဲမှာ မေးခွန်းပေါင်းများစွာကို အခါခါမေးလျက် စိတ်တွေ မတင်မကျဖြစ်ရသည်။

ပြန်တွေ့နိုင်ပါတော့မလားဆိုသည့် စိုးရိမ်စိတ်ကြီးက ရင်ဘတ်နံရံတွေအောင့်မျက်ရသည်အထိ။ တဒုန်းဒုန်း ထုနှက်နေချေပြီ။

"သူ မင်းကို ရှာမတွေ့တော့လို့ မျက်ရည်တဝဲဝဲနဲ့ အဲဒီအပင်အောက်နားမှာ ထိုင်စောင့်နေသေးတယ်ကွယ်"

ရေသန့်ဘူးရောင်းသည့် အဒေါ်ကြီးမှ လွဲပြီးရင်းလွဲနေသော

မျှားတာပေ

www.burmeseclassic.com

www.burmeseclassic.com



ကောင်လေးနှင့်ကောင်မလေးပါလားဟု စိတ်မကောင်းသောအမူအရာဖြင့် ကာရိုလ်ကို သူ သိသလောက်တော့ ပြောပြပေးရှာပါသည်။

"ဟုတ်တယ် ညီလေးရ ကိုယ်တို့ကိုလည်း လာမေးသေးတယ်"

တက္ကစီဆရာတွေကပါ အာဘောင်အာရင်းသန်သန်ဖြင့် ကာရိုလ်အား ခါတော်အကြောင်း ပြောပြ၏။

စိတ်မသက်သာသော အပြုံးခပ်ယဲ့ယဲ့ ပြုံးပြရင်း

"ဟုတ်ကဲ့ ကျေးဇူးပါ၊ ကျွန်တော် လိုက်ရှာလိုက်ပါဦးမယ်"

အခေါ်ကြီးနှင့် တက္ကစီဆရာတွေကို နှုတ်ဆက်ပြီး လေးလံသော ခြေလှမ်းတွေဖြင့် မျှော်လင့်ချက်မဲ့စွာ လှည့်ထွက်လာခဲ့လိုက်သည်။

လမ်းပေါ်မှာ ပျော်နေသော ကာရိုလ်ခရုဇ် ယခုမပျော်နိုင်တော့။ လမ်းတစ်လျှောက်လုံး ခါတော်မှီကို တွေ့လိုတွေငြား လိုက်ရှာလိုက်သည်။

တစ်ချိန်လုံးအတူတူရှိလာခဲ့ပြီးမှ တကွဲတပြားစီဖြစ်သွားသော အခါ ကာရိုလ်ရင်ထဲမှာ ကလီစာတွေ အနှုတ်ခံလိုက်ရသလို ဟာတာတာ ကြီး ဖြစ်၍သွားသည်။

ခါတော်မှီ အနားမှာ မရှိတော့မှ ကာရိုလ်အတွက် အထီးကျန် ဆန်လာသည်။ လမ်းပေါ်မှာလျှောက်သွားပြီး ကြုံရာအိပ် ကြုံရာစားသော သည့် ခါတော်ရှိစဉ်တုန်းက ပျော်စရာတွေဖြင့်သာ အတိပြီးခဲ့ပေမယ့် ခုတော့ အဓိပ္ပာယ်တွေ လုံးဝမရှိတော့သလိုလို လမ်းပင်ကောင်းကောင်း လျှောက်ချင်စိတ် မရှိတော့။

ခါတော်မှီနာမည်ကို အာခေါင်ခြစ်ပြီး စိတ်ရှိတိုင်း အော်ခေါ်





ပစ်လိုက်ချင်ပါသည်။

ခါတော် ခါတော်ရေ မင်းဘယ်မှာလဲ။ ကြားရင် တဆိတ် လောက် ပြန်ထူးပြီး ငါ့ဆီအမြန်လာပါ။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃၄)

ခြေဦးတည့်ရာကို ခေါင်းဝိုက်ဝိုက်ချ လမ်းလျှောက်နေစဉ် နောက်မှပြေးလိုက်လာသော ခြေသံတွေကို သတိထားမိကာ ခါတော်များလားဟူသော မျှော်လင့်ချက်ဖြင့် ဖျတ်ခနဲ လှည့်ကြည့်လိုက်သည်။

"ဟင် ဟိုလူတွေ"

အံ့အားသင့်လို့မှမဆုံးသေး တိုးအောင်နှင့်ကိုလတ်က ကာရိုလ်၏လက်တစ်ဖက်စီကို ဖမ်းချုပ်လိုက်သည်။

"ဟေ့လူတွေ ဒါဘာလုပ်တာလဲ၊ လွှတ်စမ်းပါ"

ကာရိုလ် ရုန်းရင်းဆန်ရင်း လွှတ်ပေးဖို့ လေသံခပ်တင်းတင်းဖြင့် ပြောလိုက်သည်။

"မင်းက ခါတော်မှီနဲ့ ဘယ်လိုပတ်သက်လဲ"





ဂျော်နီ၏မေးကျည်သော မျက်လုံးအစုံဖြင့် မထိမဲ့မြင်အမေးကြောင့် ကာရိုလ် မေးကြောများ ထောင်ထလာသည်အထိ ဒေါသတွေဖြစ်သွားကာ

"ခါတော်နဲ့ငါက ဘယ်လိုပဲ ပတ်သက်ပတ်သက် မင်းနဲ့ဘာဆိုင်လဲ"

"ဟ ဆိုင်တာပေါ့ ခါတော်မှီဆိုတဲ့ ပန်းပွင့်လေးက ငါခူးဖို့ ကြံရွယ်ထားတဲ့ပန်းလေးပါ၊ သူ့ကြောင့် ငါ့ခေါင်းမှာ ဒဏ်ရာတွေရခဲ့လို့သာ ငါကိုယ်တိုင် ရှာခွင့်မရခဲ့တာ"

ခါတော်မှီ ပြောပြခဲ့ဖူးသောကြောင့် ဂျော်နီအကြောင်းကို ကာရိုလ် သိထားသည်။

"ဒါနဲ့ ခင်ဗျား သေပြီဆို"

"ခုမသေဘူးလေ၊ မသေလို့ ငါကိုယ်တိုင် ခါတော်လေးကို လိုက်ရှာနေတာပေါ့ကွ ဟား ဟား ဟား"

"ရှာလေ ရှာပေါ့ ငါလည်း ခါတော်ကို လိုက်ရှာနေတာ မင်းတို့နဲ့ အတူတူပဲ"

"ဘာပြောတယ် ခါတော်က မင်းနဲ့အတူတူရှိနေတာလေ၊ အနောက်တိုင်းသားအစုတ်ပလုတ်ရဲ့"

ခါတော်မရှိဘူးဆို၍ ဂျော်နီ ဒေါသထွက်သွားသည်။ ထို့ကြောင့် ကာရိုလ်၏နောက်ခံတိုင်စကို ခပ်ကြမ်းကြမ်းဆောင့်ဆွဲပြီး ခပ်ပျစ်ပျစ်ဆဲလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



“ငါ အနောက်တိုင်းသားစုတ်မဟုတ်ဘူး။ ဗမာကွ၊ ဗမာ မင်းတို့လို ဗမာအချင်းချင်း ရိုင်းပင်းကူညီချင်စိတ်မရှိဘဲ မိန်းကလေးတစ်ယောက်ကို အလကားပဲနင်း အချောင်အပိုင်သိမ်းချင်နေတဲ့ကောင်တွေကသာ အစုတ်ပလုတ် လူယုတ်မာတွေကွ၊ နားလည်လား ထွီ မင်းတို့သတ္တိရှိရင် ခုချက်ချင်း ငါ့လက်တွေကို လွှတ်ပေးလိုက်ကြစမ်း၊ ငါ့ရဲ့ဗမာသွေး ဘယ်လောက်ရဲသလဲဆိုတာ သိရအောင် အကြောင်းပြမယ်”

ပြဿနာမဖြစ်ချင်၍ ရှောင်ချင်ပေမယ့် ပြဿနာက ကိုယ့်ဆီကို တည့်တည့်တိုးလာမှတော့ ရှောင်သွားရင် သွေးကြောင်သူဟု အထင်သေး ရှုတ်ချခံရတော့မည်။

“ငါက မင်းလို ဟိုမရောက်ဒီမရောက် လေရှည်ကောင်နဲ့ ယှဉ်ပြီး အားအင်အကုန်မခံဘူး၊ ဟောကောင်တွေ သူ့ကိုကားပေါ်တင်ခေါ်ခဲ့စမ်း”

ကျော်နီ့အမိန့်အတိုင်း တိုးအောင်နှင့်ကိုလတ် ကာရိုလ့်ကို ကားပေါ်အတင်းတွန်းတင်ကြ၏။

လူပြတ်သည့်နေရာကဖြစ်ပြန် ဘေးပတ်ဝန်းကျင်ကို အော်ဟစ်အကူအညီတောင်းပြန်လျှင်လည်း ယောက်ျားသိက္ခာကျဦးမည်။ ဒီတော့ ကြုံလာသမျှကို ရင်ဆိုင်လိုက်ရုံပင် ရှိတော့၏။

ဒီတစ်ည ခါတော်အနားမှာမရှိ၍ လမ်းမပေါ်ကြုံသလို အိပ်ရမယ့်အတူတူ သူတို့ခေါ်ရာသို့ ခပ်အေးအေးလိုက်သွားလိုက်လျှင် အနည်းဆုံး ထမင်းတော့ စားရလိမ့်မည်။





ဒါ့အပြင် ခါတော်ကို မတွေ့မချင်း လိုက်ရှာမည့်သူတို့ အခြေအနေကိုစောင့်ကြည့်ပြီး ခါတော်နှင့်လည်း ပြန်တွေ့နိုင်သည့်အခွင့်အရေးကို ချောင်ကောင်းကောင်းက ထိုင်စောင့်လိုက်တော့မည်။

အနားမှာ ခါတော်မှီ မရှိမှတော့ လမ်းပေါ်မှာ ဂျစ်ပစီတစ်ယောက်လို လျှောက်သွားရမည့် အရသာကိုလည်း မနှစ်မြို့ချင်တော့။

ခုချိန်မှ အမျှော်လင့်ဆုံးက ခါတော်နှင့်မြန်မြန်ပြန်တွေ့ရဖို့ပင်ဖြစ်သည်။

ခါတော်ကို ကားနှင့်ခေါ်သွားသည့်လူကရော ဘယ်သူများဖြစ်နေမလဲ သိချင်လိုက်တာ။

ရင်ထဲမှာ တော်တော်လေး ပူလောင်နေပြီ ခါတော်။ ငါ မင်းကို ဘဝနဲ့ရင်းပြီး ချစ်မိသွားတာ လုံးဝသေချာသွားပြီ။

ငါ့အချစ်ကို မင်းယုံတယ်ဆိုရင် မင်းငါ့ဆီကို ပြန်လာခဲ့ပါ။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၅)

"ကျွိ"

"ဝုန်း"

တံခါးဖွင့်ဖွင့်ချင်း ကာရိုလ့်ကို အခန်းထဲတွန်းထည့်လိုက်သဖြင့် ကာရိုလ် ကြမ်းပြင်ပေါ် ဟပ်ထိုးလဲကျသွား၏။

"ဟော့လူတွေ ဖြည်းဖြည်းလုပ်ကြစမ်းပါ"

တံတောင်ဆစ်နှင့်ဒူးခေါင်း နာသွားသဖြင့် ကာရိုလ် ဒေါသတွေ ဖျဉ်းခနဲ နိုးကြားတက်ကြွလာသည်။

"မင်းလိုတိရစ္ဆာန်ကောင်ကို ညင်ညင်သာသာ လုပ်စရာအကြောင်းမရှိဘူး"

"သေလိုက်စမ်းပါလား"

ကျော်နီ၏ရင့်သီးရိုင်းပျမှုတွေကို မခံနိုင်၍ ကာရိုလ် ခပ်ပျစ်ပျစ်





ပြန်၍ ဆဲပစ်လိုက်သည်။

"အောင်မယ် ကလေကချေကောင် အုတ်ကြားမြက်ပေါက် လမ်းဘေးအိုဝ် လမ်းဘေးစားကောင်ကများ ငါ့ကိုပြန်ပြီးပြောနေတယ် ဟုတ်လား မျက်နှာဖြူကောင်"

"ဟေ့ကောင် ငါ မျက်နှာဖြူကောင် မဟုတ်ဘူး၊ ငါ ဗမာကွ၊ ဗမာ သွေးရဲတဲ့ဗမာ မင်းတို့လို ကလေကချေ မဟုတ်ဘူး၊ မြန်မာပြည်မှာ မီးလုံးနာစာရင်းဝင်မယ့် ငါလိုကောင်ကို မင်းတို့လိုလမ်းဘေး ခွေးလေခွေးလွင့်ကောင်တွေက ခုလို မထီမဲ့မြင် ဆက်ဆံတာ ခံရခက်တယ်ကွ"

ကာရိုလ်လည်း သူတို့နှင့်အပြိုင် သူနိုင်ကိုယ်နိုင် ကြဲတော့၏။ မထူးတော့ပြီမို့ ကိုယ်ဟာ လမ်းဘေးက တေလေဂျပိုးမဟုတ်ဘူးဆိုတာ သိအောင်ကြွေးကြော်လိုက်သည်။

"အောင်မာ မင်းကများ"

ကျော်နီ ထိုးဖို့အခန်းထဲ ပြေးဝင်လာပြီး ကာရိုလ်မျက်နှာကို လက်သီးနှင့်ပြေးထိုး၏။

ကာရိုလ်ကလည်း လျင်သည်။ လေထဲ ထိုးခွင်းလာသော လက်သီးချက်လောက်ကို မှုစရာမလိုသဖြင့် ခပ်သာသာလေး ရှောင်ကွင်းလိုက်သည်။

ကျော်နီ အရှိန်လွန်ကာဘာ ဟပ်ထိုးလဲကျသွားသည်။

"ဝုန်း"

"အောင်မလေးဗျ သွားကျိုးပါပြီ"



www.burmeseclassic.com

www.burmeseclassic.com



ခုတင်ဘောင်နှင့်မျက်နှာရိုက်မိသဖြင့် ပါးစပ်မှသွေးတို့ လျှံထွက်လာပြီး ဂျော်နီ သွားနှစ်ချောင်းကျွတ်သွားပုံရသည်။

သွေးစတို့ဖြင့် လုံးထွေးနေသော သွားနှစ်ချောင်းကိုကြည့်ပြီး ဂျော်နီတော်တော်လေး သွေးပျက်သွားသည်။ ဂျော်နီ၏သွေးရူးသွေးတမ်း အော်သံကြောင့် တိုးအောင်နှင့် ကိုလတ် အခန်းထဲသို့ ပြေးဝင်လာကြသည်။

"ဘာဖြစ်တာလဲ ဘာဖြစ်တာလဲ"

"ငါ့သွားကျိုးသွားပြီကွ အီးဟီး ဟီး"

ကလေးဆန်ဆန်အော်ငိုနေသော ဂျော်နီကိုကြည့်ပြီး တိုးအောင် ကပါ တဟားဟားဖြင့်အော်ရယ်ပြီး

"မင်းနှယ့်ကွာ ထိပ်ပေါက်လိုက် သွားကျိုးလိုက်နဲ့ ဟိုဟာကျိုးဖို့ပဲကျန်တော့တယ် ခွီး ခွီး ခွီး"

"ဟောကောင် တော် တိတ် အရေးထဲ လာနောက်နေသေးတယ် လန္ဒီးထဲမှပဲ သွား ဒီကောင့်ကို ကြိုးနဲ့တုပ် ခုတင်တိုင်မှာ ချည်ထား။ ဒီည သူ့ကိုဒီမှာပဲချုပ်ထား။ မနက်ကျမှ ဆရာကြီးခေါ်ပြီး တစ်ခေါက်ထပ်လာကြမယ်"

သွားနှစ်ချောင်းကို ဒေါသတကြီးပစ်ပေါက်လိုက်ပြီး အမိန့်ပေးကာ အခန်းထဲမှ ထွက်သွား၏။ ကြောက်ရူးတုန်သွား၍လားမသိ၊ ကာရိုလ်ကို ဘာမှပင် ပြန်၍မတုန့်ပြန်သွားကြတော့။

■ ■ ■





"ဟော့လူ ခါတော်မှီ ဘယ်မှာလဲ"

ဆရာကြီးမှာ ကာရိုလ်ရှေ့မှာ ဟန်ပါပါဖြင့် ခါးထောက်ရပ်ကာ မေးလိုက်သည်။ ကာရိုလ် ခေါင်းခါမြဲ ခေါင်းခါပြီး

"မသိဘူးလို့ ကျွန်တော် ဘယ်နှစ်ခါ ပြောရမလဲ"

"ဘယ်နှစ်ခါပြောပြောကွာ အဓိကက ခါတော် ဘယ်မှာလဲဆိုတာ သိရဖို့ အဓိက"

"ဒါဆိုရင် ကိုယ့်ဖာသာကိုယ် သွားရှာပေါ့"

ဆရာကြီးဆိုသောလူကို ပေစောင်းစောင်းဖြင့်ကြည့်ကာ ဘုတောပစ်လိုက်သည်။ ဒီလူကြီး နှာဘူးကောင် ကြာကူလီကောင်ဆိုတာသိထားသော ကာရိုလ်မှာ ကောင်းကောင်းမွန်မွန် ဆက်ဆံစရာ တစ်ကွက်မှ မရှိ။

"အောင်မာ မင်းက အကြောတင်းတယ်ဟုတ်လား ရော့ ကဲကွာ"

"ခွပ်"

ကာရိုလ့်မျက်နှာပေါ် လက်သီးတစ်ချက် ပစ်ကျလာသည်။ ကာရိုလ် ဖင်ထိုင်လျက် လဲကျသွားသည်။

"ဒီကောင့်ကို ကြိုးတုပ်ထားလိုက်"

"ဆရာကြီး အပြတ်ရှင်းပစ်လိုက်ရင်ရော"

တိုးအောင် ဘုမသိကိုးမသိ ဝင်ပြော၍ ဆရာကြီး၏ဒေါသက တိုးအောင်ဆီရောက်လာပြီး



www.burmeseclassic.com

www.burmeseclassic.com



"ဟာ မင်းအမေကသွားတဲ့မှပဲ နဂိုတည်းကမှ ဖတ်ရှုပ်နေပါတယ်ဆိုမှ ငါ့ကိုကြိုးစင်ပေါ်ပို့နေသေးတယ်"

"ဒါဆိုရင် သူ့အိမ်ကို ဆက်သွယ်လိုက်ရင်ရော"

ဒီတစ်ခါ ကိုလတ်အကြံပိုဆိုး။

"အေး ဆက်သွယ်ပြီး လာခေါ်လို့ပြောလိုက်ရမှာလား။ အဲလို လာခေါ်ရင် မင်းညီမပါ အဆစ်ထည့်ပေးလိုက်"

"ဟုတ်ကဲ့ ဆရာကြီး"

"တော် တိတ် ငါ့ကိုအရည်မရ အဖတ်မရအကြံတွေ လာပေးမနေနဲ့ ရှုံ့ပြောလို့ပြောမှန်းမသိတဲ့ ငတုံးကောင်တွေ"

"ဟာ မ မဟုတ်သေးဘူး၊ ဒါက ဒီလိုရှိပါတယ် ဆရာကြီး။ ဟိုလေ ကျွန်တော်ဆိုလိုတာက အဲ အဲဒီလို အိမ်ကို ဆက်သွယ်တယ်ဆိုတာ ငွေ ငွေနဲ့ ပြန်ရွေးခိုင်းတာပါ၊ သူတို့က ဘောစိတွေနော် ဆရာကြီး၊ ရဲတိုင်ရင် ကိစ္စတုံးပစ်လိုက်၊ ရဲမတိုင်ရင် ငွေပေးတာနဲ့ ဒီကောင်ကို ပြန်ထည့်ပေးလိုက်၊ ကျွန်တော်တို့လည်း ငွေထုပ်ပိုက်ပြီး တစ်နေရာမှာ သွား ဥနေလိုက်ရုံပဲ"

ဒီတစ်ခါ ကိုလတ်အကြံက ဆရာကြီးကို တွေဝေသွားစေ၏။

"ဒါဆို မင်းလက်ရေးနဲ့ခြိမ်းခြောက်စာရေး အဲ ဒါလည်း မဖြစ်သေးဘူး ဖုန်းနဲ့ခြိမ်းခြောက်ပြီး တစ်နေရာရာမှာလာရွေးခိုင်းလိုက်"

"သိန်းဘယ်လောက်နဲ့လဲ"

"နှစ်ရာ"





"ဟာ သုံးရာထားလိုက်ပါ ဆရာကြီးရာ၊ ဒါဆိုရင် ကျွန်တော်တို့သုံးယောက် တစ်ယောက်တစ်ရာ ညီတူမျှတူ"

"ဘာညီတူမျှတူလဲ ငါက ဆရာကြီးမို့ ပိုယူရမယ်လေ"

"ဒါဆို လေးရာပေါ့"

"အဲလောက် လောဘမတက်နဲ့ လေးရာဆိုရင် မင်းဘကြီးတွေက ဒီအရှုပ်ထုပ်ကို လေးရာမတန်ဘူးဆိုပြီး လာမရွေးရင် ဘယ့်နှယ်လုပ်မလဲ"

တိုးအောင်ပေးသည့်အကြံကို ဆရာကြီး ပုတ်ထုတ်လိုက်သည်။

"နှစ်ရာနဲ့လာရွေးရင် မင်းတို့နှစ်ယောက် တစ်ယောက်ကို ဆယ်သိန်းဆီယူ၊ ငါကပိုတာယူမယ်၊ ဒါတောင် ကိုယ့်တပည့်အရင်းခေါက်ခေါက်ကြီးတွေမို့ မင်းတို့ကိုပေးပြီးမှ ပိုတာကို ငါယူတာနော်"

အံ့ဩစရာကောင်းလွန်းသော ဆရာကြီး၏စေတနာကို တိုးအောင်နှင့်ကိုလတ် မအီမလည်မျက်နှာကြီးဖြင့် ငြိမ်နေလိုက်ကြသည်။

သူသနားလို့ တစ်ယောက်ဆယ်သိန်းစီရမှာ သူသာမသနားရင် ဆယ်သိန်းမပြောနဲ့ ဆယ်ပြားတောင် ရမှာမဟုတ်ဘူး။

တကယ်တမ်း ပြေးရလွှားရ ဖမ်းရဆီးရ ခံရတာက ကိုယ်တွေ။

အရိုးအရင်းပေါ်ကိုထိပြီး အဆီအနှစ်ကို သဲ့စားတဲ့ဆရာကြီးမိန်းမတွေအများကြီးယူပြီး အမောဆို့သေပါစေဟု စိတ်ထဲက တညီတညာထဲ မေတ္တာပို့သလိုက်ပါ၏။

■ ■ ■

www.burmeseclassic.com

## အခန်း (၃၆)

"ဟား ဟား ဟား ဟား ဝမ်းသာလိုက်တာ ဝမ်းသာလိုက်တာဗျာ"

ဖုန်းပြောပြီး ညီခန့် ဝမ်းသာအားရ ထအော်သဖြင့် ဦးမြတ်မင်းဘို အလန့်တကြားမော့ကြည့်ပြီး

"မင်း ဘာဖြစ်သွားတာလဲ ညီခန့် ဘာလဲ သိန်းထောင့်ငါးရာ ထီပေါက်လို့တဲ့လား"

"မဟုတ်ဘူး ဖေဖေရ ပြန်ပေးဆွဲသမားတွေ ဖုန်းဆက်တာ"

ဦးမြတ်မင်းဘို မျက်လုံးပြူးသွားသည်။

"ဘယ်လို ပြန်ပေးဆွဲသမားတွေ ဟုတ်လား"

"ဟုတ်တယ် သိန်းနှစ်ရာနဲ့လာရွေးပါတဲ့ မင်္ဂလာစကားပဲ ဖေဖေရာ ကျွန်တော် ပျော်လိုက်တာ"





အရင်းမရှိ အဖျားမရှိ ပြောနေသော သားဖြစ်သူကို ဦးမြတ်မင်းဘို နားမလည်စွာဖြင့် အကြောင်ကြောင် ကြည့်ရင်းအကြောင်းအရင်းကို သိချင်လာသည်။

"မှာကောင်ရ ပျော်တယ်ဆိုတာ ဘာကြောင့်ပျော်ရတာလဲ ငါ့ကို အရင်ပြောမှပေါ့ကွ၊ ဘာကိုသိန်းနှစ်ရာနဲ့ ရွေးရမှာလဲ မင်းအိမ်ကိုလား"

ခွက်ထိုးခွက်လန် ရယ်နေသော ညီခန့်မှာ ပျော်လွန်း၍ရယ်ခြင်းကို အတောမသတ်နိုင်။

"ကိုကို့ကို ပြန်ပေးဆွဲထားတယ် ဖေဖေရ"

"ဟေ"

ဦးမြတ်မင်းဘို မျက်လုံးပြူးသွားသည်။ ငယ်ထိပ်မြွေပေါက်သလို ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်နေသည်။

သူ့မေးစားအဖေသာ သိလို့ကတော့ ခေါင်းကိုဆင်အကောင် တစ်ရာနင်းပြီး

"ဘယ် ဘယ်တုန်းက ဆွဲထားတာလဲ"

"သားလည်း ဘယ်သိမလဲ၊ တော်သေးတာပေါ့ ငါးရှဉ့်လိုဖမ်းရခက်နေတဲ့ ကိုကို့ကို သူတို့ရအောင် ဖမ်းပေးထားနိုင်လို့ နို့မို့ဆို သားမှာ နေ့တိုင်းလိုက်ရှာနေရတာ အဲဒီဒုက္ခ ခုမှပဲ လွတ်တော့တယ်"

"မင်းဒုက္ခအသာထားစမ်းပါ၊ ဘယ်မှာလာရွေးရမှာလဲလို့ ငါ့နှယ် ဒီကောင့်ကိုမြန်မာပြည်အလည်ခေါ်မိတာ ငါးပါးတင်မဟုတ်ဘူး သံယာင်း ပါမှောက်တာပဲကွာ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာမှမပူပါနဲ့ ဖေဖေရာ၊ ခုလို သံဃာစင်ဖျောက်လို့ ဖေဖေရောသားရော ကိုကို့ကို လိုက်ရှာစရာမလိုဘဲ သိန်းနှစ်ရာနဲ့သွားရွေးလိုက်ရုံပဲ၊ ပိုတောင် အိုကေသွားသေးတယ်"

ညီခန့် ပျော်ရွှင်နေသလောက် ဦးမြတ်မင်းဘို စိတ်မအေးနိုင်။ ပြန်ပေးသမားတွေများ၊ ကာရိုလ်ကိုနှိပ်စက်နေမလားဟူသော စိုးရိမ်စိတ်ကြောင့် လူက စိတ်တွေဂနာမငြိမ်။

ဒီကောင် မြန်မာပြည်ပြန်လာတာ အမွှေစိန်လုပ်ဖို့ပဲ။

■ ■ ■

အခန်း (၃၄)

"ရှင် ကာရိုလ်ကို ပြန်ပေးဆွဲထားတယ် ဟုတ်လား"

သောကတွေ ဆင့်နေမှတော့ ဒီရင်ဟာ ဘယ်မှာလာပြီး တောင့်ခံနိုင်တော့မှာတဲ့လဲ။

"ဟုတ်တယ် ခါတော်မှီ အခု သူတို့ချိန်းတဲ့နေရာကို သွားပြီး သိန်းနှစ်ရာနဲ့ရွေးဖို့လုပ်ထားတယ် ဘာမှစိတ်မပူပါနဲ့"

"စိတ်မပူလို့ရမလား ကိုညီခန့်ရယ် သူက သူ့ဒွေးသားတစ်ယောက် ခါတော်ကြောင့် ဒီလိုဒုက္ခတွေကို သူပါလိုက်ပြီး ခံစားနေရတာ၊ သူ တစ်ခုခုဖြစ်မှာကို ခါတော် စိုးရိမ်တယ်"

မျက်ရည်ဝေ့ပြီး ခံစားချက်တွေ ရင်ဖွင့်နေသော ခါတော်မှီကို ကြည့်ပြီး ညီခန့် စိတ်မကောင်း။



www.burmeseclassic.com

www.burmeseclassic.com





ကိုယ့်ရင်ကို လှုပ်ခတ်စေခဲ့သော မိန်းကလေးဟာ ခုတော့ ကိုကို့အတွက် သောကမျက်ရည်တို့ ဝေ့နေပြီ ဒီမျက်ရည်တွေဟာ ညီခန့် အတွက်ဆိုရင် ဘယ်လောက်ကောင်းလိမ့်မလဲ။

ဖူးစာဆိုတာ ဦးရာလူဆိုတဲ့အတိုင်း ညီခန့် ချစ်မိသွားခဲ့သော မိန်းကလေးကို ကိုကိုက အရင်ဦးအောင် ချစ်ခဲ့မိသည်တဲ့လား။ ရှိစေ တော့ ဒါဟာ ကံတရားရဲ့စီမံရာပဲမို့ ကိုယ့်အစ်ကိုချစ်သူကို ကိုယ်ဘယ် လောက်ချစ်ချစ် လုယူလို့လည်း မရတော့။

ချစ်မိသွားသော နှလုံးသားကိုသာ အတင်းချိုးနှိမ်ပြီး ရှိသာ စွာ ဆက်ဆံရတော့မည်ပေါ့။

ဒီတော့ သက်မခပ်မှျင်းမှျင်းချကာ ခါတော်ကို ကြည့်လိုက်ပြ

"ကိုကိုက ခပ်ညှိုညှိုယောကျ်ားတစ်ယောက်မှမဟုတ်တဲ ခါတော ရယ်၊ သူတို့ကိုကို့ကို ဘာမှမလုပ်နိုင်ပါဘူး၊ ခါတော်သာ ဒီမှာ စိတ်အေ လက်အေးနေ၊ ကိုကိုပြန်လာတော့ ခါတော်နဲ့ပေးတွေ့မယ် ဟုတ်ပြီလား"

"ပေးမတွေ့နိုင်ဘူး ညီခန့်၊ မင်း ဘာတွေလျှောက်လုပ်နေတ လဲ ဟမ်၊ တွေ့ကရာမိန်းကလေးကို ငါ့သဘောမပါနဲ့ မင်းက အရေးစိုက် နေစရာလား"

ဘယ်အချိန်ကတည်းက အနားရောက်နေမှန်းမသိသေ ဦးမြတ်မင်းဘိုကို ခါတော်ရော၊ညီခန့်ရော ပြိုင်တူလှည့်ကြည့်လိုက်ကြသည်

မာနတွေဖြင့် ထည်ဝါနေသော ဦးမြတ်မင်းဘိုကို ခါတော် ရင်မဆိုင်ရဲ၊ ညီခန့်က အရေးပေးသလောက် ဦးမြတ်မင်းဘိုက ခါတေ





အပေါ်နှစ်မြို့ဟန်မရှိ။

"ဖေဖေ ဒါ ကိုကို့ချစ်သူပါ၊ ကိုကို့သဘောဆန္ဒအရ ရွေးချယ် ထားတဲ့အတွက် သားတို့လက်ခံသင့်ရင် လက်ခံရမှာပဲလေ"

"ငါ လက်မခံဘူး၊ သူ့ မြန်မာပြည်ကို ခြေစချကတည်းက လမ်းပေါ်မှာပဲ အချိန်ကုန်ပြီး လမ်းပေါ်မှာပဲတွေ့ခဲ့တဲ့ မိန်းကလေးမို့ မင်းအစ်ကိုနဲ့လုံးဝသဘောမတူနိုင်ဘူး"

ခက်ထန်မောက်မာလွန်းသောစကားမို့ ခါတော့်ရင်ကို စက် သေနတ်နှင့်တရစပ်ပစ်ခွင်းနေသလို နင့်နင့်နဲနဲနင့် အချစ်တွေစုဆောင်း သိုလှောင်ထားသော ရင်သည်၊မြင်ရက်စရာမရှိ စုတ်ပြတ်သတ်နေပြီ။

"ဖေဖေ ဟောဗျာ အဲလိုမျက်နှာမထောက်မပြောပါနဲ့ ခါတော် က မိန်းကလေးဆိုတာလည်း ထည့်တွက်ပါဦး"

"မတွက်နိုင်ဘူး မဖွတာ သောမတ်ကလည်း ငါတို့ကို ညှာမှာ မဟုတ်ဘူး၊ သူ့သားကို လမ်းပေါ်က မိန်းမတစ်ယောက်နဲ့လွှတ်ပေးတယ် ဆိုပြီးတော့လေ"

"ဒါတော့ သူ့ဟာသူကြိုက်သွားတာလေ၊ နောက်ပြီး ခါတော် က အခြေအနေအရ လမ်းပေါ်မှာရောက်နေပေမယ့် မိန်းမကောင်း တစ်ယောက်ပါ ဖေဖေ"

"မင်းက ဘာပေတံနဲ့တိုင်းလို့ ဒီမိန်းကလေးဟာ မိန်းမကောင်း မိန်းမဆိုးဆိုတာ သိရတာလဲ"

"ကျွတ် ဖေဖေရာ ပြောရကျပ်လိုက်တာ"



www.burmeseclassic.com

www.burmeseclassic.com



သားအဖနှစ်ယောက် ခါတော်ကြောင့် အခြေအတင်တွေဖြစ်နေကြသဖြင့် ခါတော် ဒီမှာဆက်ပြီး နေဖို့မသင့်တော့။

"ခါတော်ကြောင့် ပြဿနာမဖြစ်ကြပါနဲ့ရှင်၊ ခါတော် နုပဲ ဒီကထွက်သွားပေးပါ့မယ်"

ပါးပြင်ပေါ်သို့ မျက်ရည်စတို့ စေ့ဆင်းမလာခင် ခါတော်မှီ ညီခန့်ရှေ့မှ လှစ်ခနဲ ပြေးထွက်လာခဲ့လိုက်သည်။

"ဟင် ခါတော်မှီ နေပါဦး နေဦးလေ"

ခါတော် ရပ်နေဖို့မှမလိုတော့တာ ဒီတော့ လာရာလမ်းပေါ်ကိုသာ ခြေဆန့်ရဦးတော့မှာပေါ့။

ကာရိုလ်ရေ ခါတော့်ရင်မှာ ဒဏ်ရာတွေ တစ်ခုပြီးတစ်ခု ထင်ကျန်နေလို့ ဒီရင်ကအနာ ဘယ်မှာလာကျက်တော့မှာလဲ။

■ ■ ■

## အခန်း (၃၈)

"ခါတော်မှီ ခါတော်မှီ"

အနောက်မှပြေးလိုက်လာသော အဒေါ်ဖြစ်သူကို နွမ်းနယ်သော မျက်နှာဖြင့် လှည့်ကြည့်လိုက်သည်။

"ဟင် ဒေါ်လေး"

"ညည်း ဘယ်တွေလျှောက်သွားနေတာလဲအေ ငါ့မှာ ညည်းကို ရှာနေတာအေ့"

"ရှင် ဘာဖြစ်လို့လဲ"

"ညည်းအဖေ ရန်ကုန်ပြန်လာတဲ့လမ်းမှာ သွေးတွေအန်လို့ အခု ဆေးရုံတင်ထားရတယ်၊ ငါလည်း ခုပဲဆေးရုံက ပြန်လာတာ အခြေအနေသိပ်မကောင်းဘူး"

ကံဆိုးမသွားရာ မိုးလိုက်လို့ရွာဆိုသလို သောကရသည်တွေ

ဗျူတာဝေ

www.burmeseclassic.com

www.burmeseclassic.com



ခါတော့်အပေါ် ပုံချနေပုံများ လူကမတ်မတ်တောင် မရပ်နိုင်တော့။

"ခု ခု ဘယ်မှာလဲ ဒေါ်လေး၊ ဖေဖေ ဘယ်မှာလဲ ခါတော် ခုပဲသွားပါရစေ"

သောကဖိစီးမှုတွေကြောင့် မျက်နှာလေးချောင်ကျသွားသည့် တူမလေး၏အငိုမျက်နှာကိုအားနာစွာကြည့်လိုက်ပြီး

"ဒေါ်လေးနဲ့အိမ်ကိုလိုက်ခဲ့ပါဦးလားကွယ်၊ ပြီးရင် ဒေါ်လေး ဆေးရုံကိုတစ်ခေါက်ပြန်သွားမှာပဲ၊ အဲဒီကျမှပဲ တွေ့လိုက်ပါတော့"

"ဟင့်အင်း ခါတော် ခါတော် ခုပဲသွားတွေ့ပါရစေ ဒေါ်လေး ရယ်"

"သူ့ကို ရန်ကုန်ဆေးရုံကြီးမှာတင်ထားတာ၊ ဒါဆိုလည်း ညည်း သွားတွေ့လိုက် ရော့ လမ်းစရိတ်ယူသွား"

တစ်ထောင်တန်တစ်ရွက်ကို ကျစ်ကျစ်ပါအောင်ဆုပ်ပြီး ခါတော်မှီ ဒေါ်လေးရှေ့မှ ချာခနဲ လှည့်ထွက်ခဲ့လိုက်သည်။

"ဖေဖေ ခါတော်လာပြီ ခါတော်အတွက် အသက်ဆက်ရှင်ပေးပါဦး ဖေဖေရယ်၊ လမ်းမပေါ်မှာ နေလာခဲ့ရတဲ့ ခါတော့်ဘဝအမှောတွေကို ဖေဖေ့ရင်ငွေ့မှာ ဖြေဖျောက်ပါရစေတော့"

ရင်ထဲမှာ မအောင့်အီးနိုင်တော့ဘဲ လမ်းမပေါ်မှာပင် ဖေဖေ့ဆီ သွားတဲ့ ခြေလှမ်းတွေနှင့်အပြိုင် တဟီးဟီး ငိုချပစ်လိုက်သည်။

ဖေဖေရော ခါတော်ရော အဖြစ်ဆိုးလိုက်တာ ဖေဖေရယ်။

■ ■ ■



## အခန်း (၃၉)

BURMESE CLASSIC

"ကဲ သိန်းနှစ်ရာနဲ့ ကိုကို့ကို ပြန်ရွေးလာတဲ့အတွက် ခုကစပြီး ကိုကို့ကို ကျွန်တော်တို့ပိုင်သွားပြီနော်"

ကာရိုလ့်အား တရားခံတစ်ယောက်လို တစ်ဖက်တစ်ချက်စီမှ ဆွဲကိုင်ကာ ခေါ်လာသော မြင်ကွင်းကြောင့် ညီခန့် ရွှဲပြောလိုက်ခြင်းဖြစ်သည်။

အဲခွေအရုံတွေနှင့်ကားပေါ်တက်ထိုင်လိုက်ရပေမယ့် ကာရိုလ် မပျော်ပါ။

ခုချိန်မှာ ခါတော် ဘယ်ရောက်နေသလဲ၊ တစ်ယောက်ထဲ လမ်းပေါ်မှာလျှောက်သွားပြီး ဘယ်လောက်ကြောက်နေလိမ့်မလဲ၊ တွေးကြည့်ရုံနဲ့တင် ရင်မှာတဆစ်ဆစ် နာကျင်နေရသည်။



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာမှာ အပြုံးအရယ်တစ်စက်မရှိဘဲ တစ်ခုခုကို ပြင်းပြင်းထန်ထန် ခံစားနေရပုံပေါက်သဖြင့် ညီခန့် ရိုပ်မိပေမယ့် ဘယ်လိုမှ မတာတ်နိုင်။

ခါတော်သာ ဖေဖေ့ကြောင့် ထွက်မသွားဘူးဆိုလျှင် ခုချိန်မှာ ကိုကို့လက်ထဲကို ခါတော်မှီအား လက်ဆောင်အဖြစ် အပ်နှင်းလိုက်မှာပါ။

"ငါ အိမ်ကိုမလိုက်ချင်သေးဘူး ညီခန့်"

တည်ငြိမ်စွာ ပြောလာသော ကာရှိုလ့်ကို နားလည်သော အကြည့်ဖြင့်ကြည့်ပြီး

"ခါတော်မှီကို လိုက်ရှာချင်သေးလို့လား ကိုကို"

"မင်း မင်း ခါတော်မှီကိုသိတယ် ဟုတ်လား"

တအံ့တသြ မေးလိုက်သော ကာရှိုလ်အမေးကို ညီခန့် ခေါင်းညိတ်ဖြေလိုက်ပြီး ခါတော်နှင့်ဆုံခဲ့သည့် အဖြစ်အပျက်ကို ပြောပြလိုက်သည်။

အံ့ဩတာရော ဝမ်းသာတာရောပေါင်းပြီး ကာရှိုလ် ထခုန်မိမတတ် ပုံစံပြောင်းသွားသည်။

"ဒါ ဒါဆို ခါတော် ဘယ်မှာရှိလဲဆိုတာ မင်းသိတယ်ပေါ့"

မျှော်လင့်ချက်ဖြင့် မေးလာသော အမေးမို့ ခေါင်းခါရမှာ အားနာပါသည်။

"သူ ဖေဖေ့ကြောင့် အိမ်ကပြန်ထွက်သွားတယ်၊ ကျွန်တော်လည်း လိုက်ရှာနေတာပါပဲ လူလွှတ်ပြီးတော့လည်း ရှာခိုင်းထားတယ်၊





ကိုကို့ကို လက်ဆောင်အဖြစ်ပေးချင်လို့"

"ကျွတ် ဟာကွာ ငါ ငါ ခါတော့်ကိုအရမ်းတွေ့ချင်နေတာကွ၊ ခါတော့်ကိုမတွေ့ရမချင်း ငါ မြန်မာပြည်ကနေ မခွာတော့ဘူး"

ဆန္ဒတွေပြင်းပြလွန်းနေသော ကာရှိုလ်ကိုကြည့်ပြီး ညီခန့် ကိုယ်ချင်းစာသလို အားလည်းကျမိပါ၏။

လောကမှာ ကိုယ်ချစ်သောမိန်းကလေးနှင့်သာ ဆုံစည်းခွင့်ရခဲ့မည်ဆိုလျှင် ထိုယောက်ျားလောက် ကံကောင်းခြင်းတွေ ပြည့်နှက်နေတာ ရှိပါဦးမလား။

ညီခန့် ယုံကြည်နေပါသည်။ ကိုကိုနှင့်ခါတော်မှီ ပေါင်းကိုပေါင်းရမည်ဟု . . . ။

တကယ်တမ်း ပြီးပါပြီဟု စာတန်းထိုးခံရတာက ကိုကိုကာရှိုလ် မှမဟုတ်ခဲ့တာ၊ ညီခန့်သာလျှင် မစလိုက်ရသည့်အချစ်ဇာတ်လမ်း လေသံလေးပင် ဟခွင့်မရခဲ့ဘဲ တစ်ခန်းရပ်ခဲ့ရ၏။

"သူ့ဖွေ ဖုန်းလာနေတယ်လေ"

အတွေးချော်သွားသော ညီခန့်မှာ တပည့်ဖြစ်သူ သတိပေးမှ တတီတီမြည်နေသော ဖုန်းသံကို သတိထားမိသွားသည်။

ခေါင်းငိုက်စိုက်ချကာ စိတ်ပျက်နေသော ကာရှိုလ်ကို တစ်ချက်မျှ လှမ်းကြည့်ပြီး ဖုန်းထူးလိုက်သည်။

"ဟဲလို"

"ဟင် တ တကယ်လား၊ ဘယ်မှာရှိနေတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



ညီခန့် မျက်လုံးတွေ အရောင်တောက်လာကာ ကာရိုလ်ကို လှမ်းကြည့်သည်။

"အေး ငါတို့ခုပဲလာခဲ့မယ်၊ မင်း လုံးဝမျက်ခြည်မပြတ် စောင့်ကြည့်ထားပါ"

ဖုန်းကိုပိတ်လိုက်ပြီး ကာရိုလ်ကို ဝမ်းသာအားရ လှမ်းကြည့်လိုက်ပြီး

"ကိုကို ခါတော်မှီကိုတွေ့ပြီတဲ့"

## အခန်း (၄၀)

"ဖေဖေ့ကိုခွင့်လွှတ်ပါ သမီးရယ်၊ ငါ့သမီးလေး အိမ်ခြေယာခြေမဲ့ဖြစ်ရတာ ဖေဖေ့ကြောင့်ပါ၊ ခုတော့ ဖေဖေ့မိုက်ပြစ်တွေကို ဖေဖေခံနေရပါပြီ"

လေသံမှုသာပြောနိုင်တော့သော ဖခင်ဖြစ်သူကိုကြည့်ပြီး ခါတော်မှီ မျက်ရည်တို့ဆည်ကျိုးသလို လိမ့်ကျလာသည်။

"ဖေဖေရယ် စကားတွေ အရမ်းမပြောပါနဲ့ ဖေဖေ မောနေပါ့မယ်"

ဝေဒနာတွေနှင့် မျော့မျော့လေးသာရှိတော့သော ဖခင်ဖြစ်သူကို ခါတော် မကြည့်ရက်။ ဒီအချိန်မှာ ခါတော်ဒုက္ခတွေကို ရှုတ်ပြနေမယ့်အစား ဖေဖေ့ကိုစိတ်ချမ်းသာအောင်ထားရတော့မည်ဆိုတာ ခါတော်နားလည်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဖေဖေ မရှိတော့ရင် သမီးအဒေါ်နဲ့နေပါ၊ ဖေဖေ သူ့ကို သေသေချာချာ မှာခဲ့တယ်"

ရင်ထဲမှာ ဆို့တက်လာသည်။ ဒီအဒေါ်တာဝန်မယူခဲ့လို့ ခါတော် လမ်းပေါ်ရောက်ခဲ့သည်ကို ဖေဖေ့အား စကားနာထိုးမနေတော့။

အသက်ကို ခက်ခက်ခဲခဲ ရှူသွင်းနေရသော ဖခင်ဖြစ်သူ၏ နောက်ဆုံးအကြိမ်ကို သောကတွေ အပိုဆောင်းပြီးမပေးချင်တော့တာ ခါတော်ရဲ့နောက်ဆုံးသိတတ်မှုလေးပါ။

"စိတ်ချပါ ဖေဖေရယ်၊ ခါတော် ဒေါ်လေးနဲ့နေပါ့မယ်"

ငိုသံတို့ဖြင့် တုန်အက်နေသည်။ ခါတော်ဘဝ၏ ကူကယ်ရာမဲ့ လိုက်ပုံများ ပြောမွှယ်ရာမရှိတော့။ ဖေဖေသာ ခါတော့်ဘဝထဲက ထွက် သွားခဲ့ရင် ခါတော်လမ်းပေါ် ပြန်ရောက်ရဦးမှာပါ ဖေဖေရယ်။

တဖြည်းဖြည်း ငြိမ်သက်သွားသော ဖခင်ဖြစ်သူကို မျက်ရည် တွေ ဝေ့နေရင်းမှ အလန့်တကြား ကြည့်လိုက်သည်။ ရင်ဘတ်နေရာက စောစောကလို နိမ့်ချည်မြင့်ချည် မဖြစ်တော့။ မျက်လုံးအိမ်တို့သည် ပကတိ ငြိမ်သက်လျက် ခါတော့်ကို စိတ်မချ၍ စောင့်ကြည့်နေသလိုလို။ အရိုးပေါ်အရေတင် ချုံးချုံးကျလျက်ရှိသော ဖေဖေသည် ဝေဒနာတွေကို ဖယ်ခွာ၍ထားခဲ့လေပြီ။ ခါတော်မှ တုန်ယင်သော လက်အစုံဖြင့် ဖခင် ဖြစ်သူ၏နှာခေါင်းဝကို လက်ဖြင့်စမ်းလိုက်သည်။

အသက်ကငွေ့ငွေ့ပင်မရှူတော့။ ခါတော့်အတွက် ကမ္ဘာကြီး သည် ဝုန်းခနဲ ပြိုကျလေ၏။





"ဖေဖေ ခါတော့်ကို ထားခဲ့ပြီလား။ ခါတော် ဘယ်လိုလုပ်ရမလဲ ဖေဖေရယ်၊ နေစရာမရှိ စားစရာမရှိ ကျောခင်းစရာလေးတောင် မရှိ တော့တဲ့ ခါတော့်ဘဝထဲကနေ အခု ဖေဖေပါထွက်သွားရပြန်ပြီ၊ ကျေးဇူး ပြုပြီး ခါတော်ကိုပါ တစ်ခါတည်းခေါ်သွားပေးပါ၊ ခါတော် လိုက်ခဲ့ပါရစေ ခါတော် ကြောက်လို့ပါ ဖေဖေရယ်"

ကြေကွဲစွာဖြင့် ရှိုက်ကြီးတငင် ငိုကြွေးပြောဆိုနေသော ခါတော့် ဘဝသည် ပိန်းပိတ်အောင်မှောင်နေသော အနာဂတ်ထဲမှာ ဘယ်လို အသက်ဆက်ရှင်ရမလဲ။

ဆေးရုံခန်းထဲဝင်လာသော ခြေသံအချို့ကို ခါတော်ကြားနေရ သည်။ ဒေါ်လေးနှင့်နှာစ် ခါတော်ငိုသံကြား၍ ဝင်လာတာဖြစ်မည်ဟု ထင်နေ၍ ငိုခြင်းကို အရှိန်မသတ်ဘဲ စိတ်ထဲရှိသလိုသာ ငိုချလိုက်တော့ သည်။

ကာရိုလ်နှင့်ညီခန့် ကြေကွဲစရာကောင်းသော မြင်ကွင်းကိုတွေ့ ပြီး ခါတော့်မိုလေးကို ဘယ်လိုနှစ်သိမ့်မှုတွေ ပေးရမလဲ။

ခုတော့ ငိုပါစေဦးပေါ့။

နူးညံ့သော မခုံသားအိအိလေးပေါ်သို့ အားပေးနှစ်သိမ့်သော လက်တစ်ဖက်ဖြင့် ဆုပ်ကိုင်လိုက်သည့် ကာရိုလ်မျက်နှာမှာ တာဝန်ယူလို ခြင်းတွေအပြည့်။

မင်းဘဝလေး နချိန်ကစပြီး လမ်းပေါ်မှာ ရှင်သန်စရာ မလို တော့ပါဘူး ခါတော်ရယ်။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်အချစ်တွေနဲ့ မင်းရဲ့ဘဝကို ဆက်လက်ရှင်သန်စေရပါ့မယ်။

ကာရိုလ်မျက်နှာပြင်ပေါ်မှာ ဝမ်းနည်းတစ်ဝက် ဝမ်းသာတစ်ဝက်။

ငိုပါစေဦး။ ခါတော် စိတ်ကြိုက် ငိုလိုက်စမ်းပါ။ ငိုပြီးသွားပြီဆိုရင်တော့ ခါတော့်ဘဝမှာ နောက်ထပ်မျက်ရည်ဆိုတာ မရှိစေရတော့ပါဘူး။

မင်းဘဝလေးကို ကိုယ့်ဆီမှာ ယုံကြည်စွာအပ်နှင်းလိုက်ပါတော့။ ထာဝရ နွေးထွေးလုံခြုံသွားစေရပါ့မယ်။

လမ်းပေါ်မှာ ဆုံတွေ့ခဲ့ကြတဲ့ ဖြတ်သန်းမှုတစ်လျှောက်လုံးကိုတော့ ရိုမန့်ဆန်တဲ့အချစ်ဇာတ်လမ်းတစ်ပုဒ်အဖြစ် တစ်ချိန်ချိန်မှာ ပြန်ပြောပြီး ကြည်နူးကြရအောင်။

ပရိုသတ်အတွက်
အမြဲတမ်း
သျှိုး

မြူးတာယ